# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံ့စည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင်ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၃၀၂)


# လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ် ၈/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**

## လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ယနေ့ဖွဲ့စည်းလိုက်ပါသည်။ ဤလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ARSA အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်းစွပ်စွဲချက်များ၊ ယင်းနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည်ဖြစ်ပါသည်။ ကော်မရှင်ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(က) သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို ဥက္ကဋ္ဌ
ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း
ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့်
လက်ရှိအဖွဲ့ဝင်

(ခ) ဦးမြသိန်း အဖွဲ့ဝင်
ဥက္ကဋ္ဌဟောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ဂ) သံအမတ်ကြီး ကင်ဇိုအိုရှီးမား အဖွဲ့ဝင်
လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ
ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့်
အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း
ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း

(ဃ) ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် အဖွဲ့ဝင်
ယူနီဆက်အဆင့်မြင့်အရာရှိကြီးဟောင်းနှင့်
ကုလသမဂ္ဂဝန်ထမ်းကောလိပ်ကျောင်းအုပ်ကြီးဟောင်း

၂။ ကော်မရှင်ကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေနှင့်နည်းပညာ ကျွမ်းကျင်သူများက ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်သည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ(**အပေါ်ပုံ**) ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ရခိုင်ပြည်နယ် မြို့နယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် ဒေသကိုယ်စားပြု ဘက်စုံသုံး အဆောက်အအုံ (Community Hall) များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဘက်စုံသုံးအဆောက်အအုံများသည် ပြည်သူများ ဘေးကင်းခိုလှုံရာနေရာအဖြစ် လည်းကောင်း၊ စာသင်ကျောင်းအဖြစ်အသုံးပြု၍ လည်းကောင်း၊ လူမှုရေးအခမ်းအနားနှင့် ကျန်းမာရေးစောင့်ရှောက်မှု စင်တာနေရာအဖြစ် လည်းကောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ဒုတိယအကြိမ်မြောက် လန်ချန်း - မဲခေါင် တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးစွန့်ဦးတီထွင်မှုဆိုင်ရာ လူငယ်လေ့ကျင့်ရေးစခန်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူများအဖွဲ့ ဒုတိယဆုရရှိ

ပြည်တွင်းသတင်း စာ - ၄

## တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်တွင်းသတင်း စာ - ၁၀

## ကမ္ဘောဒီးယားနိုင်ငံတွင် ဝန်ကြီးချုပ်ဟွန်ဆန်၏ လက်ရှိအာဏာရပါတီ သောင်ပြို ကမ်းပြို အနိုင်ရ

နိုင်ငံတကာသတင်း စာ - ၁၄


C B BANK

SME LOAN
- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## မြန်မာ့အလင်း

# သစ်တောသုတေသနဌာန (ရေဆင်း)၏ ဂုဏ်ရောင်ပြောင် တိတ်ဆိတ်ဖန်တီးမှု

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ် အကြား စုစုပေါင်းသစ်တောဧရိယာ၏ ၁၉ ရာခိုင်နှုန်းခန့်အား ဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးရစဉ်က မြန်မာနိုင်ငံဧရိယာ၏ (၇၀) ရာခိုင်နှုန်းခန့်အား သစ်တောများဖုံးလွှမ်းခဲ့သော်လည်း ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၄၈ ရာခိုင်နှုန်းကျော်ခန့်သာ ရှိပါတော့သည်။ ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ သစ်တောပြန်းတီးမှုပြဿနာကို မှန်းဆကြည့်နိုင်ပါသည်။

သစ်တောပြန်းတီးမှုသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည် ပြည်သူလူထု၏ ဘဝနေထိုင်ရပ်တည်ရေးအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေပါသည်။ သို့ဖြစ်ပါ၍ သစ်တောပြန်းတီးမှုပြဿနာအား အလေးအနက် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်မှာ ရှင်းပြရန်မလိုအပ်သောကိစ္စရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သစ်တောပြန်းတီးမှုပြဿနာအား ကိုင်တွယ်ဖြေရှင်းရာ၌ ကျေးလက်ဒေသများတွင် ထင်း၊ မီးသွေးအသုံးပြုမှုသည် အခြေခံကျသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထင်း၊ မီးသွေးအသုံးပြုမှုအား လုံးဝဖယ်ရှားနိုင်သည့်တိုင် လျှော့ချနိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ သစ်တောပြန်းတီးမှုပြဿနာအား ကိုင်တွယ်ဖြေရှင်းရာ၌ ထိရောက်သောပုံပိုးမှုတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနအောက်ရှိ သစ်တောသုတေသနဌာန (ရေဆင်း)က ထင်းလောင်စာအသုံးပြုရမှုသက်သာသည့် အိမ်သုံးမီးဖိုများ စမ်းသပ်ပြုလုပ်ခြင်း သုတေသနလုပ်ငန်းကို ၁၉၈၆ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်၌ အိမ်သုံးထင်းမီးဖိုတစ်မျိုးကို စတင်စမ်းသပ်ခဲ့ပါသည်။ ဤကဲ့သို့စမ်းသပ်ရာ၌ အာရှဒေသဆိုင်ရာ ထင်းလောင်စာစွမ်းအင်ဖွံ့ဖြိုးမှုအစီအစဉ်မှ သစ်တောသုတေသနဌာနသို့ ပေးပို့ခဲ့သည့် အိမ်သုံးထင်းမီးသွေးပုံစံအမျိုးမျိုးအား အခြေခံပြီး စမ်းသပ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ စမ်းသပ်မှုများအပေါ်အခြေခံလျက် ကြာရှည်ခံနိုင်ရည်ရှိသည့် မီးဖိုပေါင်း ၅၀၀ ကို စမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။ ဤကဲ့သို့ကြာရှည်ခံနိုင်ရည်ရှိရန် ရရှိခဲ့သော အတွေ့အကြုံများအပေါ်အခြေခံလျက် ရှမ်းစပါးခွံနှင့် ဖွဲပြာတို့ကို အကောင်းဆုံးသော အချိုးအစားတစ်ခု၌ ရောစပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဤထင်းမီးသွေးမီးဖို ၅၀၀ ခန့်အား ဘေးပတ်ဝန်းကျင်ဒေသများသို့ ဖြန့်ဝေသုံးစွဲစေလျက် တွေ့ရှိချက်များနှင့်အညီ လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။ သစ်တောသုတေသနဌာနသည် ဤထင်းမီးသွေးမီးဖိုတို့ကို စီးပွားဖြစ်ထုတ်လုပ်ရန် စက်ရုံတစ်ရုံကို ၁၉၉၄ ခုနှစ် အောက်တိုဘာလတွင် စတင်လည်ပတ်ခဲ့ပါသည်။ ဤစက်ရုံမှ ထုတ်လုပ်သော ထင်းမီးသွေး မီးဖိုအမျိုးအစားကို ပြည်သူတို့အကြား "အေဝမ်းစွမ်းအားမြင့်မီးဖို"ဟု လူသိများပါသည်။ အဆိုပါ အေဝမ်းစွမ်းအားမြင့်မီးဖိုသည် ပြည်သူလူထုကြား အသိအမှတ်ပြုမှုများဖြင့် ရပ်တန့်မနေတော့ပါ။ အေဝမ်းစွမ်းအားမြင့်မီးဖိုအား ၂၀၁၈ ခုနှစ်၏ အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဆုရှင်အဖြစ် ဆုရွေးချယ်ရေးအဖွဲ့က ၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဤဆုသည် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်၌ မျှားစွာ ဂုဏ်သိက္ခာကြီးမားသော ဆုဖြစ်ပါသည်။ အေဝမ်းစွမ်းအားမြင့်မီးဖိုသည် ထင်းလောင်စာအသုံးပြုမှုအား ၄၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်သည်ဖြစ်၍ မြန်မာနိုင်ငံ၏ သစ်တောပြန်းတီးမှုကို သိသိသာသာ လျော့ကျစေမည်ဖြစ်ပါသည်။ တစ်ဖက်၌လည်း ကျေးလက်ပြည်သူတို့၏ ထင်းခွေချိန်ကို မျှားစွာလျော့နည်းသက်သာစေသောကြောင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားရေးအခြေအနေအရပ်ရပ်ကို မြင့်မားတိုးတက်စေမည်ဖြစ်ပါသည်။ ဤကဲ့သို့ တိုင်းပြည်အတွက် မျှားစွာအကျိုးများစေသည့် အေဝမ်းစွမ်းအားမြင့်မီးဖိုအား တီထွင်ဖန်တီးခဲ့သည့် သစ်တောသုတေသနဌာန (ရေဆင်း)ကို ဂုဏ်ပြုချီးကျူးပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

### ကျေးလက်ရုံးလုပ်ငန်းများစစ်ဆေး

**စစ်တွေ ဇူလိုင် ၃၀**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ခရိုင်ကျေးလက် ဒုတိယညွှန်ကြားရေးမှူးဦးဦးစောဝေနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ပုဏ္ဏားကျွန်း ကျေးလက်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ခြောက်လ ဘတ်ဂျတ်၏ ပထမ သုံးလလုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေကို ကျေးလက်ဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ လုပ်ငန်းလိုအပ်ချက်များကို စစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ကမ္ဘာ့အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၃၀**

ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းအရ နာတာရှည် အသည်းရောင်အသားဝါ ဘီပိုး ကူးစက်ခံထားရသူ လူဦးရေသန်း ၂၄၀ ခန့်ရှိပြီး စီရောဂါပိုး ကူးစက်ခံရသူ သန်း ၇၀ ခန့်ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ် စာရင်းအရ နာတာရှည် အသည်းရောင်အသားဝါ ဘီပိုး ကူးစက်ခံထားရသူ ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် စီပိုးရှိသူ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ကို သိရကြောင်း၊ အဆိုပါရောဂါ ဖြစ်ပွားမှုများတွင် အများဆုံးမြို့များစာရင်း၌ မြစ်ကြီးနားမြို့လည်း ပါဝင်ကြောင်းဖြင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဇူလိုင် ၃၀ ရက်နံနက် ၉ နာရီက မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ပြုလုပ်သည့် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ ၂၀၁၈ ခုနှစ် အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စိုးက အမှာစကား ပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရှေ့တောင် အာရှဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး (မြန်မာနိုင်ငံ)မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရာရှိ ဒေါက်တာ အေးမြတ်စိုးက ဖတ်ကြားကာ အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်သည့် ပညာပေး မှတ်တမ်းဗီဒီယို ဖွင့်လှစ်ပြသခဲ့သည်။

ဆက်လက်၍ ရန်ကုန်အထူးကုဆေးရုံကြီး အသည်းအထူးကုဌာန ဆရာဝန်ကြီး ဒေါက်တာ ခင်နိုင်သင်းက အသည်းရောင်အသားဝါ သိကောင်းစရာများနှင့် ရောဂါကာကွယ်ကုသရေး အတွက် လိုက်နာရမည့် အချက်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်အကယ်ဒမီ လူမင်းက အသည်းရောင်အသားဝါ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူလူထု လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းတင်ပြကာ အမျိုးသား အသည်းရောင်အသားဝါ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံချက်နှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ အသည်းရောင်အသားဝါ ရောဂါ ဘီပိုးနှင့် စီပိုးစစ်ဆေးပေးခြင်းနှင့် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မင်းကင်းမြို့ ချင်းတွင်းမြစ်ကမ်းနံဘေး၌ ရေဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**မင်းကင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများ ဆုံးရှုံးပျက်စီးမှု နည်းနိုင်သမျှ လျော့နည်းစေရန် ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားသော ရေဘေးကြိုတင်ကာကွယ်ရေးကော်မတီများ ပူးပေါင်းကာ ရေဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇူလိုင် ၃၀ ရက်က မင်းကင်းမြို့ အမှတ် ၁ ရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးရှိ စည်ပင်သာယာပိုင်မြေကွက်ပေါ်၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်က သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ ပြည်သူများကလည်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တင်ပြပေးထားသော ရာသီဥတုအခြေအနေနှင့် မိုးရေချိန်၊ မြစ်ရေချိန် အမှတ်များအား အချိန်နှင့်တစ်ပြေးညီတင်ပြပေးမှုများကို ဂရုစိုက်ကြည့်ရှုလေ့လာကြစေလိုကြောင်း၊ သဘာဝ ရေဘေးကျရောက်ပါက ရှောင်ရန် ဆောင်ရန်များကို အသိပညာပေး ရှင်းလင်းခြင်းနှင့် ရောင်ရောက်သည့် ရေအမှတ်အလိုက် ကြိုတင်ပြင်ဆင်ထားရမည့် အနေအထားများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ခရိုင်အတွင်း ယခင်နှစ်များက ရေကြီးရေလျှံမှုကို သင်ခန်းစာယူ၍ စံနမူနာအဖြစ် ပြုလုပ်ခြင်းဖြစ်ရာ ရေဘေးကျရောက်လာပါက ဖွင့်လှစ်မည့် ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းသယ်ယူပို့ဆောင်ပေးခြင်း၊ နေရာချထားခြင်း၊ အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေကျပြီးပါက မူလနေရာသို့ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြပေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

### ထင်သာမြင်သာပြုပြင်စရာ

# သာယာဝတီ မြို့လယ်ကောင်ရှိ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ ရှင်းလင်းပေးစေလို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့လယ် ကားဂိတ် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးတွင် အမှိုက်များစည်းကမ်းရှိစွာစွန့်ပစ်နိုင်ရန် အမှိုက်ပုံးကြီးချပေးထားသော်လည်း အမှိုက်များကို စည်းစနစ်ကျနစွာ ပုံးအတွင်းမစွန့်ပစ်ဘဲ ကြဲသလို ပစ်နေကြကြောင်း၊ ထိုသို့ ကြဲသလိုပစ်နေကြသော အမှိုက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ အချိန်မီသိမ်းဆည်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများ မရှိသောကြောင့် မြို့တော်သန့်ရှင်းသာယာရေး၊ မိုးတွင်းအခါ ရေစီးရေလာ ကောင်းမွန်ရေးနှင့် အနီးပတ်ဝန်းကျင်ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ရှင်းလင်းဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

**ဧယျာဝတ္ထန်း(ကြိုပ်ကောက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈) ကို ယနေ့ မွန်းလွဲ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှု၊ အခက်အခဲနှင့် အားနည်းချက်များကို ဝိုင်းဝန်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကော်မတီများအချင်းချင်း ချိတ်ဆက်ပြီး မိမိတို့၏ ကော်မတီလုပ်ငန်းများကို ပိုမိုအောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးတွင် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ ကျင်းပလျက်ရှိသည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပေးတင်ပြလိုသည်များရှိပါကြောင်း၊ လွှတ်တော်ကော်မတီများသည် လွှတ်တော်၏ ကျောရိုးတစ်ခုဖြစ်သည်နှင့်အညီ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် လွှတ်တော်၏ စွမ်းဆောင်ရည် တစ်နေ့ထက်တစ်နေ့ အရည်အသွေးပိုမိုမြင့်မားလာရေးအတွက် လွှတ်တော်ကော်မတီများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန်လိုအပ်ပြီး တိုင်းပြည်၏အရွေ့ကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအား ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဘင်းမ်စတက်ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၀**

**အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာစေရေး ဘင်းမ်စတက်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ဆွေးနွေးပြောကြားသည်။** (အောက်ပုံ)

ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသည် စိုက်ပျိုးရေးကိုအဓိကထားသည့် စီးပွားရေးနိုင်ငံများဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာစေရေးသည် အရေးကြီးကြောင်း၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံစေရေး၊ ဆင်းရဲမှုပပျောက်စေရေးနှင့် အားလုံးပါဝင်ပြီးရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းများတွင် လုပ်ကွက်ငယ်တောင်သူများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာတန်ဖိုးကွင်းဆက်သည် ကမ္ဘာလုံးဆိုင်ရာ စျေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုအား အဆုံးအဖြတ်ပေးသည့် အချက်ဖြစ်သည့်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် လုပ်ကွက်ငယ်တောင်သူများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး ဦးဟန်သိန်းကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဘင်းမ်စတက်နိုင်ငံများ၌ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ပါဝင်ပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့က ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပြောင်းလဲတိုးတက်လာစေရေးဆောင်ရွက်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍများကပါ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးအနေဖြင့် မိမိတို့နိုင်ငံများ၌ စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အကျိုးတူ လယ်ယာစနစ်ဖွံ့ဖြိုးလာရေး၊ ဆန်စပါးနှင့် ပဲအမျိုးမျိုးတို့၏ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အားနည်းချက် အားသာချက်များ သုံးသပ်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများ မျှဝေနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နိုင်ငံအလိုက် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ လုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ၏ လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဌ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ ODA ချေးငွေ အကူအညီပေးအပ်ထားသည့် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးစီမံကိန်းအတွက် ရထားတွဲဝယ်ယူရေးဆိုင်ရာကိစ္စများနှင့် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး အဆင့် (၂) ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

**၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်) ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာတွင် ယခုနှစ်သည် ဘဏ္ဍာရေးနှစ်အသစ်စတင်အသုံးပြုမည့်နှစ် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုပြီးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်က ပြန်လည်အတည်ပြုရမည်ဖြစ်သည့်အတွက် အချိန်လုံလုံလောက်လောက်ရရန် လိုပါကြောင်း၊ စိစစ်ရေးပူးပေါင်းကော်မတီများက အချိန်မီပေးနိုင်မှသာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီများက လွှတ်တော်ကို အချိန်မီတင်သွင်းနိုင်ပြီး လွှတ်တော်တွင်ဆွေးနွေးနိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ဘတ်ဂျက်နှင့်ပတ်သက်၍ အချိန်ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်ရန် အရေးကြီးသည့်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ကို ၁၇ ဖွဲ့အစား အဖွဲ့ ၂၀ သို့ တိုးချဲ့ဖွဲ့စည်းထားကြောင်း၊ ဘတ်ဂျက်စိစစ်သည့်နေရာတွင် လွှတ်တော်က သေသေချာချာ လေ့လာစိစစ်သည့်အတွက် နိုင်ငံတော်၏ငွေကြေးများ အလဟဿမဖြစ်ဘဲ မျှားစွာအကျိုးရှိသည်ကို သိရှိရပါကြောင်း၊ ယခုနှစ်တွင် ဘတ်ဂျက်ကို အနည်းဆုံးသုံးစွဲမှုထက် ထိထိရောက်ရောက် မှန်မှန်ကန်ကန် အများအကျိုးရှိအောင် သုံးစွဲမှုကိုအဓိကထားစေလိုကြောင်း၊ ငွေကြေးသက်သာစေလိုမှုဖြင့် အဆင့်အတန်းမမီသော စီမံကိန်းများကို အကောင်အထည်ဖော်ပါက ရေရှည်တွင် နိုင်ငံတော်အတွက် အကျိုးမရှိပါကြောင်း၊ ငွေကြေးနည်းနည်းသုံးစွဲခြင်းသည် အဓိကမဟုတ်ပါကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံအတွက် အကျိုးဖြစ်အောင် အဓိကထားဆောင်ရွက်စေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လမ်းညွှန်မှာကြားထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့တာဝန်ယူစိစစ်ရမည့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအလိုက် ပြည့်ပြည့်စုံစုံစိစစ်ပြီး သတ်မှတ်ချိန်အတွင်း အစီရင်ခံစာတင်သွင်းနိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မိမိတို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ပန်ကြားလွှာပါ အကြံပြုချက်များနှင့် အညီ စိစစ်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်များနှင့်အညီ စိစစ်ရေး ပူးပေါင်းအဖွဲ့များမှ အစီရင်ခံစာများပေးပို့ကြရန် လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် လန်ချန်း - မဲခေါင် တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးစွန့်ဦးတီထွင်မှုဆိုင်ရာ လူငယ်လေ့ကျင့်ရေးစခန်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူများအဖွဲ့ ဒုတိယဆုရရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ဒုတိယအကြိမ်မြောက် လန်ချန်း-မဲခေါင် တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးစွန့်ဦးတီထွင်မှုဆိုင်ရာ လူငယ်လေ့ကျင့်ရေးစခန်းကို ဇူလိုင် ၁၈ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဖူဒါန်တက္ကသိုလ်နှင့် တရုတ်နိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးကျွန်းဖြစ်သည့် ချုံမင်ကျွန်း၌ ကျင်းပခဲ့ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော တရုတ်နိုင်ငံမှ အသင်းနှစ်သင်း၊ မြန်မာနိုင်ငံမှ အသင်းတစ်သင်း၊ လာအိုနိုင်ငံမှ အသင်းတစ်သင်း၊ ထိုင်းနိုင်ငံမှ အသင်းနှစ်သင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အသင်းနှစ်သင်းနှင့် ဗီယက်နမ်နိုင်ငံမှ အသင်းနှစ်သင်း စုစုပေါင်း အသင်း ၁၀ သင်းနှင့် အသင်းတစ်သင်းလျှင် အဖွဲ့ဝင်သုံးဦးစီ ပါဝင်သော ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀ ပါဝင်ခဲ့သည်။

**မြန်မာနိုင်ငံကိုယ်စားပြု ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တက္ကသိုလ်မှ ဆရာမများနှင့် ဆုရ ကျောင်းသူများအဖွဲ့။**

အဆိုပါအသင်း ၁၀ သင်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီက လာအိုနိုင်ငံ Vientiane မြို့ရှိ လာအိုအစိုးရတက္ကသိုလ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မဲခေါင်ဒေသအစိုးရ၏ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်ဒေသလူငယ်များ၏ တီထွင်ဆန်းသစ်မှုဆိုင်ရာ ပရောဂျက်ပြိုင်ပွဲ (YICMG: Youth Innovation and Competition on Mekong Governance and Development 2018)တွင် ခရီးသွားလုပ်ငန်းနှင့် အခြားပတ်ဝန်းကျင်ကို အန္တရာယ်မပြုသော စီးပွားရေးလုပ်ငန်းများ (Tourism and Other Green Industries) ခေါင်းစဉ်ဖြင့် ပရောဂျက်အသီးသီးကို တင်ပြခဲ့ရာ ဆုရရှိခဲ့ကြသော အဖွဲ့များဖြစ်သည်။ ထိုသို့ဆုရရှိခဲ့သော အသင်းများ၏ ပရောဂျက်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် လူငယ်စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်းများပို့ချပေးပြီး မိမိတို့၏ ပရောဂျက်အသီးသီးကို လေ့ကျင့်စခန်းကာလအတွင်း ပြန်လည်ဆန်းသစ်တိုးတက်စေရန် ပြင်ဆင်စေကာ ပြိုင်ပွဲထပ်မံကျင်းပပြီး ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလက ကျင်းပခဲ့သော YICMG 2018 တွင် The Most Valuable Issue Award ကို ရရှိခဲ့သည့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ မမေမြတ်နိုး၊ ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနမှ မမေသူစိုးနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ မမေမြတ်နိုးတို့သည် ရှန်ဟိုင်းမြို့ ဖူဒါန်တက္ကသိုလ်တွင် ကျင်းပသော လေ့ကျင့်ရေးစခန်းသို့ ထပ်မံတက်ရောက်ရန် ဖိတ်ခေါ်ခြင်းခံရပြီး ထပ်မံဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်တက္ကသိုလ် အဖွဲ့မှ Implementation of Eco-friendly Hotel ခေါင်းစဉ်ဖြင့် ဒုတိယဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လူငယ်များ၏ စီးပွားရေးဆိုင်ရာ စွန့်ဦးတီထွင်မှုကို များစွာထောက်ပံ့ပေးထားကြောင်း သိရှိရပြီး မဲခေါင်ဒေသတွင်းရှိ လူငယ်များ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

YICMG ပရိုဂရမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူဒါန်တက္ကသိုလ်မှ ဦးစီးပြုလုပ်ပြီး ရန်ကုန်တက္ကသိုလ်နှင့် ချိတ်ဆက်ထားသော ပရိုဂရမ်တစ်ခုဖြစ်သည်။ တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြီး ဆုရရှိသည့်အသင်းများအား ထပ်မံလေ့ကျင့်သင်ကြားကာ ပြန်လည်ယှဉ်ပြိုင်ရသော အစီအစဉ်တစ်ခု ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့၌ စာပေစကားဝိုင်း ကျင်းပ

**လွိုင်လင် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က ကွန်ပျူတာတက္ကသိုလ်၌ စာပေစကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်ခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရွှေမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ ဒုတိယဦးစီးမှူး ဒေါ်နန်းသန္တာဦးက ဆရာ အောင်သင်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။

"စာဖတ်ဝိုင်းကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေ စာဖတ်တဲ့အလေ့အကျင့်တွေ ရရှိလာဖို့၊ စာအုပ်ကို ဖတ်ပြီး ဝိုင်းဖွဲ့ဆွေးနွေးပြီး အမျိုးမျိုး အဖုံဖုံ ရှုထောင့်စုံကနေ ကြည့်တတ် မြင်တတ်ဖို့၊ စာဖတ်ရည်ဝ လာဖို့အသိဉာဏ်ဗဟုသုတ မြင့်မားလာစေဖို့နဲ့ စာပေကရတဲ့ အသိဉာဏ်ဗဟုသုတတွေကို အများအကျိုးသယ်ပိုးတဲ့နေရာမှာ အသုံးချဖို့ ဖြစ်ပါတယ်" ဟု ဒေါ်ရွှေရွှေမြင့်က ပြောသည်။

ထို့နောက် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် (သန်းသန်းညွန့် - လွိုင်လင်)က ဦးဆောင်၍ ရွေးချယ်ထားသည့် ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးရွာသွန်းမှုကြောင့် ထားဝယ်ခရိုင်ရှိ အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားရ

**ထားဝယ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မိုးမအဆက်မပြတ် ရွာသွန်းမှုကြောင့် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းမှစ၍ မြစ်ရေ၊ ချောင်းရေ၊ မြောင်းရေများမှတစ်ဆင့် ရေကြီးရေလျှံမှုများနှင့် လမ်းရေကျော်မှုများ ဖြစ်ပွားလျက်ရှိပြီး ထားဝယ်ခရိုင်ရှိ အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မြို့အတွင်း မြေနိမ့်ပိုင်းရှိရပ်ကွက်များမှ နေအိမ်အချို့နှင့် လမ်းများတွင် မြောင်းရေလျှံမှုများ ဖြစ်ပွားလျက်ရှိပြီး ချောင်းရေများမှတစ်ဆင့် လမ်းအချို့၌ လမ်းရေကျော်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့အပြင် ထားဝယ်ခရိုင်အတွင်းရှိ ရေဖြူမြို့နယ် ရှမ်းဖမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းနှင့် သရက်ချောင်းမြို့နယ် အိမ်ရှေ့ပြင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းတို့တွင် ကျောင်းအတွင်း ရေများဝင်ရောက်လာမှုကြောင့် ခေတ္တပိတ်ထားရပြီး ပျက်စီးဆုံးရှုံးမှုမရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ မိုးရေချိန်မှာ ၁၀ ဒသမ ၅၅ လက်မရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

သတင်းအချက်အလက်စင်တာများ၊ လူငယ်စင်တာများ စသည်ဖြင့် ဘက်စုံအသုံးပြု ဆောင်ရွက်နိုင်ပြီး ရခိုင်ပြည်နယ်အတွင်း မြိုနယ်များရှိ ကျေးရွာအုပ်စုကြီးများတွင် လိုအပ်လျက်ရှိပါကြောင်း။

## ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုတွင် Shelter ၈၇ လုံး ဆောက်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်သူများအတွက် အသုံးဝင်သည့် ဘက်စုံသုံးအဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာ ဆောက်လုပ်ပြီးစီးမှု ၂၄ လုံးရှိပြီး ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန်ကျန် အလုံး ၃၀၊ ဘဂ်လားဒေ့ရှ်နိုင်ငံမှ ထောက်ပံ့ငွေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူဆောက်လုပ်နေဆဲ လေးလုံးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တင်ဒါစနစ်ဖြင့် ၂၆ လုံး ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် ၅၇ လုံး၊ ရခိုင်ပြည်နယ်တွင် ၂၆ လုံး၊ ရှမ်းပြည်နယ်တွင် တစ်လုံး၊ ချင်းပြည်နယ်တွင် သုံးလုံး စုစုပေါင်း Shelter ၈၇ လုံး ဆောက်လုပ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လုပ်ငန်းအပ်နှံရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွက် တင်ဒါအောင်မြင်ပြီးသည့် Shelter ၂၆ လုံး ဆောက်လုပ်ပြီးစီးမည်ဆိုလျှင် ရခိုင်ပြည်နယ်အတွက် Shelter ၅၄ လုံး ရှိလာမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ပိုမိုကျ ရောက်လွယ်သည့် မြိုနယ် ၁၁ မြိုနယ်၊ ကျေးရွာ ၅၄ ရွာတို့တွင် အမှန်တကယ်လိုအပ်၍ ဆောက်လုပ်ထားသည့် ဆိုင်ကလုန်း Shelter များ၌ ကိုယ်စားလှယ်ကြီး မေးမြန်းချက်တွင် ပါရှိသည့် ကျေးလက်နေပြည်သူများအတွက် လိုအပ်လျက်ရှိသည့် ဒေသကိုယ်စားပြုဘက်စုံသုံးများအဖြစ် အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူလူထု သွားလာမှုအဆင်ပြေစေရန်နှင့် ကားကျပ်တည်းမှုများ လျော့ပါးစေရန်အတွက် Inner Ring Road ပြုလုပ်ရန် အစီအစဉ်ကို မည်သို့စီမံကိန်းချပြီး ဆောင်ရွက်မည်ကိုသိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်မိုးပျံအမြန်လမ်း ပထမအဆင့်အနေဖြင့် Expression of Interest (EOI)ကို တင်သွင်းရန် နိုင်ငံတော်ပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်တွင် တင်ဒါပိတ်မည်ကို သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ သတ်မှတ်ထားသည့် နောက်ဆုံးနေ့အထိ ပြည်တွင်း၊ နိုင်ငံတကာကုမ္ပဏီနှင့် အဖွဲ့အစည်း စုစုပေါင်း ၅၃ ခုမှ စိတ်ဝင်စားမှုလျှောက်လွှာ EOI များ တင်ပြခဲ့ပါကြောင်း။

စီမံကိန်းဒုတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ် သြဂုတ်လတွင် Request for Qualification (RFQ)ကိုခေါ်ဆိုသွားမည်ဖြစ်ပြီး RFQ အဆင့်အောင်မြင်သွားသည့် ကုမ္ပဏီများကို စီမံကိန်းတတိယအဆင့်အနေဖြင့် ၂၀၁၈ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် Request For Proposal (RFP)ကိုဆက်လက်ခေါ်ယူသွားမည် ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်ဖြစ်သည့် Bidder Winning Award and Contracting ကို ၂၀၁၉ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်သွားမည် ဖြစ်ပြီး နောက်ဆုံးအဆင့်ဆောင်ရွက်ပြီးသည်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

တင်ပြခဲ့သည့်အတိုင်း စီစစ်ရွေးချယ်ခြင်း အဆင့်ဆင့်ကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဆုံးပိတ်အောင်မြင်သည့် ကုမ္ပဏီအနည်းဆုံးတစ်ဖွဲ့သို့မဟုတ် အများဆုံး လေးဖွဲ့အတွင်းတွင် အတည်ပြုရွေးချယ်ပြီး ၂၀၁၉ ခုနှစ် အစပိုင်းတွင် Inner Ring Road ကိုစတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် အချိန်မှစတင်၍ သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းလုပ်ငန်းကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်သွားမည်မဟုတ်ဘဲ နိုင်ငံတကာကုမ္ပဏီများ၏ ကိုယ်ပိုင်အရင်းအနှီးဖြင့် ထည့်ဝင်ဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်း။

## မော်တော်ယာဉ်များထံမှ လမ်းဖြတ်သန်းခ ကောက်ခံပြီး အရင်းကျေရန်နှင့် အကျိုးအမြတ်ရရန် စီမံသွားရမည့်စနစ်ဖြစ်

ပြန်လည်ရရှိမည့် ငွေကြေးစနစ်အနေဖြင့် Inner Ring Road ကို အသုံးပြုသွားလာမည့် မော်တော်ယာဉ်များထံမှ လမ်းဖြတ်သန်းခကောက်ခံပြီး အရင်းကျေရန်နှင့် အကျိုးအမြတ်ရရန်တို့ကို စီမံဆောင်ရွက်သွားရမည့်စနစ်ပင် ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်အဆင့်အလိုက် တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အသေးစိတ်အစီအစဉ်များကို တစ်ဆင့်ချင်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **အမြန်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြိုနယ်ချင်းဆက်လမ်းနှင့် ကျေးရွာချင်းဆက်လမ်း လမ်းဟောင်းများ ပြင်ဆင်ရာတွင်လည်းကောင်း၊ လမ်းသစ်များဖောက်လုပ်ရာတွင် လည်းကောင်း နိုင်ငံတကာအဆင့်အရည်အသွေးရှိ လမ်းများကဲ့သို့ စနစ်ကျပြီး ကုန်ကျစရိတ် သက်သာစေရန် လမ်းဒီဇိုင်းပြင်ဆင်ခြင်းနှင့် လမ်းကြောင်းကို ဖြောင့်တန်းစွာ ဖောက်လုပ်သွားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း က နိုင်ငံတကာအဆင့်မီလမ်းများကဲ့သို့ ဆောင်ရွက်ရန် နည်းပညာများ သိရှိနားလည်ထားသော်လည်း မိမိတို့နိုင်ငံ၏ ရန်ပုံငွေ အခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းကို တစ်နိုင်ငံလုံး အတိုင်းအတာအရ စနစ်ဟောင်းကိုသာ ယနေ့တိုင် အသုံးပြုနေရခြင်း ဖြစ်ပါကြောင်း။

## ကိုယ်ကျိုးစီးပွားများရှာပြီး မသမာမှုပြုလုပ်ပါက ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်

မိမိတို့နိုင်ငံ၏ လမ်းတစ်မိုင် အသုံးစရိတ်သည် အိမ်နီးချင်းနိုင်ငံ၏ လမ်းတစ်မိုင် ပေါ်တွင်သုံးသည့် အသုံးစရိတ်၏ ၇၀ပုံ ၁၀ သာ အများဆုံး သုံးနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံအတွင်းရှိ လမ်းများအား နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိ စေရန် ကမ္ဘာ့အဆင့်မီ မဖောက်လုပ်နိုင်သေးသော်လည်း မိမိတို့လက်ရှိလုပ်နေသည့်

ဒုတိယဝန်ကြီး ဦးစိုးအောင် ရှင်းလင်းဖြေကြားစဉ်။

ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းစဉ်။

ဒီဇိုင်းအနေဖြင့်လည်း လမ်းများမပေါက်မီ အောက်ခံမြေသားကို ဓာတ်ခွဲခန်းသို့ ယူဆောင်၍ Soil Test လုပ် စမ်းသပ်စစ်ဆေးပါကြောင်း၊ ယင်းအောက်ခံမြေသားနှင့် လိုက်လျောညီထွေဖြစ်စေမည့် Penetration Macadam သော်လည်းကောင်း၊ DBST သော်လည်းကောင်း၊ ကွန်ကရစ်လမ်းလုပ်ငန်းသော်လည်းကောင်း ဒီဇိုင်းဆွဲပေးပြီး ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ဒီဇိုင်းအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း မိမိတို့ဌာနတွင် ရှိသည့် ဓာတ်ခွဲခန်းမှ ကျွမ်းကျင်ပညာရှင်များမှ ကွင်းဆင်းစစ်ဆေးခြင်း၊ Quality Control (QC)စစ်ဆေးခြင်းတို့ကို အဆင့်ဆင့် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ အကယ်၍ ကွင်းအင်ဂျင်နီယာများအနေဖြင့် ဒီဇိုင်းအတိုင်းမလုပ်ဘဲ ကိုယ်ကျိုးစီးပွားများရှာပြီး မသမာမှုပြုလုပ်ပါကလည်း ဌာနအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အားလုံးရှိ လမ်း/တံတားကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အပြန်အလှန်ညှိနှိုင်း ပေါင်းစပ်ထိန်းကျောင်း လမ်းညွှန်ပေးခြင်းကိုခံယူ၍ အကောင်းဆုံးဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်နှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက **ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် BOT(Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါစည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှုမရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာလာစေရေးစီမံခန့်ခွဲ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်-ပုဂ္ဂလိကပူးပေါင်းသည့် PPP(Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ၁၉၉၆ ခုနှစ်က စတင်၍ မိမိတို့ တိုင်းပြည်အတွက် စီးပွားရေးရာ မဟာဗျူဟာကျသည့် လမ်းမကြီးများကို ပုဂ္ဂလိကကုမ္ပဏီများလက်ဝယ် BOT စနစ်ဖြင့် လွှဲပြောင်းလုပ်ကိုင်စေခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့ တိုင်းပြည် စီးပွားရေးအတွက် အသက်သွေးကြောဖြစ်သည့် အချက်အချာကျ လမ်းမကြီးအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကုမ္ပဏီများမှ BOT စနစ်ဖြင့် စီမံခန့်ခွဲလျက်ရှိနေပါကြောင်း။

## နေ့စဉ်နှင့်အမျှ လမ်းအသုံးပြုခပေးနေရသည်သာ အဖတ်တင်ပြီး ငွေကုန်အကျိုးမရှိ ဖြစ်နေ

နိုင်ငံအဝန်းတွင် လွန်ခဲ့သည့် အစိုးရအဆက်ဆက်က စာချုပ်ချုပ်ဆိုလုပ်ပိုင်ခွင့် ပေးအပ်ခဲ့သည့် BOT စနစ်လမ်းများကို လေ့လာကြည့်ရာတွင် စာချုပ်ပါကတိကဝတ်များအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝနှင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သည့် ကုမ္ပဏီတချို့သာရှိပြီး အများစုသည် စာချုပ်ပါ ကတိကဝတ်ထက် ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ အဓိကထား ရှေးရှုဆောင်ရွက်နေကြသည့်အတွက် လမ်းမကြီးများသည် ၎င်းတို့တာဝန်ယူစဉ်ကနှင့် ထူးမခြားနားဖြစ်နေပြီး ပိုမိုကောင်းမွန်လာခြင်းမရှိပါကြောင်း၊ လမ်းအသုံးပြုသူ ပြည်သူလူထုသည် နေ့စဉ်နှင့်အမျှ လမ်းအသုံးပြုခပေးနေရသည်သာ အဖတ်တင်ပြီး ငွေကုန်အကျိုးမရှိ ဖြစ်နေကြရပါကြောင်း။

စာချုပ်ပါ ကတိကဝတ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများကို ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး သင့်တော်သလို အရေးယူဆောင်ရွက်ရန် အားနည်းခဲ့သည်ကို အပြစ်တင်ရုံဖြင့် လမ်းမကြီးများ ကောင်းမလာနိုင်ပါကြောင်း။

ရှေ့တွင်ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်၊ လစ်ဟာချက်၊ ပျက်ကွက်မှုများကို သင်ခန်းစာယူ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည့် စီမံထိန်းကျောင်းမှုများ၊ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် အမြန်ဆုံးကုစားနိုင်ရန် အရေးကြီးသည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

## စားသုံးသူကာကွယ်ရေးဥပဒေကြမ်း တင်သွင်း

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ကို သြဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန်း(သတင်းစဉ်)**

# JMC-S (Bago) ချစ်ကြည်ရေးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S က ကြီးမှူးကျင်းပသော ချစ်ကြည်ရေးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၃၀ ရက်ညနေ ၃ နာရီခွဲက တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ပိုလ်လုပွဲတွင် ဟံသာဝတီ(ပဲခူး) ဘောလုံးအသင်းနှင့် တောင်ငူလူငယ်ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ဟံသာဝတီ(ပဲခူး) ဘောလုံးအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ JMC-S(Bago) ကော်မတီဥက္ကဋ္ဌ၊ ကော်မတီဒုဥက္ကဋ္ဌ(၁)၊ ကော်မတီဒုဥက္ကဋ္ဌ(၂)တို့က ချစ်ကြည်ရေးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ကူညီအားဖြည့်ပေးကြသည့် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူခရိုင် အား/ကာမှူးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူခရိုင် ကျန်းမာရေးမှူးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူမြို့နယ် သားဖွားသင်တန်းကျောင်းမှ ကျောင်အုပ်ကြီးနှင့် အဖွဲ့အား လည်းကောင်း၊ တောင်ငူမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘဆွေအား လည်းကောင်း၊ တေးသံရှင် စောဖိုးခွားအား လည်းကောင်း၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား လည်းကောင်း ကျေးဇူးတင်မှတ်တမ်းဂုဏ်ပြုလွှာများကို ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် စတုတ္ထဆုရရှိသည့် တောင်ပိုင်းတိုင်းဘောလုံးအသင်းအား ငွေသားဆုကို JMC-S(Bago) ကော်မတီဝင် ရဲမှူးကြီး စိန်လွင်က လည်းကောင်း၊ တတိယဆုရရှိသည့် ဖာပွန်မူတရော်ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေသားဆုကို JMC-S(Bago) ကော်မတီအတွင်းရေးမှူး(၁) ဦးစောအယ်ကလူဖိုးက လည်းကောင်း၊ ဒုတိယရရှိသည့် တောင်ငူလူငယ်ဘောလုံးအသင်းအား ဆုဖလား၊ ငွေသားဆုနှင့် ဆုတံဆိပ်များကို JMC-S(Bago) ကော်မတီဝင် ဗိုလ်မှူးကြီး လှမျိုးရွှေနှင့် JMC-S(Bago) ကော်မတီအဖွဲ့ဒုဥက္ကဋ္ဌ(၁)ဦးစောကလူသိန်း(ခ)မျိုးချစ်တို့က ဆုများချီးမြှင့်ကြကာ ပထမရရှိသော ဟံသာဝတီ(ပဲခူး) ဘောလုံးအသင်းကို ဆုဖလား၊ ငွေသားဆုနှင့် ဆုတံဆိပ်များအား JMC-S(Bago) ကော်မတီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲလျက်ရှိသော ရထားများ အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းထားမည်

**မော်လမြိုင် ဇူလိုင် ၃၀**

မွန်ပြည်နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒုံဝန်းဘူတာနှင့် နှင်းပုလဲဘူတာကြားရှိ တံတားအမှတ်(၇၄)မှာ ရေတိုက်စားပြီး ပျက်စီးသွားသဖြင့် မော်လမြိုင်မှ ရန်ကုန်သို့ပြေးဆွဲလျက်ရှိသော အမှတ်(၉၀)အစုန်ရထား၊ အမှတ်(၃၆)အစုန်ရထား၊ အမှတ်(၁၇၆) အစုန်ရထား၊ အမှတ်(၈၆) အစုန်မော်လမြိုင်-ပဲခူးရထားနှင့် ရန်ကုန်-မော်လမြိုင်သို့ ပြေးဆွဲလျက်ရှိသော အမှတ်(၈၉)အဆန်ရထား၊ အမှတ်(၃၅) အဆန်ရထား၊ အမှတ်(၁၇၅) အဆန်ရထား၊ ပဲခူးမှ မော်လမြိုင်သို့ ပြေးဆွဲလျက်ရှိသော အမှတ်(၈၅)အဆန်ရထားများကို ဇူလိုင် ၂၉ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် မော်လမြိုင်-ရေးသို့ ပြေးဆွဲလျက်ရှိသော (၁၇၁)အဆန်ရထားနှင့် (၁၇၂)အစုန်ရထား၊ ရေးမှ ထားဝယ်သို့ ပြေးဆွဲလျက်ရှိသော (၁၇၅)အဆန်ရထားနှင့် (၁၇၆) အစုန်ရထားတို့မှာ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မိုးကြီးရေကြီး သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံပြဿနာ

*တက္ကသိုလ် ဇော်ထူးဦး*

**မိုးဦးကောင်းသည်ဆိုရမလား၊ မိုးလယ်ကောင်းသည်ဆိုရမလား နေ့စဉ်ရက်ဆက်သဲသဲမဲမဲရွာနေသောမိုးကြောင့် မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံ ရုံသာမက မြေပြိုသည့် ပြဿနာကလည်း ကြုံတွေ့နေရပြန်၏။ မြန်မာနိုင်ငံတစ်ခုတည်းလား မဟုတ်ပါ၊ အိမ်နီးနားချင်းနိုင်ငံများသာမက မြစ်နား၊ ချောင်းနား၊ ပင်လယ်နားက နိုင်ငံအတော်များများ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေးတို့ကို ခံစားနေကြရ၏။ ယင်းသည် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ရသည်။ ရာသီဥတုဖောက်ပြန် ခြင်းသည် သဘာဝတရားကြောင့်သာမက လူတို့ကြောင့်လည်း ဖြစ်နေသည်။**

မြန်မာနိုင်ငံတွင် မိုးဦးကာလကတည်းကပင် လေဒဏ်၊ မိုးဒဏ်နှင့် မုန်တိုင်းဒဏ်တို့ကို ခံစားနေရ၏။ ဇွန်လမှ အောက်တိုဘာလအတွင်း မြစ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိပြီး ဇူလိုင်နှင့်သြဂုတ်လတွင် မြစ်ရေကြီးမှုအဖြစ်များ၏။ ယခင်ဖြစ်မြဲဖြစ်နေကျ ရေကြီးရေလျှံလေ့ရှိသောဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ် စသည့် မြစ်မကြီးများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြစ်ကြီး၊ မြစ်ငယ်များမှာ ရေတိုးပြီး ရေကြီးရေလျှံဖြစ်နေပြန်၏။ မုန်တိုင်းကြောင့် မိုးသည်းထန်သည်သာမက မရပ်မစဲရက်ဆက်ရွာသွန်းသော မိုးရေချိန်မြင့်မားမှုကြောင့်မြစ်ကမ်းနားရှိ မြို့ရွာများသာမက တောင်တန်းတောင်ကုန်းအနီးအနားရှိ မြိုနယ်ကျေးရွာများပါ ရေဘေးဒုက္ခကို ခံစားနေကြရသည်။

## ရေလွှမ်းမှုအချိန်ကြာက ထိခိုက်ပျက်စီးမှုများ

ရေကြီးခြင်းသည် မေပြင်ပေါ်တွင် ရေလျှံခြင်းဖြစ်၏။ များသောအားဖြင့် ခြောက်သွေ့သော မြေပြင်ပေါ်တွင်ရေလွှမ်းမိုးခြင်းကြောင့် အချိန်ကာလအတန်ကြာမြင့်လာခဲ့လျှင် ထိခိုက်ပျက်စီးမှုများ ဖြစ်စေနိုင်၏။ မြစ်ရေကြီးခြင်းဖြစ်ရခြင်းမှာမိုးတွင်းကာလ၌ မြစ်ဝှမ်းဒေသတွင် အချိန်ကြာကြာမိုးသည်းထန်စွာရွာခြင်း၊ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်စဉ် မိုးထစ်ချုန်းရွာသွန်းခြင်း၊ မြစ်ဖျားဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဆည်ရေကာတာကြီးများ ကျိုးပေါက်ခြင်း၊ တောင်ပေါ်ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကြောင့် မြစ်ငယ်၊ ချောင်းငယ်များတွင် လျှပ်တစ်ပြက်ရေကြီးခြင်းတို့ကြောင့် ဖြစ်သည်။

မြစ်ရေကြီးခြင်းသည် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် လည်းကောင်း၊ ဆီးနှင်းများ အရည်ပျော်ခြင်းကြောင့်လည်းကောင်း ဖြစ်လေ့ရှိ၏။ မုတ်သုံရာသီတွင် မိုးကြီးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးလေ့ရှိ၏။ မြစ်ချိုင့်ဝှမ်းတွင် ရေများ အလွန်လျင်မြန်စွာပြည့်လျှံပြီး မြစ်ကမ်းရိုးများကျိုးပေါက်ကာ ရေလျှံလေ့ရှိ၏။ တစ်ခါတစ်ရံမြစ်ကြောင်းများ တစ်ဖက်တစ်ချက်တွင် မိုင်ပေါင်းများစွာရေဖုံးလွှမ်းလေ့ရှိသည်။

လျှပ်တစ်ပြက်ရေကြီးခြင်းသည် ခြောက်သွေ့သော ဒေသသို့မဟုတ်ကန္တာရဒေသရှိ သဲချောင်း သို့မဟုတ် လျှိုမြောင်နှင့် ချောင်းကြမ်းပြင်တွင် မိုးသည်းထန်မှုကြောင့်ရေများ စုမိရာမှ စတင်ဖြစ်ပေါ်၏။ ထို့နောက် ပုံမှန်ငြိမ်သက်နေရာက အရှိန်ပြင်းသော ရေစီးကြောင်းအဖြစ် ရုတ်တရက်ပြောင်းသွားခြင်းဖြစ်၏။ ထိုသို့ လျင်မြန်စွာပြောင်းလဲမှုကြောင့် သတိမရှိသော ပတ်ဝန်းကျင်အနီးအနားမှ အိမ်နှင့် လူများ မျောပါသွားနိုင်သည်။

## မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်း

ယေဘုယျအားဖြင့်တစ်နေရာတည်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းဖြစ်၏။ ယင်းဖြစ်ပေါ်မှုသည်အများအားဖြင့် ဒေသတစ်ခုတွင်မိုးကြိုးမုန်တိုင်း အကြိမ်ကြိမ်ဖြတ်သန်းမှုကြောင့်လည်းကောင်း၊ အပူပိုင်းမုန်တိုင်းနှင့် ဟာရီကိန်းမုန်တိုင်းတို့မှ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် လည်းကောင်း ဖြစ်ပေါ်လေ့ရှိ၏။ ဤရေကြီးမှုများတွင် ရေအမြင့် ၁၀ ပေမှ ၀ေ ၂၀ ထိရှိပြီး၊ ရေစီးအားပြင်းထန်ကာ မြေတူးစက်များ၊ သစ်ပင်များကိုပင် သယ်ဆောင်သွားနိုင်ကာ အဆောက်အအုံနှင့် လမ်းတံတားများကိုပါ ပျက်စီးစေနိုင်သည်။ ပင်လယ်ကမ်းရိုးတန်း ရေကြီးခြင်းသည် ဆိုင်ကလုန်းနှင့် အပူပိုင်းမုန်တိုင်းများကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း သို့မဟုတ် ပင်လယ်ရေများ ကုန်းတွင်းသို့ ဝင်ရောက်လာခြင်းကြောင့် ဖြစ်၏။ ထို့အပြင် မီးတောင်ပေါက်ကွဲခြင်းနှင့် ရေအောက်ငလျင်များလှုပ်ခြင်းတို့ကြောင့် ဆူနာမီဖြစ်ကာ မုန်တိုင်းဒီရေတက်လာခြင်း ဖြစ်၏။ ပင်လယ်ကမ်းခြေဒေသများနှင့် ကမ်းရိုးတမ်းဒေသများရှိ နေအိမ်နှင့် လေ့သမ္မန်နှင့် သင်္ဘောများကို ရေလိုင်းများကအဝေးသို့ တိုက်စားသယ်ဆောင်သွားနိုင်သည်။

မြို့ပြဒေသများတွင်ရေကြီးခြင်းသည် လျှပ်တစ်ပြက်ရေကြီးခြင်း သို့မဟုတ် ကမ်းရိုးတန်းရေကြီးခြင်း သို့မဟုတ်မြစ်ရေကြီးခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်၏။ မြို့ပြရေကြီးခြင်းသည် မြို့ပြဒေသရေနတ်မြောင်းစနစ် ခွဲတ်ယွင်းချက်ကြောင့်ဖြစ်၏။ အချို့သော မြို့ကြီးများတွင် ရေနတ်မြောင်းစနစ်ပိတ်ပြင်မှုမရှိခြင်း၊ ရေနတ်မြောင်းအတွင်း စွန့်ပစ် အမှိုက်သရိုက်များ ပိတ်ဆို့နေခြင်းတို့ကြောင့်ဖြစ်၏။ ထို့အပြင် ရေကိုစုပ်ယူနိုင်သော မြေသားအလွတ် ဇရိယာအလွန်နည်းသောကြောင့်လည်း မြို့တွင်းတွင် ရေများတင်ကျန်ရစ်ကာ ရေကြီးရေလျှံခြင်း ဖြစ်ရသည်။ ရေကြီးရေလျှံခြင်း အကြောင်းရင်းမှာ သဘာဝကြောင့်ဖြစ်သကဲ့သို့ လူသားတို့ကြောင့်လည်း ဖြစ်ပွားတတ်၏။ သဘာဝကြောင့် ဖြစ်စဉ်များမှာ မိုးသည်းထန်ခြင်း၊ ကမ်းရိုးတန်းဒေသတွင် ဒီရေတက်ခြင်း၊ ဆိုင်ကလုန်း၊ မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်း၊ ဆူနာမီကြောင့် ရေလှိုင်းကြီးများတက်ခြင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမြင့်တက်လာခြင်းတို့ဖြစ်၏။ လူသားတို့ကြောင့်ဖြစ်သော အကြောင်းရင်းများမှာ စိုက်ပျိုးရေးကို စနစ်တကျမဆောင်ရွက်ခြင်း၊ မြို့ပြအခြေခံတည်ဆောက်မှုများ ဆီလျော်မှုမရှိခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ မြို့ပြအိမ်ရာများ တိုးတက်များပြားလာခြင်းတို့ကြောင့် ဖြစ်သည်။

## မြေဆီလွှာပေါ်လာမှုကြောင့် မြေပြိုခြင်းပိုမိုဖြစ်စေ

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုများလည်းဖြစ်နိုင်၏။ မြေပြိုခြင်းဆိုသည်မှာ အပေါ်ပိုင်းရှိ မြေအချိုကွဲထွက်ပြီး နိမ့်သောအပိုင်းသို့ ရုတ်တရက်ပြိုကျခြင်းဖြစ်၏။ မိုးသည်းထန်စွာရွာခြင်း၊ ဆီးနှင်းအများအပြား အရည်ပျော်ခြင်းကြောင့်ဖြစ်၏။

> **“ရေကြီးရေလျှံမှုကြောင့် ပြဿနာများစွာ ဖြစ်နိုင်၏။ သဘာဝပတ်ဝန်းကျင်ဖြစ်သော မြစ်ချောင်း၊ အင်းအိုင်၊ ကုန်းမြေမြစ်ကမ်းပါး၊ မြေဆီလွှာ၊ သစ်ပင်စသည်တို့ အနေအထား ပျက်ယွင်းသွားခြင်း၊ မြို့ရွာအခြေခံ အဆောက်အအုံများဖြစ်သည့် အိမ်ရာ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ ရေတွင်းရေကန် စသည်တို့ ပျက်စီးခြင်း၊ လူမှုစီးပွားရေးစနစ်နှင့် စျေးကွက်လုပ်ငန်းများ နှောင့်နှေးသွားခြင်း၊ လူတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ခြင်း၊ ပုံမှန်အခြေအနေ ရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးကို အချိန်ယူလုပ်ဆောင်ရခြင်းစသည့် စိန်ခေါ်မှုများစွာရှိနိုင်”**

ဒီရေတက်ခြင်းသည် ကမ်းရိုးတန်းဒေသတွင် ဒီရေတက်ခြင်း ဆိုင်ကလုန်း၊ မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်း၊ ဆူနာမီကြောင့် ရေလှိုင်းကြီးများတက်ခြင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမြင့်တက်လာခြင်းတို့ဖြစ်၏။ လူသားတို့ကြောင့်ဖြစ်သော အကြောင်းရင်းများမှာ စိုက်ပျိုးရေးကို စနစ်တကျမဆောင်ရွက်ခြင်း၊ မြို့ပြအခြေခံတည်ဆောက်မှုများ ဆီလျော်မှုမရှိခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ မြို့ပြအိမ်ရာများ တိုးတက်များပြားလာခြင်းတို့ကြောင့် ဖြစ်သည်။

## မြေဆီလွှာပေါ်လာမှုကြောင့် မြေပြိုခြင်းပိုမိုဖြစ်စေ

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုများလည်းဖြစ်နိုင်၏။ မြေပြိုခြင်းဆိုသည်မှာ အပေါ်ပိုင်းရှိ မြေအချိုကွဲထွက်ပြီး နိမ့်သောအပိုင်းသို့ ရုတ်တရက်ပြိုကျခြင်းဖြစ်၏။ မိုးသည်းထန်စွာရွာခြင်း၊ ဆီးနှင်းအများအပြား အရည်ပျော်ခြင်းကြောင့်ဖြစ်၏။

> **“ရေကြီးရေလျှံမှုကြောင့် ပြဿနာများစွာ ဖြစ်နိုင်၏။ သဘာဝပတ်ဝန်းကျင်ဖြစ်သော မြစ်ချောင်း၊ အင်းအိုင်၊ ကုန်းမြေမြစ်ကမ်းပါး၊ မြေဆီလွှာ၊ သစ်ပင်စသည်တို့ အနေအထား ပျက်ယွင်းသွားခြင်း၊ မြို့ရွာအခြေခံ အဆောက်အအုံများဖြစ်သည့် အိမ်ရာ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ ရေတွင်းရေကန် စသည်တို့ ပျက်စီးခြင်း၊ လူမှုစီးပွားရေးစနစ်နှင့် စျေးကွက်လုပ်ငန်းများ နှောင့်နှေးသွားခြင်း၊ လူတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ခြင်း၊ ပုံမှန်အခြေအနေရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးကို အချိန်ယူလုပ်ဆောင်ရခြင်းစသည့် စိန်ခေါ်မှုများစွာရှိနိုင်”**

ရေကြီးရေလျှံမှုကြောင့် ပြဿနာများစွာဖြစ်နိုင်၏။ သဘာဝပတ်ဝန်းကျင်ဖြစ်သော မြစ်ချောင်း၊ အင်းအိုင်၊ ကုန်းမြေမြစ်ကမ်းပါး၊ မြေဆီလွှာ၊ သစ်ပင်စသည်တို့ အနေအထား ပျက်ယွင်းသွားခြင်း၊ မြို့ရွာအခြေခံအဆောက်အအုံများဖြစ်သည့် အိမ်ရာ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ ရေတွင်းရေကန်စသည်တို့ ပျက်စီးခြင်း၊ လူမှုစီးပွားရေးစနစ်နှင့် စျေးကွက်လုပ်ငန်းများ နှောင့်နှေးသွားခြင်း၊ လူတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ခြင်း၊ ပုံမှန်အခြေအနေ ရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးကို အချိန်ယူလုပ်ဆောင်ရခြင်းစသည့် စိန်ခေါ်မှုများ ကြုံတွေ့ရတတ်ပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်း သို့မဟုတ် မြေအောက်ရေမျက်နှာပြင်မြင့်တက်လာခြင်းကြောင့်မြေဆီလွှာတွင် ရေပါဝင်မှုပိုများလာသည့်အတွက် မြေပြိုခြင်းဖြစ်ရသည်။

ရေကြီးရေလျှံမှုကြောင့် ပြဿနာများစွာဖြစ်နိုင်၏။ သဘာဝပတ်ဝန်းကျင်ဖြစ်သော မြစ်ချောင်း၊ အင်းအိုင်၊ ကုန်းမြေမြစ်ကမ်းပါး၊ မြေဆီလွှာ၊ သစ်ပင်စသည်တို့ အနေအထား ပျက်ယွင်းသွားခြင်း၊ မြို့ရွာအခြေခံအဆောက်အအုံများဖြစ်သည့် အိမ်ရာ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဆက်သွယ်ရေး၊ လမ်းတံတား၊ ရေတွင်းရေကန်စသည်တို့ ပျက်စီးခြင်း၊ လူမှုစီးပွားရေးစနစ်နှင့် စျေးကွက်လုပ်ငန်းများ နှောင့်နှေးသွားခြင်း၊ လူတို့၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ခြင်း၊ ပုံမှန်အခြေအနေ ရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးကို အချိန်ယူလုပ်ဆောင်ရခြင်းစသည့် စိန်ခေါ်မှုများ ကြုံတွေ့ရတတ်ပါသည်။ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးပြဿနာများ လည်းရှိ၏။ ထောက်ပံ့မှုအပိုင်းတွင်လည်း အဓိကချက်ချင်းလိုအပ်သောအစားအစာနှင့်သောက်ရေသုံးရေ၊ အဝတ်အထည်နှင့် တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများအပြင် လောလောဆယ်ချက်ပြုတ်စားသောက်နိုင်ရန်အတွက် ဆန်၊ ဆီ၊ ဆားစသည့်စားနပ်ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရသည်။

## ရေရှည်ထောက်ပံ့ကူညီရန်အခက်အခဲရှိ

အဆိုပါထောက်ပံ့နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်တွင်း ပြည်ပ အင်နှင့်ကျိုအိုအဖွဲ့များ၊ အရပ်ဘက်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များအနေဖြင့် တတ်နိုင်၊ စွမ်းဆောင်နိုင်သည့် အင်အားဖြင့် ပစ္စည်းနှင့်ငွေကြေးများကို ကူညီထောက်ပံ့ကြ၏။ ထိုသို့ထောက်ပံ့ကူညီကြရာတွင် ကယ်ဆယ်ရေးစခန်း ရက်ရှည်ကြာလာပါက အခက်အခဲများစွာရှိနိုင်၏။ ရေရှည်ထောက်ပံ့ကူညီနိုင်ရန်အတွက် လိုအပ်ချက်များစွာ ရှိလာ၏။ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများသည် ဘေးဒုက္ခကျရောက်သူများအတွက် အလိုအပ်ဆုံးအရာများကိုသာ ကူညီထောက်ပံ့ကြပြီး အလုံးစုံလိုအပ်ချက်များကိုမူ ကူညီထောက်ပံ့ရန်တာဝန်မရှိကြပါ။ ပြန်လည်ထူထောင်ရေးလိုအပ်ချက်သည်သက်ဆိုင်ရာအစိုးရ၏ တာဝန်ဖြစ်သည်ဟု ဆိုသော်လည်း ရာနှန်းပြည့်လိုချင်သည့် ဆန္ဒအတိုင်းဖြည့်ဆည်းပေးရန် နိုင်ငံအစိုးရတိုင်းမှာ စိန်ခေါ်မှုရှိသည်။ သို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။

ဘေးအန္တရာယ်တစ်ခုကျရောက်တိုင်း ထိုဒေသရှိလူထုမှာအနည်းနှင့်အများ ထိခိုက်မှုရှိကြ၏။ ထိခိုက်မှုရှိသူတိုင်းကို ဒုက္ခသည်ဟု သတ်မှတ်၍မရပါ။ ကယ်ဆယ်ရေးလုပ်ငန်းတွင် အကျိုးခံစားခွင့်ရှိသူဆိုသည်မှာ မိမိတို့၏စွမ်းအားဖြင့် ပုံမှန်ဘဝကို ပြန်လည်ထူထောင်ရန် အခက်အခဲရှိသူများကိုခေါ်၏။ အဘယ်ကြောင့်ဆိုသော် အစိုးရအနေဖြင့် လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လည်းကောင်း၊ အရပ်ဘက်ဆိုင်ရာအဖွဲ့များသည် လည်းကောင်း၊ အလှူရှင်များသည် လည်းကောင်း ငွေရေးကြေးရေးနှင့် ပစ္စည်းများထောက်ပံ့ကူညီရာတွင် အတိုင်းအတာ အကန့်အသတ်ရှိကြသောကြောင့် ဖြစ်၏။ ဘေးဒုက္ခဖြစ်တိုင်း ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြသည့် ထိခိုက်မှုရှိသူတိုင်းကို စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ ယာယီအမိုးအကာ၊ ဆေးဝါးများကို ကူညီပေးနိုင်ကြသော်လည်း ထိုသူတို့အတွက် ပြန်လည်ထူထောင်ရေးနှင့် ပုံမှန်အခြေအနေရောက်ရှိရေးကိုကား ထောက်ပံ့ကူညီပေးရန်မှာ အခက်အခဲများစွာရှိနေမည် ဖြစ်ပေသည်။ ။

# မဒေါက်မြို့တွင် စစ်တောင်းမြစ်ရေ၂၁ နှစ်အတွင်း စံချိန်တင် မြင့်တက်

မဒေါက် ဇူလိုင် ၃၀

**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် ရွှေကျင်မြို့နယ် မိုးလေဝသနှင့် လေဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာချက်အရ စစ်တောင်းမြစ်ရေသည် ဇူလိုင် ၂၃ ရက် ညကစပြီး ဆက်တိုက်မြင့်တက်လာကာ ဇူလိုင် ၂၈ ရက်တွင် ၁၂၈၂ စင်တီမီတာအထိ စံချိန်တင်မြင့်မားလျက်ရှိရာ ၁၉၉၇ ခုနှစ်က စံချိန်တင်မြင့်ခဲ့သည့် မြစ်ရေအမှတ်ထက် ၃၈ စင်တီမီတာ မြင့်တက်ခဲ့ပြီး ၂၁ နှစ်အတွင်း စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**

ထိုသို့သော အခြေအနေတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ယာယီဖွင့်လှစ်ထားသည့်ရေဘေးကယ်ဆယ်ရေးစခန်း ၃၅ ခု၌ ရေဘေးသင့်မိဘပြည်သူလူဦးရေ ၁၂၀၀၀ ကျော်အထိ ပြောင်းရွှေ့ထားရသည်။

ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေသည့်ရေဘေးသင့်ဒေသခံပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တစ်ပတ်စာအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းထောက်ပံ့ပေးထားသည့်အပြင် လူမှုရေးအသင်းအဖွဲ့များကလည်း အစားအသောက်များ လာရောက်လှူဒါန်းနေကြောင်း ရေဘေးရှောင်ဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် ရွှေကျင်မြို့နယ်တွင်လည်း ရွှေကျင်မြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပွားနေသည့်အတွက် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လူဦးရေ ၂၆၀၇၃ တို့ကို ပြောင်းရွှေ့ထားပြီး စာသင်ကျောင်း ၅၉ ကျောင်းလည်း ယာယီပိတ်ထားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသအနီးရှိ စစ်တောင်းမြစ်ရေသည် ၁၂၈၂ စင်တီမီတာ၊ ရွှေကျင်မြစ်ရေသည် ၈၈၆ စင်တီမီတာအမြင့်ဆုံးတက်ခဲ့ရာမှ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် ၁၂၅၂ စင်တီမီတာသို့ ပြန်လည်ကျဆင်းလာပြီး ရွှေကျင်မြစ်ရေသည်လည်း ၇၈၀ စင်တီမီတာသို့ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro Maruyama အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသအတွင်း ဖြစ်ပွားလျက်ရှိသည့် ပြဿနာများအား အစိုးရနှင့် တပ်မတော်မှ ဖြေရှင်းဆောင်ရွက်နေမှုများတွင် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်အခြေအနေမှန်များအား နိုင်ငံတကာမှသိရှိအောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro Maruyama** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

** ကျော်ဖုံးမှ*

အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် တင်ပြတောင်းခံထားပြီးဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းနယ်မြေရဲစခန်းနှင့် ရွာသစ်ကြီး နယ်မြေရဲစခန်းများအတွက် လိုအပ်လျက်ရှိသည့် ရုံး၊ လူနေအဆောက်အအုံနှင့် ရဲအချုပ်ခန်းများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မင်းကွန်းနယ်မြေရဲစခန်းတွင် စခန်းရုံး(အချုပ်ပါ)တစ်ထပ်သံကူကွန်ကရစ်တစ်လုံးနှင့် ခြောက်ခန်းတွဲ လေးထပ်သံကူကွန်ကရစ် တစ်လုံးတို့အား လည်းကောင်း၊ ရွာသစ်ကြီးနယ်မြေရဲစခန်းတွင် စခန်းရုံး (အချုပ်ပါ) တစ်ထပ်သံကူကွန်ကရစ် တစ်လုံးနှင့် ခြောက်ခန်းတွဲ လေးထပ်သံကူကွန်ကရစ် တစ်လုံးတို့အား ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် **အပြည်ပြည်ဆိုင်ရာ ထေရဝါဒပုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင် က ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်ဆိုသည့်ခေါင်းစဉ်မှ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ အရည်အချင်းသတ်မှတ်ချက်များတွင် မူလအဆိုပြုပြဋ္ဌာန်းချက်၌ အင်္ဂလိပ်ဘာသာကျွမ်းကျင်ရမည်ဟူ၍သာ ပါရှိပါကြောင်း၊ ပြင်ဆင်ဖြည့်စွက်လိုသည်မှာ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာ အပြန်အလှန် ကျွမ်းကျင်ရမည်ဟူ၍ ဖြစ်ပါကြောင်း။

## အုပ်ချုပ်ရေးအဖွဲ့ကို ဥပဒေဖြင့်သာ ထိန်းကျောင်းရမည်

တက္ကသိုလ်ဒုတိယပါမောက္ခချုပ် (စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များကို ဆက်လက် ဆွေးနွေးလိုပါကြောင်း၊ စီမံနှင့်ပတ်သက်၍ သတ်မှတ်ချက်မှာ နည်းပါးနေပါကြောင်း၊ မိမိလိုချင်သည့်သူကိုထည့်သွင်းရန်အတွက် အရည်အချင်းများ လျှော့ပေါ့ထည့်ထားသည်ဟု မြင်မိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့ကို ဥပဒေဖြင့်သာ ထိန်းကျောင်းရမည် ဖြစ်ပါကြောင်း၊ မိမိလိုရာမိမိဆွဲသည့် ဂုဏ်သတ္တိနည်းနည်းဖြင့် စီမံခန့်ခွဲသည့် ဒုတိယပါမောက္ခချုပ်အဆင့်ကို ထားမည်ဆိုပါက တက္ကသိုလ်၏ဂုဏ်သည် ကျဆင်းနိုင်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ယခုကဲ့သို့ အားနည်းနေသည့် ဥပဒေများကို ပြတ်ပြတ်သားသားပြင်ဆင်ရမည့် တာဝန်ရှိသည့်အတွက် ယင်းအချက်ကို တင်ပြရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်က မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်အနေဖြင့် မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တွင် ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောကောင်စီသည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်ဟု မူလအဆိုပြုပြဋ္ဌာန်းချက်၏ရှေ့ဆုံးတွင် ရဟန်းတော်များဟု ထည့်သွင်းပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း။

## ရဟန်းတော်များဟု သုံးနှုန်းထားသည်ထက် သံဃာတော်များဟု သုံးနှုန်းသည်က ပိုမိုသင့်လျော်

မိမိအနေဖြင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ရဟန်းတော်များဟု သုံးနှုန်းပြင်ဆင်ထားသည့်အပေါ်တွင် ရဟန်းတော်ဆိုသည်မှာ တစ်ပါး သို့မဟုတ် အနည်းကိုသာ ကိုယ်စားပြုရည်ညွှန်းအသုံးပြုပြီး အစုအဖွဲ့၊ အဖွဲ့အစည်းကို ကိုယ်စားပြု သုံးနှုန်းသည်ကို မတွေ့ရှိရသည့်အတွက် ရဟန်းတော်ဆိုသည့်နေရာတွင် သံဃာတော်ဆိုသည်ကသာ အစုအဖွဲ့အများကို ကိုယ်စားပြု ရည်ညွှန်းအသုံးပြုသည့်အတွက် လည်းကောင်း၊ ယခုဖွဲ့စည်းသည့်ကောင်စီတွင် ပါဝင်သည့် နာယကများဖြစ်ကြသည့် ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်(သင်ကြား)၊ အတွင်းရေးမှူးဖြစ်သည့် ဒုတိယပါမောက္ခချုပ်ဆရာတော် (စီမံ)နှင့် အဖွဲ့ဝင်ဆရာတော်များ ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် အဆိုပါအဖွဲ့သည် အဖွဲ့အစည်းတစ်ရပ်၊ အစုအဖွဲ့တစ်ရပ် ဖြစ်သွားသည့်အတွက် ရဟန်းတော်များဟု သုံးနှုန်းထားသည်ထက် သံဃာတော်များဟု သုံးနှုန်းသည်က ပိုမိုသင့်လျော်သည်ဟု ယူဆမိသည့်အတွက် သံဃာတော်များဟု သုံးနှုန်းပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို သြဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မွန်နှင့် တနင်္သာရီမှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀ စီ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၀**

ကမ္ဘောဇဘာဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၅၀၀ စီကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ယနေ့တွင် သီးခြားစီ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ယနေ့နံနက်ပိုင်း၌ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ကဏ္ဍအသီးသီးတွင် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံသို့ ကမ္ဘောဇဘာဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးမျိုးဆန်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က "ပြည်သူတွေ လိုအပ်ချက်ရှိတိုင်း ကမ္ဘောဇက လှူဒါန်းပေးမှုတွေကို ကျေးဇူးတင်ပါတယ်။ အခု လှူဒါန်းမှုတွေနဲ့ ရေဘေးသင့်ပြည်သူတွေ လိုအပ်နေတဲ့ ဆန်၊ ဆီ၊ ဆေးနဲ့ အခြားလိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ယူပြီး အမြန်ဆုံးပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြန်လည်ပြောကြားခဲ့သည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ကဏ္ဍအသီးသီးတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၅၀၀ ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်ထံ ကမ္ဘောဇဘာဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဒေါ်သင်းသင်းမိုးနှင့် ဦးရဲသွေးဦးတို့က ပေးအပ်လှူဒါန်းခဲ့သည်။ လှူဒါန်းမှုနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်က "တနင်္သာရီမြစ်ကစပြီး ရေကြီးရေလျှံမှုဖြစ်တာ ရက် ၂၀ ကျော်နေပြီ ဖြစ်ပါတယ်။ KBZ Bank က အမြဲလှူဒါန်းပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ နောက်တစ်နေ့မှာ တနင်္သာရီမြို့ ကယ်ဆယ်ရေစခန်းတွေက အိမ်ထောင်စု ၂၀၀ ကျော်နဲ့ လူဦးရေ ၁၀၀၀ ကျော်အတွက် မြိတ်ဘာဏ်ခွဲသုံးခုက ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့အတူ လိုအပ်တဲ့ ဆန်၊ ဆီနဲ့ ကုန်ခြောက်တွေ သွားရောက်လှူဒါန်းမှာဖြစ်လို့ ကျေးဇူးတင် ဝမ်းမြောက်ပါတယ်"ဟု ပြန်လည်ပြောကြားခဲ့သည်။ **သူရလွင် (Eco)**

# ညောင်လေးပင်မြို့နယ် မုဒ္ဓမူတာကျိုး၍ တာအောက်ရွာများ သတိပေးထား

**ညောင်လေးပင် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ မုဒ္ဓမူတာသည် ကျိုးပေါက်ခဲ့၍ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ငါးကျီးအိုင်၊ ဗမော်တော၊ ချောင်းကျိုး၊ စည်ပင်၊ လေးအိမ်စုရွာတို့ကို ရွှေ့ပြောင်းနေထိုင်ကြရန် အထူးသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ မုဒ္ဓမူတာမှာ ၁၃ မိုင်ရှည်ကာ ၄ ဒသမ ၀ မိုင်ခန့်တွင် ကျိုးခြင်းဖြစ်ပြီး မုဒ္ဓမူရွာဘက်မှ ၉ မိုင်ခန့်တွင် ကျိုးခြင်းဖြစ်ကြောင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဌာနအနေဖြင့် တာကိုလိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ချောင်းကျိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဆန်းတင့်က "ကျွန်တော်တို့ သိတာကတော့ ၂၉ ရက် မနက်မှသိတာ။ မြို့နယ်ကို အကြောင်းကြားပေးတယ်။ မြို့နယ်ကတော့ ၃၀ ရက်မှာ လာဆင်းကြည့်ပါတယ်။ စပါးစိုက်ခင်းတွေကတော့ ထိခိုက်ကုန်တာပေါ့။ ဒီဘက်မှာ ရေနည်းနည်းလျော့တယ်။ အောက်ဘက်ကတော့ ထပ်တိုးလာတာပါ"ဟု ပြောသည်။

စစ်တောင်းမြစ်ရေသည် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲ တိုင်းတာချက်အရ စစ်တောင်းမြစ်ရေအမှတ်မှာ ၁၂၅၄ စင်တီမီတာဖြစ်ပြီး ယမန်နေ့ထက် ကျဆင်းလျက်ရှိကာ စိုင်ဂွကျေးရွာ အောက်ပိုင်း ၈က ၅၀၀၊ ငါးကျီးအိုင်၊ ဗမော်တော၊ ချောင်းကျိုး၊ စည်ပင်နှင့် လေးအိမ်စုရွာတို့၌ ရေဝင်လျက်ရှိပြီး ညောင်လေးပင်မြို့နယ်ရှိ မုဒ္ဓမူတာကျိုးပေါက်မှုဖြစ်ပေါ်၍ ပတ်ဝန်းကျင်ရှိ ကျေးရွာများ ရေဝင်ရောက်ကာ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။ **ခင်အောင်လှိုင် (ညောင်လေးပင်)**

# ရေဘေးသင့်ဒေသများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံအတွင်း ကြုံတွေ့နေရသော ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ပြည်သူများ ကြုံတွေ့ခံစားနေရသောကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ တစ်ရက်တာ နေ့တွက်စရိတ်ကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (**အပေါ်ပုံ**) **သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇူလိုင် ၃၀-** မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁၀ ဒသမ ၅၅ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၂၆ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ဂွမြို့နှင့် ရေးမြို့တို့တွင် ၃ ဒသမ ၄၆ လက်မစီ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၂၃ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ကျိုက်ထိုမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းများ ပိတ်သိမ်း

**ကျိုက်ထို ဇူလိုင် ၃၀**

ကျိုက်ထိုမြို့နယ်တွင် လွန်ခဲ့သည့်ရက်များက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်ကျေးရွာများ၌ ရေမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့၍ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးရှောင်စခန်းများဖွင့်လှစ်ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းကာ စားဝတ်နေရေး၊ ကျန်းမာရေး ကိစ္စရပ်များကို ရေကျဆင်းချိန်ထိ ရေဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးခဲ့သည်။

ယင်းသို့ ကူညီစောင့်ရှောက်ပေးသည့် စခန်းများသို့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များက လာရောက်၍ ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားများ ပြောကြားခဲ့သည်။ ယနေ့ နံနက်ပိုင်းမှစတင်၍ မြင့်တက်လျက်ရှိသည့် ရေများ ပြန်လည်ကျဆင်းခဲ့၍ ရေဘေးရှောင်ပြည်သူများအား နံနက်စာကျွေးမွေးကာ အိမ်ထောင်စုအလိုက် ရက်သတ္တပတ်စားသုံးနိုင်ရန် ဆန်နှင့် ကြက်ဥများအပါအဝင် ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများနှင့် အခြားစားသောက်ကုန်ပစ္စည်းကို ပေးအပ်ပြီး ယာယီဖွင့်လှစ်ခဲ့သည့် ရေဘေးရှောင်စခန်းများကို မွန်းလွဲ ၁ နာရီတွင် ပိတ်သိမ်းခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

◆ **ကျောဖုံးမှ**

အလားတူ သထုံမြို့နယ် ရွှေရောင်ပြလမ်းဆုံအနီးမှ ဘီးလင်းမြို့နယ် ဘီးလင်းတံတားကြားတွင် မိုးရွာသွန်းမှုလျော့နည်းသွား၍ အဝေးပြေးကားလမ်းမပေါ်သို့ ရေကျော်မှုလျော့နည်းသွားသည့်အတွက် ဇူလိုင် ၃၀ ရက် ညနေ ၃နာရီတွင် ဘီးလင်းမြို့မှ စတင်၍ သထုံမြို့ဘက်သို့လည်း ကားကြီးများ သွားလာနေပြီဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူများ အခက်အခဲများ မဖြစ်စေရန်၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရန်အတွက် သထုံမြို့ဘက်နှင့် ဘီးလင်းမြို့ဘက်ရှိ ရေဘေးကယ်ဆယ်ကွပ်ကဲရေး ရုံးများ အချင်းချင်း ချိတ်ဆက်၍ ယာဉ်များကို ဘီးလင်းမြို့ဘက်မှ စတင်၍ ခြောက်ဘီးယာဉ်နှင့်အထက် ယာဉ်ကြီးများကိုသာ တစ်ဖက်ချင်းစီမှ တစ်လှည့်စီလွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နံနက်ပိုင်းက လမ်း/တံတားများ ကြွံခိုင်မှုကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး စိတ်ချယုံကြည်မှုရှိမှသာ ခရီးဆက်လက်ထွက်ခွာခွင့်ပေးမည်ဟု သိရသည့်အပြင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းမပေါ်ရှိ အမှိုက်များကို ရှင်းလင်းဖယ်ရှားပေးနေကြောင်း တွေ့ရသည်။

ယခုအခါ ယာဉ်ကြီးများ ညနေ ၄ နာရီမှ စတင်၍ ဖြတ်သန်းသွားလာနေပြီ ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)၊ ခွန်(ဝင်းပ)၊ ဓာတ်ပုံ-ခိုင်ခိုင်လွဲ**

# ဇူလိုင် ၃၀ ရက်နေ့ ရေပိုလွှဲမှု ရေကျော်သည့် ဆည်ကန်များစာရင်း

**နေပြည်တော် ဇူလိုင် ၃၀**

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် ယခု မိုးရာသီကာလအတွင်း ရေပိုလွှဲမှု ရေကျော်သည့် ဆည်/တမံ (၃၇) ခုစာရင်းကို ယမန်နေ့က ထုတ်ပြန်ခဲ့ပြီး ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ မဇင်းရေလှောင်တမံမှာ ရေပိုလွှဲ ရေကျော်လျက်ရှိပြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်မှ ခဝါရေလှောင်တမံနှင့် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် တမန်းဒူးရေလှောင်တမံတို့မှ ရေပိုလွှဲမှု ရေကျော်ကျမှ မရှိတော့သဖြင့် ယနေ့တွင် ရေပိုလွှဲမှုရေကျော်သည့် ဆည်/တမံ ၃၆ ခု ရှိကြောင်း သိရသည်။

အဆိုပါ ဆည်/တမံများမှာ အောက်ပါအတိုင်းဖြစ်သည်-

**နေ့စွဲ - ၃၀ . ၇ . ၂၀၁၈**
**(၀၆:၀၀)နာရီ ရေအမှတ်**

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (လေ) ကန်ရေလေ (လေ) | ရေလှောင် ပမာဏ (စကေလေ) | ရေအနက် (လေ) | ရေလှောင် ပမာဏ (စကေလေ) | မိုး ရေ ချိန် (လက်မ) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၀၄၇၄ | ၃၈.၉၀ | ၃၆၀၃၃ | ၃.၁၅ | (၂.၉၀)လေ |
| | | လိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | မလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | ၀.၆၉ | (၀.၃၀)လေ |
| | | မလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကိစ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၃၀ | ၁၃၇၉ | ၀.၁၂ | (၀.၃၀)လေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၅၀ | ၁၁၈၈ | - | (၀.၅၀)လေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၅ | ၅၄.၁၀ | ၁၄၁.၂ | - | (၀.၁၀)လေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၁၆ | | | | ရေကျော် |
| ၆ | ရာဇဒြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀ | ၁၄၆.၆၀ | ၅၃၅.၀ | ၀.၈၆ | (၁.၆၀)လေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅ | ၃၈.၅၀ | ၂၄၀၀ | ၀.၃၀ | (၀.၅၀)လေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၈ | ငမြွှေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၀ | ၄၆.၃၀ | ၂၄.၂ | - | (၀.၃၀)လေ |
| | | ဖြူးမြို့ | ၂၇.၅ | ၄၅ | | | | ရေကျော် |
| ၉ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၄၅၂၀၀ | ၇၄.၅၀ | ၃၇၆၀၀ | ၀.၄၆ | (၁.၅၀)လေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၀ | ဗျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃ | ၄၀.၅၀ | ၁၁၂.၃ | ၀.၀၀ | (၀.၅၀)လေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄.၈ | | | | ရေကျော် |
| ၁၁ | မင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၆ | ၅၂.၂၀ | ၂၆၄.၆ | ၁.၁၈ | (၀.၂၀)လေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၅ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့တော်)** | | | | | | |
| ၁၂ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၆ | ၃၆.၆၆ | ၂၃၄.ရ | - | (၀.၆၆)လေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄ | ၁၀၅.ရ | | | | ရေကျော် |
| ၁၃ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀.၂ | ၂.၂၀၀ | ၁၀.ရ.ရ | ၂.ရ | - | (၁.ရ)လေ |
| | | ပေါင်းတည်မြို့ | ၇.၀ | ၂.ရ | | | | ရေကျော် |
| ၁၄ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄ရ | ၁ရ.ရ | ၄ရ.၀၀ | ၁ရ.ရ | - | (၀.၀၀)လေ |
| | | ပန်းတောင်းမြို့ | ၂.၆ | ၃.ရ | | | | ရေကျော် |
| ၁၅ | ကောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉.ရ | ၂.ရ | ၉.ရ.ရ | ၂.ရ | - | (၁.ရ)လေ |
| | | နတ္တလင်းမြို့ | ၅.ရ | ၂.ရ | | | | ရေကျော် |
| ၁၆ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆.ရ | ၅.ရ | ၆.ရ.ရ | ၅.ရ | ၀.ရ.ရ | (၀.ရ)လေ |
| | | လက်ပဲတန်းမြို့ | ၄.ရ | ၄.ရ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁၇ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁ရ.ရ | ၆.ရ | ၁ရ.ရ | ၆.ရ | - | (၀.ရ)လေ |
| | | ဇေတုတ္တရာမြို့ | ၆.ရ | ၂.ရ | | | | ရေကျော် |
| ၁၈ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁.ရ | ၁.ရ | ၁.ရ | ၁.ရ | - | (၁.ရ)လေ |
| | | ငမဲမြို့ | ၆.ရ | ၁.ရ | | | | ရေကျော် |
| ၁၉ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁.ရ.ရ | ၃.ရ | ၁.ရ.ရ | ၃.ရ | - | (၀.ရ)လေ |
| | | မွန်ပြို | ၅.ရ | ၂.ရ | | | | ရေကျော် |
| ၂၀ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁.ရ | ၅.ရ | ၁.ရ.ရ | ၅.ရ | - | (၀.ရ)လေ |
| | | ကမ်းမြို့ | ၇.ရ | ၁.ရ | | | | ရေကျော် |

**နေ့စွဲ - ၃၀ . ၇ . ၂၀၁၈**
**(၀၆:၀၀)နာရီ ရေအမှတ်**

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (လေ) ကန်ရေလေ (လေ) | ရေလှောင် ပမာဏ (စကေလေ) | ရေအနက် (လေ) | ရေလှောင် ပမာဏ (စကေလေ) | မိုး ရေ ချိန် (လက်မ) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၁ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅ | ၆၀.၂၅ | ၄၁ရ | ၄.၅၆ | (၀.၂၅)လေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၂ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၆၀ | ၂၅၅ရ | ၀.၂၀ | (၀.၆၀) လေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁ရ၄၄ | | | | ရေကျော် |
| ၂၃ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၄၀ | ၅ရ၀ | - | (၀.၄၀)လေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၂၄ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၂၀ | ၆ရ၅ | - | (၀.၆၀)လေ |
| | | ပွတ်မြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၂၅ | စီးပြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄ရ၀ | ၂၇.၄၀ | ၄ရ၂ | - | (၀.၄၀)လေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၂၆ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄ရ | ၁ရ၇၀ | ၄ရ.၄၀ | ၁ရ၉ရ | - | (၀.၄၀)လေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၂၇ | ဂရင်ဖျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | (၀.၂၀) လေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၂၈ | ကြောက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.ရ၀ | ၁ရ၉ | - | (၂.ရ၀)လေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၂၉ | ရှောက်ချောင်း | မြောက်ဦးခရိုင်/ | ၄၃ | ၁၁ရ၀ | ၄ရ.၇၀ | ၁၁ရ၄ | ၀.၆၀ | (၀.၇၀)လေ |
| | ရေလှောင်တမံ | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| ၃၀ | ခမ်ကြိမ်ချောင်း | စစ်တွေခရိုင်/ | ၇၀ | ၁၀၇၇၇ | ၇၀.၄၀ | ၁၀၉၂၇ | ၁.၇၀ | (၀.၄၀) လေ |
| | | ပုဏ္ဍားကျွန်းမြို့ | ၂၀ | ၇၁၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၁ | ဘန်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၂၅ | ၂၀၁၀ | ၁.ရ၀ | (၁.၂၅)လေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၂ | စာမထီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၃၀ | ၆၂၉၁ | ၁.၇၇ | (၀.၃၀)လေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **စရောဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၃ | ကွန်ချောင်းရေလှောင်တမံ | ဟသံတာခရိုင်/ | ၁၂၅ | ၉ရ၄၀၀ | ၁၂၆.၄၀ | ၁၀၀၇ရ၀ | - | (၁.၄၀)လေ |
| | | ကြာခင်းမြို့ | ၄ရ | ၇၃၅၀ | | | | ရေကျော် |
| ၃၄ | မပြေရေလှောင်တမံ | ဟသံတာခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၇.၀၀ | ၇၄၀၀ရ | - | (၂.၀၀)လေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၃၅ | နန်ကသူရေလှောင်တမံ | ဟသံတာခရိုင်/ | ၁၃ရ | ၄ဝ၄ရ၇ | ၁၄.၀၀ | ၄၁၄.ရ | ၀.၆ရ | (၂.၀၀)လေ |
| | | အင်ပူမြို့ | ၅ရ | ၆ဒ၁ရ | | | | ရေကျော် |
| ၃၆ | ကညင်ရေလှောင်တမံ | ဟသံတာခရိုင်/ | ၁၇.၄ | ၁၄ရ.ရ | ၁ရ.ရ | ၁ရ.ရ | ၀.ရ | (၂.ရ) လေ |
| | | အင်ပူမြို့ | ၅ရ | ၂ဒ၆ရ | | | | ရေကျော် |

# ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအမျိုးမျိုးတွင် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေး ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် Park Royal Hotel နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအမျိုးမျိုးတွင် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေး အသွင်ယူလေ့ကျင့်ခန်းများဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)

ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ အမျိုးမျိုးဖြစ်ပွားမှုသည် ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့်ဘေးအန္တရာယ်များကျရောက်မှု အမျိုးအစားအပေါ်မူတည်၍ ကွဲပြားမည်ဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအနေဖြင့် ဒေသအလိုက် ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်အမျိုးအစား၊ ပြင်းထန်နိုင်မှုနှင့် ဖြစ်ပေါ်လာနိုင်သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ အမျိုးအစားအလိုက် အခြေပြုမြေပုံများကို လက်ရှိအခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီစေရန် ပြန်လည်ပြုပြင် ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများတွင် ဝန်ကြီးဌာနများ၊ ဒေသတွင်းအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု (Coordination mechanism)သည် အဓိကသော့ချက်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလျှင် အားကောင်းသလို အချိန်၊ လူအင်အားနှင့် ဘဏ္ဍာငွေကုန်ကျမှုနှင့် ထိုက်တန်သော အကျိုးထိရောက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း။

**အထူးဂရုပြုအလေးထား**

ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်စဉ်များသည် အထူးသဖြင့် စတင်ဖြစ်ပွားစဉ်က မည်မျှပင် ပမာဏသေးငယ်စေကာမူ စနစ်တကျ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မ်နင်းခြင်းမပြုလုပ်ပါက အဆိုပါဖြစ်စဉ်သည် ဖြစ်ပွားရာဒေသအဆင့်မှ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ကူးစက်ပြန့်ပွားကြီးထွားလာနိုင်ပြီး အပြည်ပြည်ဆိုင်ရာအဆင့်အထိပင် ကြီးမားပျံ့နှံ့လာနိုင်သည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မည်သည့်ဘေးအန္တရာယ်ဖြစ်စဉ်၊ ပြည်သူ့ကျန်းမာရေးပြဿနာ အခြေအနေဖြစ်စဉ်ကိုမဆို အထူးဂရုပြုအလေးထား၍ ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများအားအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုဖြစ်ပွားသည်နှင့် သိရှိနိုင်ကာ အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်ရန်နှင့် ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီရရှိရန် အထူးအရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ Unicef Representative in Myanmar, Ms. June Kunugi က ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများနှင့် သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များတွင် ထိခိုက်လွယ်သူများအုပ်စုတွင် ပါဝင်သည့် မိခင်နှင့် ကလေးများတွင် ကျန်းမာရေးပြဿနာများ အပါအဝင် ဆိုးကျိုးများဖြစ်ပွားနိုင်ကြောင်း၊ ယခုစားပွဲတင်လေ့ကျင့်ခန်းမှတစ်ဆင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများနှင့် ဘေးအန္တရာယ်ဖြစ်စဉ်များအတွက် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု၊ တုံ့ပြန်ဆောင်ရွက်မှု အစရှိသည့်ကဏ္ဍများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ Unicef အဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်း၍ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိ**

အဆိုပါစားပွဲတင်လေ့ကျင့်ခန်းကို ဇူလိုင် ၃၀ ရက်မှ သြဂုတ် ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ဖြစ်စဉ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအမျိုးမျိုးအတွက် ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိမှု၊ ရောဂါဖြစ်ပွားမှုကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုမှု၊ အရေးကြီး အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု စသည့် အခန်းကဏ္ဍများကို အသွင်ယူဖြစ်စဉ်များအလိုက် ဘက်ပေါင်းစုံမှဆွေးနွေးလေ့ကျင့် ဆောင်ရွက်ခြင်း၊နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သော ပြည်သူ့ကျန်းမာရေးအရေးပေါ် ဖြစ်စဉ်များမှ အတွေ့အကြုံရယူခြင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ခြင်းတို့ပါဝင်မည်ဖြစ်ကာ WHO၊ Unicef၊ US CDC စသည့် အဖွဲ့အစည်းများ၏ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ လေ့ကျင့်ဆောင်ရွက်ကြမည်ဖြစ်သည်။

အဆိုပါ စားပွဲတင်လေ့ကျင့်ခန်းများတွင်WHO၊ Unicef၊ US CDC၊ UNFPA၊ IOM၊ IRC၊ ACF၊ USAID၊ WFP၊ World Vision စသည့်အဖွဲ့အစည်းများမှ ထောက်ပံ့မှုများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်များ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တောင်း၊ ပဲခူး၊ သံလွင်၊ ဝန်နှင့် ဘီးလင်းမြစ်များ၏ စိုးရိမ်ရေမှတ် အခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေ၀ဂ်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၃၀ ရက်ညနေ ၆ နာရီခွဲတွင် တိုင်းတာရရှိသော ၉၃၈ စင်တီမီတာသည် နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ သြဂုတ် ၁၈ ရက်တွင် တိုင်းတာရရှိသော ၉၃၆ စင်တီမီတာဖြစ်သည်။

**ဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမူဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး၊မဒေါက်မြို့ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့ ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ကရင်ပြည်နယ်၊ ဘားအံမြို့ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**မွန်ပြည်နယ်၊ ဘီးလင်းမြို့ ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**



# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၇/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ကွက်သစ်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူ အမြောက်အများရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်ရှိမသန်းသန်းစိုး(ခ) မိုင်ယ်အား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ) ၉၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ ဧေျားတောင်ဘက် ဒေါ်အေးကြည် လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက် ပလပ်စတစ် အိတ်ခွံမျိုးစုံ ရောင်းဝယ်နေသော လူတစ်စုမှ ဆေးပြားများ ရောင်းဝယ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့ ဒေါ်အေးကြည် လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက် အိတ်ခွံမျိုးစုံ ရောင်းဝယ်ရေးဆိုင်အတွင်းမှ လပြည့်ဖြိုး(ခ) ပိုးတီကောင် (၁၉)နှစ်၊ (ဘ)ဦးတိုးတိုး အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း) မယ(ပ)၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မြို့မရပ်ကွက်ကြီး၊ ပန်းတိမ်ရပ်၊ သီလဝလမ်းသွယ်နေ ကောင်းမြတ်စိုး (၂၁)နှစ်၊ (ဘ)ဦးမြဟန်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ကောင်းမြတ်စိုးနှင့် လပြည့်ဖြိုး (ခ) ပိုးတီကောင်တို့အား မမစ(ရမည်းသင်း) မယ(ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ အနောက်ရွာတွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့အနောက်ရွာနေ ဦးတင်ထွန်း (၅၂)နှစ်၊ (ဘ) ဦးဘိုရွှေ၏ နေအိမ်တွင် ၎င်းနှင့် တစ်ရွာတည်းနေ အောင်မြင့်ဦး (၂၁)နှစ်၊ (ဘ) ဦးသာထွန်း၊ မျိုးသန်းကျော် (၂၄)နှစ်၊ (ဘ) ဦးမြင့်ဆွေတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အုန်းတောရပ်ကွက်၊ အုန်းတော (၁)လမ်းနေ ဦးမောင်ဇော်နှင့် ဇနီးဖြစ်သူ မသန္တာလင်း တို့သည် မူးယစ်ဆေးဝါးအကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း၊ ညစဉ်ညတိုင်း ဖြန့်ဖြူးကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၈ ရက်နေ့တွင် တောင်တွင်းကြီးမြို့ အုန်းတော(၂) ရပ်ကွက်၊ အုန်းတော(၁)လမ်းရှိ မောင်ဇော်(ခ) ခင်မောင်ဇော် ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာမူးယစ်ဆေးဝါး၊အခြားဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း မောင်ဇော်(ခ) ခင်မောင်ဇော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ သယ်ဆောင်ရောင်းချမှု ကျော်ဇောမှုဖြင့်အရေးယူဆောင်ရွက်ရန် တောင်တွင်းကြီးမြို့နယ်၊ စီမံခန့်ခွဲမှု ကော်မတီ၏ ၂၃-၇-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၃/၁-၅(၀၀၁)/ဦး ၆ ဖြင့် အကြောင်းပြန်ကြားခဲ့သဖြင့် မောင်ဇော်(ခ)ခင်မောင်ဇော်အား မမစ(တောင်တွင်းကြီး) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၂၅(က)ဖြင့် အမှုဖွင့်၍ ဆက်လက်စစ်ဆေး အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာနေ မျိုးအောင်သည် မူးယစ်ဆေးဝါး ရောင်းချနေသည်မှာ (၄)နှစ်ခန့်ကြာမြင့်ပြီဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာ၊ ရပ်ကွက်(၁)ရှိ မျိုးအောင်(၄၀)နှစ်၊ (ဘ) ဦးမောင်လွင် အား WY စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မဏ္ဍိုင်) မယ (ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ အထကကျောင်းတောတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့တွင် ဆွာမြို့ တောင်ပိုင်း၊ ကျောင်းအနီး၊ အမှတ်(၆) ရပ်ကွက်ရှိ သတင်းရရှိသော ခင်လေးသိန်း(ခ) ချောချော(၃၈)နှစ်၊ (ဘ) ဦးသိန်းဌေး၏ နေအိမ်စေးနဲဆိုင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနှင့်အတူ သန့်ဇင်ဝင်း (၄၃)နှစ်၊ (ဘ) ဦးဝင်းစိန်၊ အမှတ်(၄-က)ရပ်ကွက်၊ ဆွာမြို့နေသူတို့ နှစ်ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆွာ)မယ(ပ)၁/၂၀၁၈၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်အတွင်း စုံစမ်းဆောင်ရွက်စဉ်မြတ်လင်းနှင့်ဟိန်းမင်းဖြိုးတို့(၂)ဦးသည် ရွှေဘုံသာရပ်ကွက်ရှိ ဦးမျိုးသန့်၏ ဥယျာဉ်ခြံအတွင်းသို့ ဝင်/ထွက်သွားလာမှုများ မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စောင့်ဆိုင်းနေစဉ် မြတ်လင်း(၂၉)နှစ်၊ (ဘ)ဦးသန်းဌေး၊ ဟိန်းမင်းဖြိုး(၂၉)နှစ်၊ (ဘ)ဦးထွန်းအေးနှင့် ညီညီဇော်(၃၃)နှစ်၊ (ဘ)ဦးမောင်အေးတို့ (၃)ဦးအား WY စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၁၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ဦးမျိုးသန့် (၅၃)နှစ်၊ (ဘ) ဦးမန်း၊ ရွှေဘုံသာရပ်ကွက်နေသူ၏ ဥယျာဉ်ခြံအတွင်းရှိ နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ WY စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မျိုးသန့်၊ မြတ်လင်း၊ ဟိန်းမင်းဖြိုး၊ ညီညီဇော်တို့ (၄)ဦးအား မမစ (ဘုတ်ပြင်း) မယ (ပ)၂၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ညောင်ပိုင်းကျေးရွာနေ မတင်တင်မိုးနှင့် ၎င်း၏ညီမဖြစ်သူ မစန္ဒာမိုး တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ရက်နေ့တွင် မအူပင်မြို့နယ်၊ ညောင်ပိုင်းကျေးရွာရှိ မတင်တင်မိုး (၃၅) နှစ်၊ (ဘ)ဦးတင်စိုးနှင့် ညီမဖြစ်သူ မစန္ဒာမိုး (၂၈)နှစ်၊ (ဘ)ဦးတင်စိုး တို့ (၂)ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ထိုသို့ရှာဖွေစဉ် မတင်တင်မိုးမှ ဖမ်းဆီးရေးအဖွဲ့အား မီးဖိုချောင်သုံး စတီးဓားကိုင်၍ ရန်ပြုခဲ့၍ ပိုင်းဝန်းထိမ်းသိမ်းနေစဉ် ၎င်း၏ အိပ်ခန်းအတွင်း၌ အမျိုးသမီးတပ်ဖွဲ့ဝင် ဒုရဲအုပ် နွယ်နွယ်ယဉ်နှင့် ရဲတပ်သား မြတ်စုထွေးတို့မှ ၎င်း၏ခန္ဓာကိုယ်အား ရှာဖွေရန် ပြုလုပ်စဉ် သနပ်ခါးတုံးဖြင့် ထုရိုက်ခဲ့၍ ဒုရဲအုပ် နွယ်နွယ်ယဉ်တွင် ယာနဖူး အထက်တွင် (၁)လက်မခန့် ပေါက်ပြဲ ဒဏ်ရာရရှိခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရား ဆောင်ရွက်နေစဉ် အန္တရာယ် ဖြစ်စေလောက်သည်အထိ ပြန်လည်ဆောင်ရွက်သူ မတင်တင်မိုး အား မမစ(မအူပင်) (ပ)၆၃၆/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၃၃ ဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ မတင်တင်မိုးနှင့် မစန္ဒာမိုးတို့ နှစ်ဦးအား မမစ (မအူပင်) မယ(ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်းအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နတ်နန်းအုပ်စု၊ မှိုတောက်ကျေးရွာနေ ကျော်ဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နတ်နန်းကျေးရွာအုပ်စု၊ မှိုတောက်ကျေးရွာနေ ကျော်ဌေး(၃၆)နှစ်၊ (ဘ)ဦးစံဖေ အား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟုမ္မလင်း) မယ(ပ) ၆၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်စပ် လွှစင်ရွာ တစ်ရွာလုံး သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း အဓိကလုပ်ကိုင်နေကြပြီး ခေါင်းစွဲရွာ၊ ရွာတော်၊ ကျွန်းတော၊ ညောင်ကုန်းရွာများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းပေးပို့ခြင်း။ | ရဲတပ်ဖွဲ့ဝင်အင်အား(၂၀၀)ဦးကျော်ဖြင့် ၁၈-၇-၂၀၁၈ ရက်နေ့မှစ၍ နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားခံကျား(၄)ဦးအား မူးယစ်ဆေးဝါး ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ဘိန်းချေးခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အမှု(၆)မှုဖွင့်လှစ်အရေးယူထားကြောင်းအား ၂၃-၇-၂၀၁၈ ရက်နေ့ သတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ၂၃-၇-၂၀၁၈ ရက်နေ့ ထပ်မံ စစ်ဆေးရှင်းလင်းစဉ် ပေပင်ရှည်ကျေးရွာအုပ်စု၊ ပေပင်ကျေးရွာနေ ကျော်ကြီး(၃၁)နှစ်၊ (ဘ)ဦးသာအေးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ခါးချိုးလေသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ(ညောင်ကုန်း) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာကျေးရွာနေ ဦးမြအောင်နှင့် ဦးဝင်းမောင်တို့မှာ မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၈ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ကုန်းဝါးရုံသာကျေးရွာ၌ စိစစ်စစ်ဆေးနေစဉ် မြအောင် (၅၆)နှစ်၊ (ဘ) ဦးမောင်တင်အား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ၎င်းကျေးရွာရှိ အောင်သန်း (၇၅)နှစ်၊ (ဘ)ဦးဘဂျမ်း၏ နေအိမ်၌ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဝင်းမောင် (၅၆)နှစ်၊ (ဘ)ဦးထွန်းလူ၊ ကျော်ဌေး (၄၃)နှစ်၊ (ဘ) ဦးဘလှိုင်၊ သန်းဌေးဝင်း (၄၅) နှစ်၊ (ဘ)ဦးစံသိန်းနှင့် ကျော်ဆန်းမင်း (ခ)ကွန်ဖူး (၃၁)နှစ်၊ (ဘ)ဦးကျော်ဆွေတို့ (၅)ဦးအား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(မော်လိုက်) မယ(ပ)၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၂ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင် မြို့နယ်ခွဲ၊ ရွှေဂဲညိုကျေးရွာအုပ်စု၊ ရွှေဂဲညိုကျေးရွာနေ စိုင်းနေအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင် မြို့နယ်ခွဲ၊ ရွှေဂဲညိုကျေးရွာ၊ ရပ်ကွက်(၃)နေ စိုင်းနေအောင် (၃၂)နှစ်၊ (ဘ)ဦးလှအောင်အား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မဏ္ဍိုင်) မယ(ပ)၁၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်းမြို့၊ ကော့မဟွန်ကျေးရွာနေ ဦးဘခင်သည် ၎င်း၏ ခြံထဲတွင် ဘိန်းစာရွက်ပင်များ စိုက်ပျိုး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ကော့မဟွန်ကျေးရွာ၊ရပ်ကွက်(၆)၊ အမှတ်(၂၆၅)ရှိ ဦးဘခင် (၆၄)နှစ်၊ (ဘ)ဦးဂုံ ခြံအား စစ်ဆေးရာ ဘိန်းစာပျိုးပင်လေးပင်၊ ခြံစည်းရိုးအနီးမှ အမြင့်(၁၅)ပေ (၃)လက်မ၊ လုံးပတ် (၈)လက်မခွဲခန့်ရှိ ဘိန်းစာရွက်ပင် (၁)ပင်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ချောင်းဆုံ) မယ(ပ)၆/ ၂၀၁၈၊ မူး/ စိတ် ပုဒ်မ ၁၆(က)/၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့် အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၈ ရက်နေ့တွင် ကွတ်ခိုင်မြို့၊ ရပ်ကွက်(၈)၊ မဟာသာသနာ့ရိပ်သာလမ်းနှင့် သရီ့ခြင်းကုန်းသွားလမ်းဆုံ၌ စောင့်ဆိုင်း စိစစ်နေစဉ် အိုက်စ်(၃၀) နှစ်၊ (ဘ)ဦးခွန်စံ၊ ဟိုကျန့်ရွာအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၆၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ စိစစ်ရာ အိုက်ဆာ (၄၀) နှစ်၊(ဘ)ဦးအိုက်လေ့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၆၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လုံဇေ(၄၀)နှစ်၊ (ဘ) ဦးခေါင်လုံးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၆၇/ ၂၀၁၈၊ မူး/စိတ် ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၂၄-၇-၂၀၁၈ ရက်နေ့တွင် ရပ်ကွက်(၈)၊ ခိုလုံသွားလမ်း၊ ခိုလုံရေကန်အနီး၌ စောင့်ဆိုင်းနေစဉ် လောက်ဟယ်(ခ) မင်လောက်ဟယ်(၅၀)နှစ်၊(ဘ)ဦးမင်ချိုဟွမ် အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၆၈/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ၂၆-၇-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့နယ်၊ မန်ပန်ကျေးရွာ၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ မိုင်တိုင် အမှတ် (၂၂၃/၃)အနီး ရှင်းလင်းရှာဖွေစဉ် အိုက်ရီဘုံ (၃၁)နှစ်၊ (ဘ)ဦးလအိုင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မယ(ပ) ၆၉/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ အိုက်ဆမ် (ခ) အားရှင်း (၄၂)နှစ်၊ (ဘ) ဦးအိုက်လေးပါ အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၇၀/ ၂၀၁၈၊ |

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| | | မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ၂၈-၇-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ တရုတ်သချိုင်းကုန်းအနီး စောင့်ဆိုင်းနေစဉ် လမ်းမပေါ်၌ ဇော်ဘုံ (၂၆)နှစ်၊ (ဘ) ဦးဇော်အောင်၊ ဟိုနမ့် ကျေးရွာနေသူအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ (ပ)၇၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | မန္တလေးတိုင်းဒေသကြီး၊ စဉ်ကူးမြို့နယ်၊ ပိတောက်ချပ်ရပ်ကွက်နေ ဒေါ်ခင်စန်းဝင်း၏ နေအိမ် တောင်ဘက်ရှိတဲတွင် ဘိန်းမဲထုပ်များ ပုက်ထားကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၈ ရက်နေ့တွင် စဉ်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ပိတောက်ချပ်ရပ်ကွက်၊ အမှတ်(၂၄)နေ ဒေါ်ခင်စန်းဝင်း (၅၈)နှစ်၊(ဘ) ဦးဘသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းလှ (၆၅)နှစ်၊ (ဘ) ဦးပလူနှင့် ဦးဝင်းဗိုလ်(၅၀)နှစ်၊ (ဘ) ဦးတင်မောင်၊ ပေါက်ကုန်းကျေးရွာနေသူနှင့် ကိုသိန်းသိန်းဝင်း (၂၂)နှစ်၊ (ဘ)ဦးဇော်ဝင်း၊ အုတ်ခြောက်လုံးကျေးရွာနေသူတို့ (၄)ဦးအား ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လက်ပံလှ) မယ(ပ)၇/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သားလမ်းတွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့ ၁၆၄၅ အချိန် ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သားလမ်းအတွင်း စိစစ်နေချိန် လွင်မိုးအောင် (ခ)ကုလားလေး (၂၅)နှစ်၊ (ဘ)ဦးတင်ဌေးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒလ) မယ(ပ) ၂၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာရှိ ဦးဖိုးကာမှ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာ၏ မြောက်ဘက်(၂)မိုင်ခန့်အကွာရှိ ဖိုးကာ (၄၇)နှစ်၊ (ဘ)ဦးကျော်လင်း၏ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကောက်ကွေ့ကျေးရွာနေ ချစ်ဦး (၄၁)နှစ်၊ (ဘ) ဦးသောင်းဖေတို့အား တွေ့ရှိရပြီး ဖိုးကာမှ အသာတကြည် အဖမ်းခံသော်လည်း ချစ်ဦးမှာ တဲပေါ်မှ ခုန်ချပြီး ထွက်ပြေးသဖြင့် လိုက်လံ ဖမ်းဆီးရာ ချစ်ဦးမှ အသင့်ပါလာသော ဓားဖြင့် လိုက်လံဖမ်းဆီးသည့် ရဲတပ်သား ဟိန်းထက်အောင်အား ပြန်လည်ခုခံ ရန်ပြုသောကြောင့် ခုခံကာကွယ်ပိုင်ခွင့် အရ ရဲတပ်သား ဟိန်းထက်အောင်မှ အသင့်ပါလာသော သေနတ်ဖြင့် (၁)ချက်ခြောက်လှန့်ပစ်ခတ်သော်လည်း ဆက်လက်အတင်းဝင်ရောက် ဓားဖြင့်ထိုးသဖြင့် ၎င်း၏ခါးအောက်ပိုင်းသို့(၂)ချက် ပစ်ခတ်ဖမ်းဆီးခဲ့ရာ ချစ်ဦး၏ ဝဲ/ယာ ခြေထောက်တို့တွင် ဒဏ်ရာ(၁)ချက်စီ (မစိုးရိမ်ရ)ရရှိ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ခန္ဓာကိုယ်တွင် လွယ်ထားသော လွယ်အိတ်အတွင်းနှင့် ဖိုးကာ၏ လယ်စောင့်တဲအတွင်းမှ ဘိန်းဖြူများနှင့် တဲအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၅၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၁/ ၂၂(ခ)ဖြင့် လည်းကောင်း၊ တရားခံ ချစ်ဦးအား မမစ (ဖောင်းပြင်)(ပ)၈၁/ ၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၇ဖြင့် လည်းကောင်း အမှု |

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| | | ဖွင့် အရေးယူထားရှိပါသည်။ |
| ၁၉ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှမ်းပို့ကျေးရွာ၊ ဝါးတန်း(၃)လမ်းနှင့် ဦးမင်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၈ ရက်နေ့တွင်ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ၊ ဝါးတန်း(၃)လမ်း၊ အခန်း(၅၀)နေ ဦးမင်းလွင်(၅၀)နှစ်၊ (ဘ)ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇနီးဖြစ်သူ မမ္မော (ခ) မမ္မောရှင် (၄၂) နှစ်၊ (ဘ)ဦးထွန်းရှင်၊ သားဖြစ်သူ ပိုင်ဦး (ခ) မင်းပိုင်ဦး (၂၂)နှစ်တို့ (၃)ဦးအား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော) မယ(ပ)၂၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပါသည်။ |
| ၂၀ | မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ်မြို့နယ်၊ ကျောရွာရှိ "ရွှေဘော်ဒါ" စားသောက်ဆိုင်မှ ဦးလှမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ဆီဆိုင်မျက်စောင်းထိုးတွင် ကားဝပ်ရှော့ ဖွင့်လှစ်ထားသော သိန်းစိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၈ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ဦးလှမြင့် (၄၂)နှစ်၊ (ဘ)ဦးဘိုသန်း၏ ရွှေဝါထွန်း နေအိမ်စားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်း မရှိဘဲ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် (၃၉)နှစ်၊ (ဘ)ဦးရာခင် အား တွေ့ရှိရပြီး နေအိမ်စားသောက်ဆိုင်အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ ဘိန်းဖြူများ၊ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒေါ်မြင့်မြင့်ခိုင်အား မမစ (ဂန့်ဂေါ်) မယ (ပ)၅/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ကျောမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ ဦးသိန်းစိုး (၄၀)နှစ်၊ (ဘ) ဦးချစ်ရှိန်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဂန့်ဂေါ်) မယ(ပ)၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၂၈-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း ၇၇ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား ၁၀၀ ဦး၊ မ ၁၉ ဦး၊ ပေါင်း ၁၁၉ ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၅၉၃.၁၂ ဂရမ်၊ ICE ၀.၅၅ ဂရမ်၊ ဘိန်းမဲ ၃၀ ဂရမ်၊ ဘိန်းစိမ်း ၃၁၃.၂၆ ဂရမ်၊ အဝတ်ဘိန်း ၁၀ ဂရမ်၊ ဘိန်းချေးခဲ ၂၄.၅၀ ဂရမ်၊ ဘိန်းစာမှုန့် ၁၄၆.၂ ဂရမ်၊ ဘိန်းစာရွက် ၃.၂၆၆ ဂရမ်၊ စိတ်ကြွဆေးပြား ၁၇၃၇၅ ပြား၊ ဆေးခြောက်(၁၃၁.၀၈)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို အထက်ဖော်ပြပါအတိုင်း စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်သတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ကြောင့် ယခုသီတင်းပတ် (၂၂-၇-၂၀၁၈ ရက်နေ့မှ၂၈-၇-၂၀၁၈ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း ၂၃၂ မှုတွင် တရားခံ ကျား ၂၈၆ ဦး၊ မ ၅၁ ဦး၊ ပေါင်း ၃၃၇ ဦး ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ ၉၃၇၀.၀၀ ဂရမ်၊ ICE ၂၁၅၁.၇၇ ဂရမ်၊ ဘိန်းစိမ်း ၅၄၉၂.၉၆ ဂရမ်၊ အဝတ်ဘိန်း ၁၆.၃၃ ဂရမ်၊ ဘိန်းစာမှုန့် ၁၀၅၄.၆၅ ဂရမ်၊ စိတ်ကြွဆေးပြား ၁၀၇၁၃၃.၅ ပြား၊ ဆေးခြောက် ၅၇၂.၇၄ ဂရမ်၊ စိတ်ကြွဆေးပြားအမှုန့် ၁.၁ ဂရမ်၊ ဘိန်းဖြူရည် ၀.၀၀၂ လီတာ၊ အက်တက်စီ ဆေးပြားအမှုန့် ၀.၃ ဂရမ်၊ ဗျူပရီနော်ဖင်းဆေးပြား ၆၀ ပြား၊ ဒိုင်ယာဇီပင်အရည် ၀.၀၃ လီတာနှင့် တရာမဒေါလ် ဆေးပြား ၁၀၀ ပြားတို့ကို လည်း သီးခြားအနေဖြင့် ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံ့ခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀**

**ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃**

**အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm**

# ၂၀၁၈ ခုနှစ် အာရှကလပ် အမျိုးသားဘော်လီဘောပြိုင်ပွဲ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် အာရှကလပ် အမျိုးသားဘော်လီဘော်ပြိုင်ပွဲ (2018 Asian Men's Club Volleyball Championship) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြား၍ ဖွင့်လှစ်သည်။

**ပြိုင်ပွဲဝင်နိုင်ငံများ ရင်းနှီးမှုတိုးတက်**

ပြည်ထောင်စုဝန်ကြီးက (2018 Asian Men's Club Volleyball Championship) ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံ အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဤကဲ့သို့ အဆင့်အတန်းမြင့်မားသော ဘော်လီဘောပြိုင်ပွဲမှတစ်ဆင့် အခြေခံကျောင်းများ၊ တက္ကသိုလ်များရှိ အားကစားကို ချစ်မြတ်နိုးသော လူငယ်လူရွယ်များ အကြားတွင် ဘော်လီဘော အားကစားနည်းကို စိတ်ဝင်စားမှုများ ပိုမိုတိုးပွားလာပြီး အားကစားလေ့ကျင့် ယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များ ပိုမိုရှင်သန်များပြားလာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အားကစားကို ချစ်မြတ်နိုးပြီး လေ့ကျင့်ကစားခြင်းများမှတစ်ဆင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလည်း အထောက်အကူများစွာပြုစေမည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်အသင်းများနှင့် အသင်းသားများ မြန်မာနိုင်ငံတွင် နေထိုင်ယှဉ်ပြိုင်စဉ်ကာလတစ်ခုလုံးတွင် အခက်အခဲမရှိဘဲ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲမှတစ်ဆင့် ပြိုင်ပွဲဝင်အသင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိရုံသာမက ပြိုင်ပွဲဝင်နိုင်ငံအချင်းချင်းအကြားတွင်လည်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုတိုးတက်ရရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြား၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အာရှဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Shantrit က ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့အား ပြိုင်ပွဲကျင်းပမှု အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။ **(အပေါ်ယာပုံ)**

**အခမဲ့ကြည့်ရှုနိုင်**

အဆိုပါပြိုင်ပွဲသည် အာရှအဆင့်ကလပ်အသင်း ချန်ပီယံပြိုင်ပွဲဖြစ်ပြီး ပါဝင်သည့်နိုင်ငံများမှာ မြန်မာ၊ သြစတြေးလျ၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ အီရန်၊ ဂျပန်၊ ကာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်း၊ တာ့ခ်ကစ်မင်နစ္စတန်၊ ဗီယက်နမ်တို့မှ နိုင်ငံအလိုက် ချန်ပီယံအသင်းများပါဝင်ပြီး ဇူလိုင် ၃၀ ရက်မှ သြဂုတ် ၆ ရက်အထိ နံနက် ၁၁ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) နှင့် (C) ရုံများ၌ ကျင်းပမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲ ဖွင့်

**ရန်ကုန် ဇူလိုင် ၃၀**

အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ ကျင်းပရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ဒဂုံမြို့သစ်(တောင်ပိုင်း)ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၂ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၉ ရပ်ကွက် အမှတ် ၄၃၆ လှော်ကားလမ်းနှင့် ပတ္တမြားလမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ အပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘော ဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် အီတလီနိုင်ငံမှ ပညာရှင်လာရောက်ဟောပြော

**ရန်ကုန် ဇူလိုင် ၃၀**

အီတလီနိုင်ငံ ဘိုလော့ဂ်နာတက္ကသိုလ်မှ ပါမောက္ခ D. Paolo G. Morselli သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွင် Reconstructive and Aesthetic Surgery ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။

ယင်းသို့ ဟောပြောပို့ချမှုသည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ စဉ်ဆက်မပြတ် ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး (Continuing Professional Development) အစီအစဉ်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ ယင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တွဲလွန်သင်တန်းကျောင်းသား၊ ကျောင်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

❍ *ကျောဖုံးမှ*

လက်ရည်ကွာခြားခြင်းမရှိဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ် Asia World အသင်းသည် ၂၅-၁၆ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် ပွဲငယ်နှစ်ပွဲဆက်အနိုင်ရပြီး တတိယပွဲငယ်တွင် ၂၁-၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နောက်ထပ်တစ်ပွဲဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ စတုတ္ထပွဲငယ်တွင် မြန်မာကလပ်အသင်းက ၂၅-၂၁ မှတ်ဖြင့် အနိုင်ရခဲ့သောကြောင့် အဖွင့်လှခဲ့ခြင်းဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ အုပ်စု (ခ) တွင် တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ အုပ်စု (ဂ) တွင် ထိုင်း၊ သြစတြေးလျ၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ အုပ်စု (ဃ) တွင် မြန်မာ၊ ပါကစ္စတန်၊ တာ့ခ်ကစ်မင်နစ္စတန် ကလပ်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲ အဖြစ် ဇူလိုင် ၃၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ပါကစ္စတန် ကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

● *ကျောဖုံးမှ*

MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အခြားပွဲများ ကို For Sports ရုပ်သံလိုင်းမှ ပြသမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုပွဲများအဖြစ် သြဂုတ် ၁ ရက်တွင် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ သြဂုတ် ၃ ရက်တွင် ဘာရိန်းယူ-၂၃ အသင်း၊ သြဂုတ် ၅ ရက်တွင် ထိုင်းယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ဖိုးသော်ဇင်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၅)ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

သြဂုတ် ၁ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၅)တွင် ပိုးသတ်ဆေးအတုအစ္ဆရာယ်သတိပြုဖွယ်၊ အိမ်ခြံဝင်းစိုက်ပျိုးရေးနှင့် မိသားစုကျန်းမာရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ငါးမျိုးများမပြုန်းတီးစေဖို့ ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းကိုတားဆီးကြပါစို့ အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက် ဝတ္ထုရှည်၊ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက် ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတ ရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မိုဗစ်သည် ဇူလိုင် ၃၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဂလက်စီအသင်းက အော်လန်ဒိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဂလက်စီအသင်းအတွက် ၎င်း၏ ပထမဆုံး ဟက်ထရစ်သွင်းဂိုးကို ရယူပေးနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- အဲဗာတန်အသင်းသည် ချယ်လ်ဆီးက ခေါ်ယူရန်စိတ်ဝင်စားခြင်းခံနေရသော အသက် ၂၄ နှစ်အရွယ် အင်္ဂလန်ဂိုးသမား ဂျော်ဒန် ပစ်ဗိုင်းကို ရေရှည်ထိန်းသိမ်းသွားနိုင်ရန်အတွက် အသင်း၌ စာချုပ်သစ်အတွက် ကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေကြောင်း သည်တိုင်းမ်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်း၏ အသက် ၃၁ နှစ်အရွယ် ဘရာဇီးနောက်ခံကစားသမား ဒေးဗစ်လူးဝစ်အနေဖြင့် ဆာရီကို နည်းပြအဖြစ်ခန့်အပ်ပြီးနောက် စတန်းဖိုင်ဒ ဘရစ်တွင် ဆက်လက်နေလိုကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- ယူကေအခြေစိုက်သတင်းတစ်ရပ်တွင် အေစီမီလန်အသင်းအနေဖြင့် ဂတ်တူဆို၏ နေရာကိုအစားထိုးရန်အလို့ငှာ ချယ်လ်ဆီးနည်းပြဟောင်း အန်တိုနီယို ကွန်တီကို တစ်နှစ် ပေါင် ၅ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်သွားရန် အဆင်သင့်ရှိနေကြောင်း ဖော်ပြထားသည်။
- နာပိုလီအသင်းသည် မန်ယူအသင်း၏ အသက် ၂၈ နှစ်အရွယ် အီတလီနောက်ခံကစားသမား ဒါမီယန်ကို လာမည့်ရာသီအကုန် အမြဲတမ်းဝယ်ယူခွင့်နှင့်အတူ အငှားဖြင့်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၇-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၅၀ - Yes or No Talk Show
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၇၃)

**ညပိုင်း**

- ၁၆း၂၅ - YTN (Science) (Cyber လုံခြုံရေးကဏ္ဍာ)
- ၁၆း၄၅ - ရှေ့ဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၇း၃၅ - မြန်မာ့ဌေးကြေးစျေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၈း၃၅ - ကြယ်ပွင့်များရဲရင်ခုန်သံ အဆိုတော်-နေမင်းအိမ်
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း -၃၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "2018 Asian men's Club Volleyball championship ပြိုင်ပွဲ အစီအစဉ်"
- အနုပညာခန်းရိပ်သာ ဦးညီညင်းစိန်(စိန်မဟာသဘင်) နှင့် တွေ့ဆုံခြင်း (ဂရိတ်ဦးဖိုးစိန်အကြောင်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝတစ်ခုအချစ်တစ်ခု** (အပိုင်း-၁)

# ဖားကန့်နှင့် မိုင်းကိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

ဆိပ်မူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက်ည ၁၁ နာရီခွဲက ဖားကန်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာအမှတ် (၁) ရပ်ကွက်နေ ချိုတူး (ခ) လှမြင့်ဌေး၏ နေအိမ်ကိုရှာဖွေရာ ချိုတူး (ခ) လှမြင့်ဌေးနှင့် အောင်ဝင်းတို့အား တွေ့ရှိရပြီး ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားခုနစ်ပြား တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ အမှတ် (၂) ရပ်ကွက်ရှိ အောင်ဝင်း၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၆ ကီလိုကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက တပ်မတော်နှင့် မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာ မိုင်းကိုင်-နမ့်လန်သွားကားလမ်းတွင် စိုင်း စိန်မောင်(**ယာပုံ**)အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွား

**ကျောက်တံခါး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် မြို့ချောင်း စိန်ကန့်လန့်လမ်း (၁)မိုင်တွင် ဇူလိုင် ၂၉ ရက် နံနက် ၁၀နာရီခန့်က နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့ချောင်းကျေးရွာ စိန်ကန့်လန့်လမ်း (၁)မိုင်မှ ဦးမြတ်ထူးသည် မြို့ချောင်းကျေးရွာသို့ စျေးဝယ်သွားပြီး ပြန်လာစဉ် ၎င်း၏ နေအိမ်အောက်ထပ် လယ်တဲနှင့် လယ်ငါးကွက် ကျော်ခန့်တွင် နေထိုင်သော ဦးမောင်လှအား ဒဏ်ရာများနှင့်သေဆုံးနေသည်ကို တွေ့မြင်ရပြီး နေအိမ်တွင် ဇနီးဖြစ်သူနှင့် သားနှစ်ယောက်အား မတွေ့ရှိသဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်ကြည့်ရာ နေအိမ်အနောက်ဘက် လယ်နှစ်ကွက် ကျော်ခန့်တွင် ဇနီးဖြစ်သူ နော်ဗွေစေးမှာ လည်း ဒဏ်ရာများနှင့်သေဆုံးနေသည်ကို တွေ့ရှိရသည်။

ထို့နောက် သားနှစ်ယောက်အား လိုက်လံရှာဖွေရာ ဦးမြအေး၏ တဲတွင် တွေ့ရှိရပြီး ၎င်းတို့၏ ပြောပြချက်အရ ဦးလေးဖြစ်သူ မြင့်ထူးက ဓားဖြင့်ခုတ်သတ်ခဲ့ကြောင်း သိရသည်။ ဦးမြတ်ထူးက ၎င်း၏ညီဖြစ်သူ ပြစ်မှုကျူးလွန်သူ မြင့်ထူးအား အရေးယူပေးရန် တိုင်တန်းသဖြင့် ဖဒိုနယ်မြေရဲစခန်းရှိ စခန်းမှူးရဲအုပ်ရဲထွဋ်ကို ဦးစီး၍ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ခဲ့ပြီး အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# ကနီမြို့နယ်၌ ဝက်ဝမ်းကျရောဂါနှင့် ဝက်ပလိပ်ရောဂါများဖြစ်

**ကနီ ဇူလိုင် ၃၀**

ကနီမြို့နယ် သမင်ခြံကျေးရွာတွင် ဝက်ဝမ်းကျရောဂါနှင့် ဝက်ပလိပ်ရောဂါများ ဖြစ်ပွားနေကြောင်း သိရသည်။

အဆိုပါ ဝက်များရောဂါဖြစ်ပွားသည့်နေရာသို့ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ ည ၇ နာရီအထိ မြို့နယ်တိရစ္ဆာန်ဗေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါက်တာ သိန်းပွင့်၊ ကနီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဝက်ဝမ်း ကျရောဂါနှင့် ဝက်ပလိပ်ရောဂါတို့ဖြင့် သေဆုံးနေသော ဝက်ကလေးတစ်ကောင်၊ ဝက်မကြီးတစ်ကောင်တို့အား မြေမြှုပ်ပေးခြင်း၊ ဝက်အကြီး၊ အလတ်နှင့် အသေး ၂၃ ကောင်ကို ဆေးကုသပေးခြင်းနှင့် ဝက် ၂၄ ကောင်ကို ကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# မင်းတုန်းချောင်းကူး ရထားတံတားတိုင်ကို ဝင်ရောက်တိုက်မိသဖြင့် စက်လှေနစ်မြုပ်

**ကံမ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီခန့်က အုတ်ပုံကျေးရွာအနီး မင်းတုန်းချောင်းကူး ရထားတံတား၏ တံတားတိုင်အမှတ် ၅ အား သရက်မြို့နယ် ဆင်ကော်ကျေးရွာအုပ်စု မြို့လှကျေးရွာနေ ဦးအောင်ဆင့်မောင်းနှင်လာသည့် မိုးလေးကောင်းစက်လှေသည် ပဲ့မထိန်းနိုင်သဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိပြီးနောက် စက်လှေသည် ဝမ်းဗိုက်ပေါက်ခြင်း ဖြစ်ပေါ်ခဲ့ပြီး ဆက်လက်မောင်းနှင်ရာမှ ကမ်းစပ်အရောက်တွင် လှေနစ်မြုပ်ခဲ့သော်လည်း ခရီးသည် ၂၀ ဦးမှာ ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ပဲအိတ် ၁၀၀နှင့် စပါးအိတ် ၅၀ တို့မှာ ရေစိုပျက်စီးခဲ့ကြောင်း သိရသည်။ **ကျော်ဧေယျဝင်း (ကံမ)**

# တောင်ငူမြို့နယ်၌ ဝက်ဝံတစ်ကောင်ကို တရားမဝင်သယ်ဆောင်လာသူများအား အရေးယူ

**တောင်ငူ ဇူလိုင် ၃၀**

သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီက တောင်ငူမြို့နယ် ထီးလှိုင်မောင်းတံဂိတ်၌ ဝက်ဝံတစ်ကောင်ကို တရားမဝင်သယ်ဆောင်လာသူများအား အရေးယူထားကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့များသည် ထီးလှိုင်မောင်းတံဂိတ်၌ အုတ်တွင်းမြို့တောပုကျေးရွာနေ ကျော်ဇင်ထွန်း(၂၇ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ မသီအောင် (၄၀ နှစ်) လိုက်ပါလာသော 1H/---- ကန်တာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ လေးလသားအရွယ် ဝက်ဝံအမတစ်ကောင်ကို တွေ့ရှိခဲ့သောကြောင့် ကျော်ဇင်ထွန်း ပါနှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ရိုက်တာသတင်းထောက်နှစ်ဦး အမှုဆက်လက်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (၃) ဝလုံးနှင့် ကိုကျော်စိုးဦး (၃) မိုးအောင် တို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိကာ တရားခွင် -၆ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင် (၃) ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ ဒီကနေ့ ကျော်စိုးဦး (၃) မိုးအောင်ကို နှစ်ဖက်ရှေ့နေများက အပြန်အလှန်စစ်မေးခဲ့ပါတယ်။ အမှုမှ တင်ပြထားတဲ့ တရားခံပြသက်သေ လေးဦးထဲမှ ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနက တရားခံပြသက်သေတစ်ဦး ဖြစ်တဲ့ ယာဉ်မောင်း ကိုမျိုးသန့်ထွန်းကို စစ်ဆေးခဲ့ပါတယ်။ ဒီနေ့စစ်ဆေးရာမှာ ရုံးချိန်ကုန်ဆုံးထိတိုင် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ထပ်မံစစ်ဆေးမှုပြုလုပ်ရန် သြဂုတ် ၆ ရက် တနင်္လာနေ့ကို ချိန်းဆိုထားပါတယ်၊ အဲဒီရုံးချိန်းမှာ ကျန်ရှိနေသေးတဲ့ တရားခံပြသက်သေသုံးဦးအနက် နှစ်ဦးကို ရုံးရှေ့တင်ပို့ပေးနိုင်ဖို့ အမှုလိုက်ဥပဒေအရာရှိကို လမ်းညွှန်မှာကြားခဲ့တာရှိပါတယ်" ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၄ ဦးအား လောင်းကြေးငွေကျပ် ၂၉ သိန်းကျော်နှင့်အတူ ဖမ်းမိ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရေကန်အနီး၌ ဇူလိုင် ၂၉ ရက်ညနေ ၃ နာရီခွဲက ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၄ ဦးအား လောင်းကြေးငွေကျပ် ၂၉ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးရာ အဆိုပါနေရာတွင် လှိုင်မြို့နယ် (၆)ရပ်ကွက်နေ ကျော်မြင့်စိုး (၃) ဝရှည်(၃၂နှစ်)၊ (၁)ရပ်ကွက်နေ အန့်ကူ(ခ)ကျော်နိုင်ဝင်း၊ လသာမြို့နယ် (၅)ရပ်ကွက်နေ ဝင်းအောင်(၄၈ နှစ်)၊ စမ်းချောင်းမြို့နယ် မြေနီကုန်းနေ လှထွဋ် (၄၈ နှစ်)၊ မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက်နေ သူရိန်အေး (ခ) ကိုသူ (၃၇ နှစ်)၊ ရွှေပေါက္ကံ (၁၂)ရပ်ကွက်နေ အောင်အောင်သန်း(၄၅ နှစ်)၊ အင်းစိန်မြို့နယ် ကြိုကုန်းရပ်ကွက်နေ မောင်ဇော် (၃၉ နှစ်)၊ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်နေ တင်ဝင်းနိုင် (၅၄ နှစ်)၊ ဒဂုံအရှေ့မြို့နယ် (၁)ရပ်ကွက်နေ တင်ရှိန်(၅၈ နှစ်)၊ တစ်ရပ်ကွက်တည်းနေ ရွှေစိုး(၅၈ နှစ်)၊ (၁၅၆)ရပ်ကွက်နေ သန်းနိုင် (၄၈ နှစ်)၊ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်နေ ကျော်ဇေယျာမိုး(၃၆ နှစ်)၊ (၈)ရပ်ကွက်နေ သီဟအောင် (ခ)ကြက်ကြီး(၃၁ နှစ်)နှင့် ကြည်မြင့်တိုင်မြို့နယ် စျေးလေးရပ်ကွက်နေ ဇင်မျိုးဦး(ခ) ဇင်မျိုး(၄၂ နှစ်) တို့ ၁၄ ဦးအား ကြက်တိုက်လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်ဖလေးကောင်နှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၉၂၈၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်မြင့်စိုး(ခ) ဝရှည်ပါ ၁၄ ဦးအား မရမ်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေနံစိမ်းလှယ်ထည့်နေစဉ် မီးလောင်မှုဖြစ်၍ ယာဉ်နှစ်စီးမီးလောင် တစ်ဦးသေဆုံး

**ဘုတလင် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် လက်ပံမြောက်ကျေးရွာအနီး ကွင်းအမှတ်(၁၉၀/က) ဆပ်ပြာကျင်းကွင်း၌ ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီက ဦးသန့်ဇင်(စိစစ်ဆဲ)ပိုင် ရေနံချက်ဖို (လျှောက်ထားဆဲ) သို့ မော်လိုက်မြို့နေ မောင်ဇော် (၃၀ နှစ်) မောင်းနှင်သည့် 8K/---- ဆီဘောက်ဆာယာဉ်သည် ရေနံစိမ်းများ သယ်ဆောင်လာပြီး ငါန်းဗွန်မြို့နယ် နတ်ကြီးရွာနေ အောင်ပု (၂၇ နှစ်) မောင်းနှင်သည့် YGN-5D/---- ဆီဘောက်ဆာယာဉ်ပေါ်သို့ ပြောင်းရွှေ့ထည့်နေစဉ် ကားပိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မော်တော်ယာဉ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကာ လူတစ်ဦးမှာ မီးလောင်သေဆုံးသွားခဲ့သောကြောင့် မောင်ဇော်၊ အောင်ပုနှင့် ရေနံချက်ဖို မန်နေဂျာ ကိုတင့် (၃၅နှစ်)တို့ ဦးအား ဘုတလင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ကန့်ဘလူ၌ ကျန်းမာရေးဝန်ထမ်း အမျိုးသမီးတစ်ဦး ဓားခုတ်ခံရ

**ကန့်ဘလူ ဇူလိုင် ၃၀**

ကန့်ဘလူမြို့နယ် ညောင်ဇင်လေးကျေးရွာ ကျေးလက်ကျန်းမာရေး ဆရာမ ဒေါ်ဝါဝါအောင် (၃၅ နှစ်)သည် ဆေးပေးခန်းဝင်း အတွင်းရှိ နေအိမ်၌ တစ်ဦးတည်းအိပ်နေစဉ် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီက အမျိုးသားတစ်ဦးက ကျန်းမာရေးမကောင်းသူအား ဆေးကုသပေးရန် ပြောဆိုသဖြင့် နေအိမ်တံခါး ဖွင့်ပေးခဲ့ရာ ယင်းအမျိုးသားက ဒေါ်ဝါဝါအောင်အား လည်ပင်းညှစ်ကာ အသင့်ပါလာသော ဓားဖြင့်ခုတ်ပြီး ထွက်ပြေးသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဒေါ်ဝါဝါအောင်တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သောကြောင့် အရေးယူပေးရန်တိုင်တန်းချက်အရ ပြစ်မှုကျူးလွန်သူအား ဇီးကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုရဲ**

# ဂျပန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော အပူပိုင်းမုန်တိုင်း ဂျောင်ဒရီ တောင်ပိုင်းသို့ ရွှေ့လျားလျက်ရှိ

**တိုကျို ဇူလိုင် ၃၀**

အပူပိုင်းမုန်တိုင်း ဂျောင်ဒရီသည် ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းသို့ ရွှေ့လျားသွားကြောင်း သိရသည်။ အဆိုပါမုန်တိုင်းသည် ကာဂိုရှိမာ စီရင်စုရှိ ရာကူရှိမာကျွန်း အနောက်ဘက် ၇၀ ကီလိုမီတာတွင်တိုက်ခတ်လျက်ရှိပြီး တောင်ဘက်သို့ တစ်နာရီလျှင် ကီလိုမီတာ ၂၀ ခန့်နှုန်းဖြင့် ရွှေ့လျားနေကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

အပူပိုင်းမုန်တိုင်းဂျောင်ဒရီ၏ ဗဟိုအနီးတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ ကီလိုမီတာရှိကြောင်း သိရသည်။ ရှင်ကိုကုနှင့် ကျူရှူးဒေသတို့တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့လည်း ဖြစ်ပေါ်နိုင်ကြောင်း၊ အဆိုပါ မုန်တိုင်းသည် ကျူရှူးတွင် အားပျော့ပျက်ပြယ်သွားနိုင်ကြောင်း ခန့်မှန်းထားသည်။

မြေပြိုခြင်း၊ ရေကြီးခြင်း၊ မြစ်ရေမြင့်တက်ခြင်း၊ လှိုင်းကြီးခြင်း အစရှိသည်တို့အတွက် ကြိုတင်ပြင်ဆင်ထားရန် ဂျပန်ပြည်သူလူထုကို နှိုးဆော်မှုများပြုလုပ်ထားသည်။

**အင်နန်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ ဆည်ကျိုးမှုကို စုံစမ်းနိုင်ရေး တောင်ကိုရီးယား၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်း ဆောင်ရွက်သွားမည်

**ဝီယင်ကျန်း ဇူလိုင် ၃၀**

လာအိုအစိုးရသည် Xe-Pian Xe-Mamnoy ရေအားလျှပ်စစ်ဆည် စီမံကိန်းတွင်ပါဝင်ကြသော နိုင်ငံများနှင့် အတူ ပူးပေါင်းကာ ဆည်ကျိုးခြင်း အကြောင်းကို စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ထောင်လွန်းစီဆုလစ် က ပြောသည်။

၄၁၀ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်စီမံကိန်းသည် တောင်ကိုရီးယားမှ SK အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီနှင့် Korea Weatern Power ကုမ္ပဏီ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံမှ ရက်ချ်ဘူရီ လျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်သည့် ရေအားလျှပ်စစ် စီမံကိန်းလည်း ဖြစ်သည်။

ဇူလိုင် ၂၃ ရက်က အဆိုပါဆည်ကျိုးပေါက်ခဲ့ပြီး အနီးအနားကျေးရွာများ ရေလွှမ်းမိုးခဲ့သည်။ လူ ကိုးဦးသေဆုံးသည်ဟု အတည်ပြုနိုင်ခဲ့ပြီး လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်သည်။ ဆည်ကျိုးရခြင်း အကြောင်းကို ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း လာအိုဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု နေ့စဉ်ထုတ် အွန်လိုင်းသတင်းစာဖြစ်သော ဗီယင်ကျန်းတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

လာအိုဒီမိုကရက်တစ် အစိုးရသည် အဆိုပါကုမ္ပဏီများ၏ နိုင်ငံများနှင့် အတူပူးပေါင်းကာ ယင်းပြဿနာကို အဖြေရှာသွားမည်ဖြစ်ကြောင်း ဆည်ကျိုးမှုကြောင့် ဘေးဒုက္ခရောက်နေသည့် ပြည်သူများကို ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ပြောခဲ့သည်။ အစိုးရဘက်မှ ကဏ္ဍပေါင်းစုံတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း ခင်မင်ရင်းနှီးသည့် တိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းကာ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများတွင် ကူညီကြမည်ဟုလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံတွင် ဝန်ကြီးချုပ် ဟွန်ဆန်၏ လက်ရှိအာဏာရပါတီ သောင်ပြိုကမ်းပြိုအနိုင်ရ

**ဖနောင်ပင် ဇူလိုင် ၃၀**

ကမ္ဘောဒီးယားနိုင်ငံတွင် ဝန်ကြီးချုပ် ဟွန်ဆန် ဦးဆောင်သည့် ပါတီက နေရာ ၁၂၅ နေရာလုံး အနိုင်ရရှိခဲ့သည်ဟု ကြေညာခဲ့သည်။ သို့သော် အတိုက်အခံပါတီများကို အစိုးရက နှိပ်ကွပ်ထားသည်ဟုဆိုကာ လက်ရှိအနိုင်ရရှိမှုကို အပြည်ပြည်ဆိုင်ရာက ဝေဖန်နေကြသည်။

ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ချက်အရ အခြားသောပါတီ ၁၉ ခုက နေရာအနည်းငယ်သာ အနိုင်ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားပြည်သူ့ပါတီမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ မစ္စတာဟွန်ဆန်က ၎င်း၏ ဖေ့ဘုတ်စာမျက်နှာတွင် မဲပေးခဲ့သည့် ပြည်သူများကို ကျေးဇူးတင်ကြောင်း၊ ဒီမိုကရေစီနှင့် နီးကပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝေဖန်သူများကမူ မစ္စတာဟွန်ဆန်၏ ပါတီသည် အာဏာရှင်စနစ်ကို ဦးတည်နေကြောင်း ဝေဖန်ခဲ့ကြသည်။ ၎င်းသည် ဆယ်စုနှစ်သုံးခုစာ တိုင်းပြည်အာဏာကို ရရှိခဲ့ပြီးဖြစ်သည်။ မစ္စတာဟွန်ဆန်အစိုးရသည် မီဒီယာများနှင့် အင်အားအကြီးဆုံး ပြိုင်ဘက်ပါတီကို ဖိနှိပ်ထားခဲ့ကြောင်း ဝေဖန်ကြသည်။

အတိုက်အခံပါတီဖြစ်သော (CNRP) မှ ခေါင်းဆောင် ဆမ်ရိန်စီက ၎င်းတို့သည် ငြိမ်းချမ်းစွာဆန္ဒပြမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အမေရိကန်ကမူ လက်ရှိမဲပေးမှုသည် မျှတမှုမရှိသကဲ့သို့ လွတ်လပ်မှုလည်း မရှိကြောင်း ကြေညာခဲ့သည်။

**အင်နန်အိတ်ချ်ကေ**

## ဂရိတောမီးကြောင့် သေဆုံးသူ ၉၁ ဦးထိရှိလာ

**အေသင် ဇူလိုင် ၃၀**

ဂရိတောမီးကြောင့် သေဆုံးသူ သုံးဦးတိုးလာကြောင်း ဂရိမီးသတ်ဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။ အေသင်မြို့အနီး အပန်းဖြေကမ်းခြေသို့ တောမီးကူးစက်လောင်ကျွမ်းခဲ့ရာ သေဆုံးသူ စုစုပေါင်း ၉၁ ဦးအထိ ရှိလာပြီဖြစ်သည်။ နောက်ထပ် ၂၅ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တောမီးအကြီးအကျယ်လောင်ကျွမ်းပြီးနောက် ပထမဆုံးအကြိမ် ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။ မည်သူမည်ဝါမှန်း မခွဲခြားနိုင်သေးသော အလောင်း ၂၈ လောင်းကိုလည်း မှူခင်းဆရာဝန်များက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် သေဆုံးရသူများထဲတွင် ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်မှာ ကလေးငယ်များလည်း ပါဝင်နေကြခြင်းပင် ဖြစ်သည်။ သေဆုံးသွားသော ကလေးအရေအတွက်ကို အတိအကျ မသိရသေးသော်လည်း အသက်ကိုးနှစ် အရွယ် အမ္ဘာကလေးငယ်နှစ်ဦး၊ အသက် ခြောက်လအရွယ် မွေးကင်းစကလေးငယ် တစ်ဦး၊ အသက် ၁၃ နှစ်နှင့် အသက် ၁၁ နှစ်အရွယ်ရှိ မောင်နှမ နှစ်ဦး၊ အခြားအသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးတို့ ပါဝင်ကြသည်။

တောမီးလောင်မှုကို ခံစားရသူများထဲတွင် ပြည်ပခရီးသွားများလည်း ပါဝင်ကြောင်း၊ ပြည်ပခရီးသွားများထဲတွင် အိုင်းရစ်လူမျိုးစုံတွဲ တစ်တွဲလည်း ပါဝင်ကြောင်း၊ ယင်းစုံတွဲမှာ ဟန်းနီးမွန်းထွက်လာရင်း ယင်းသို့ အဖြစ်ဆိုးနှင့် ကြုံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပိုလန်အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သားဖြစ်သူ၊ ဘယ်လ်ဂျီယံအမျိုးသား တစ်ဦးနှင့် ၎င်း၏ သမီးဖြစ်သူတို့ ပါဝင်ခဲ့ပြီး သမီးဖြစ်သူမှာ ကယ်တင်ခံခဲ့ရကြောင်း သိရသည်။ ပြည်သူများ အသက်ဆုံးရှုံးခဲ့ရမှုကို ဖုံးကွယ်ထားသည်ဟု အတိုက်အခံများက အစိုးရကို စွပ်စွဲကြသည်။

တောမီးလောင်ကျွမ်းမှုကို အစိုးရက ရာဇဝတ်မှုတစ်ခုဟု သတ်မှတ်ထားသည်။ ဒေသခံတစ်ဦးသည် သစ်ရွက်ခြောက်များနှင့် မြက်ခြောက်များကို မီးရှို့ခဲ့ပြီး ၎င်း၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းခဲ့ရခြင်း ဖြစ်ကြောင်း သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## ဒေလီမြို့တွင် ရေဘေးသတိပေးမှုကြောင့် လူပေါင်း သုံးထောင်ကျော် ကယ်တင်

**နယူးဒေလီ ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ယမုံနာမြစ်ရေသည် လွန်ခဲ့သောနှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက် မြင့်တက်လာမှုကြောင့် ရေဘေးသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ယမုန်နာမြစ်သည် စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေပြီး ဒေလီမြို့ မြောက်ဘက်မိုင် ၁၅၀ အကွာ ဟက်နီကွန်ရေကာတာမှ ရေများ လွှတ်လိုက်ခြင်းကြောင့် ရေများမြင့်တက်လာခြင်းဖြစ်သည်။

လွန်ခဲ့သော ရက်များအတွင်း ဒေလီမြို့နှင့် အနီးတစ်ဝိုက်ရှိ မြို့များ တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လည်းအခြေအနေ ပိုရှုပ်ရှားလာခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဇူလိုင်နှင့် သြဂုတ်လများမှာ မိုးရာသီကာလများ ဖြစ်သည်။ မြစ်ရေမြင့်တက်လာမှုကြောင့် ရထားခရီးစဉ် ၂၇ ခုကိုလည်း ရပ်နားထားခြင်း သို့မဟုတ် အခြားသောလမ်းမှပြောင်း၍မောင်းရန် စီစဉ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း ရထားလမ်း တာဝန်ရှိသူများ ကပြောသည်။

အနိမ့်ပိုင်းဒေသမှ ဒေသခံများကို ကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ လူပေါင်း ၃၀၀၀ ခန့်ကိုလည်း ကယ်တင် နေရာရွှေ့ပြောင်းထားပြီး ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် သောက်သုံးရေနှင့် အခြားသော လိုအပ်သည်များကို ဖြည့်ဆည်းရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေလီမြို့သည် ၁၉၇၈ ခုနှစ်က ယမုံနာမြစ်ရေ မြင့်တက်လာမှုကြောင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဒဏ် ခံစားခဲ့ရသည်။

**ဆင်ဟွာ**

# ကမ္ဘာတစ်လွှားဖြစ်ပွားနေတဲ့ အပူလှိုင်းများ

*တင်လင်းအောင်*

မြင့်မားသည့်အပူချိန်ကို ရှောင်ရှားရန် ကြိုးပမ်းနေကြသည့် ပါရီမြို့သူမြို့သားများ။

ရာသီဥတုပြောင်းလဲမှုကြောင့် ဂရိနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ သေစေနိုင်လောက်တဲ့ တောမီးလောင်ကျွမ်းမှုလိုပြင်းထန်တဲ့ အပူလှိုင်းတွေဟာ အခုတလော ကမ္ဘာပေါ်မှာ ခဏခဏ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်ပွားလာတာကို မျက်မြင်ဒိဋ္ဌတွေ့မြင်ရတာဖြင့် စိတ်မအေးစရာပါ။ အခုလိုမျိုး ဆိုးရွားလှတဲ့ ရာသီဥတုပြောင်းလဲမှုတွေ ကမ္ဘာပေါ်မှာ ရှေးကထက် ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လာဖို့အလားအလာရှိတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

**စံချိန်သစ်တင်ခဲ့တဲ့ အပူချိန်**

ကမ္ဘာကြီးရဲ့ မြောက်ပိုင်းအခြမ်းတွေဖြစ်တဲ့ နော်ဝေမှ ဂျပန်နိုင်ငံအထိ မကြာသေးမီ ရက်သတ္တပတ်ကပြင်းထန်တဲ့ အပူချိန်စံချိန်သစ်တင်ခဲ့တာဟာဖြင့် မယုံကြည်နိုင်စရာကောင်းလှပါတယ်။ သို့သော်လည်း ဒါတွေဟာ တကယ်ဖြစ်ခဲ့တာပဲ ဖြစ်ပါတယ်။

ပူလောင်လှတဲ့ နွေရာသီကာလနဲ့ တောမီးလောင်ကျွမ်းမှုတွေ ဂရိနိုင်ငံမှာ ဖြစ်ပွားခဲ့တာကြောင့် သူ့ရဲ့အကျိုးဆက်အနေနဲ့ လူ ၈၂ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ဂရိနိုင်ငံရဲ့ အဆိုးရွားဆုံး အပူလွန်ကဲရာမှတစ်ဆင့် ဖြစ်ပွားခဲ့တဲ့ အကြောင်းတရားတစ်ခုပဲ ဖြစ်ပါတယ်။

အရင်က ဒီလိုမျိုး ဆိုးရွားလှတဲ့ ဖြစ်ရပ်မျိုးတွေ ဖြစ်ပွားလေ့မရှိသလို ဒီလိုမျိုး ဖြစ်ရပ်မျိုးဆိုတာ ကြုံတောင့်ကြုံခဲပဲ ဖြစ်လေ့ဖြစ်ထရှိတာပါ။ အခုဖြစ်ပွားခဲ့တဲ့ ဂရိတောမီးဟာ ဆယ်စုနှစ်အတွင်း ဂရိနိုင်ငံမှာ အကြီးမားဆုံး လောင်ကျွမ်းခဲ့တဲ့ တောမီးဖြစ်ခဲ့တာကြောင့် ဂရိဝန်ကြီးချုပ်လည်း သုံးရက်တာ ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့တွေအဖြစ် သတ်မှတ်ကြေညာခဲ့ပါတယ်။

**ဂျပန်နိုင်ငံ၌လည်း အပူချိန်လွန်ကဲ**

ထို့အတူပဲ ဂျပန်နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ အပူလွန်ကဲမှုကြောင့်လည်း လူဒါဇင်ပေါင်းများစွာ သေဆုံးသူ သေဆုံး၊ နာမကျန်းဖြစ်သူဖြစ် ဖြစ်ပွားခဲ့ကြောင်း သိရပါတယ်။ အပူချိန်မြင့်တက်လွန်ကဲမှုကြောင့် လူတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတာကြောင့် ပြည်သူတွေအနေနဲ့ နေ့အချိန်တွေမှာ အိမ်အပြင်ထွက်တာကို ရှောင်ရှားပြီး လေအေးပေးစက်တွေသုံးစွဲကာ နေအိမ်တွင်း နေထိုင်ကြဖို့ ရာသီဥတုကျွမ်းကျင်သူတွေက သတိပေးခဲ့ပါတယ်။

ဂျပန် နိုင်ငံရဲ့တချို့ဒေသတွေမှာ အပူချိန်တွေ ဆက်လက်မြင့်တက်လျက်ရှိရာ ၃၆ ဒသမ ၈ ဒီဂရီ အထိ ရှိကြောင်း သိရပါတယ်။ ဂျပန်နိုင်ငံတစ်ဝန်း နေ့အပူချိန်မြင့်မားမှုတွေကြောင့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမယ့် ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲအတွက်လည်း စိုးရိမ်မှုတွေ မြင့်တက်လျက်ရှိပါတယ်။

ဥရောပမြောက်ပိုင်းမှာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ အပူလွန်ကဲမှုကတော့ ထူးခြားခဲ့ပါတယ်။ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက အပူချိန်မျှားဟာ အိုင်ယာလန်မှ စကင်ဒီနေးဗီးယန်းနဲ့ ဘောလ်တစ်နိုင်ငံတွေမှာ သြဂုတ်လ အစောပိုင်းအထိ ဆက်လက်မြင့်တက်ဖို့ အလားအလာရှိတယ်လို့ကြိုတင်ခန့်မှန်းခဲ့ပါတယ်။

**ဆွီဒင်နိုင်ငံ၏ အပူလွန်ကဲမှုဖြစ်စဉ်**

ဆွီဒင်နိုင်ငံမှာ ဇူလိုင်လဟာ နှစ်ပေါင်း ၂၅၀ အတွင်း အပူဆုံးလ ဖြစ်ခဲ့ပါတယ်။ အပူချိန်လွန်ကဲမှုဖြစ်စဉ်တွေကြောင့် ဒေသမျိုးရင်းတိရစ္ဆာန်ဖြစ်တဲ့ တန်ခြာသမင်တွေလည်း အဲဒီဒဏ်တွေကို ဆိုးရွားစွာ ခံစားခဲ့ရပါတယ်။

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ်မှာလည်း အပူလွန်ကဲရာမှတစ်ဆင့် တောမီးလောင်မှုဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်ကြောင့် အနည်းဆုံး ခုနစ်ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ် ချီဟုဒေသမှာ အပူချိန်ဟာ ၄၈ ဒသမ ၉ ဒီဂရီ ဆဲစီးရပ်စ်အထိ ရှိခဲ့တယ်လို့လည်း သိရပါတယ်။

ပုံမှန်အားဖြင့်တော့ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းတစ်ခုမှာ အပူလွန်ကဲမှုတွေဖြစ်ပါတယ်လို့ ရာသီဥတုအကျိုးဆက် သုတေသနဆိုင်ရာ ပို့စ်ဒမ်အင်စတီကျူမှ ပါမောက္ခ အန်ဒါလီဗာမင်းန်က ပြောပါတယ်။ သို့သော်လည်း အခုအခါမှာ ကမ္ဘာကြီးရဲ့ မြောက်ပိုင်းတစ်ပိုင်းလုံးမှာ အပူချိန်အလွန်ပြင်းထန်မှုတွေ ဖြစ်ပေါ်ခဲ့တာဟာ အံ့ဩဖွယ်ကောင်းပါတယ်လို့ သူက သုံးသပ်ပါတယ်။

အပူလွန်ကဲမှု ဖြစ်စဉ်တွေဟာ လူသားတွေကြောင့်လားဆိုတာ ခန့်မှန်းဖို့မလွယ်ကူလှပါဘူးလို့ ပြင်သစ်ရာသီဥတုကျွမ်းကျင်သူ ဂျန်ဂျီးဇယ်က ပြောပါတယ်။

**ဖန်လုံအိမ်ဓာတ်ငွေ့အကျိုးဆက်**

သို့သော်လည်း လွန်ခဲ့တဲ့ ရက်သတ္တပတ်က အပူချိန်မြင့်တက်လာတာဟာ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုရဲ့ အကျိုးဆက်ကြောင့် ဖြစ်နိုင်တယ်လို့ ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်းမှ ဒုတိယအတွင်းရေးမှူးချုပ် အီလီနာ မနန်ကိုဗာက ပြောပါတယ်။

အခုလိုမျိုး အပူချိန်ပြင်းထန်လွန်ကဲလာတာဟာ ကာဗွန်ထုတ်လွှတ်မှုကို မလျှော့ချတဲ့ အကြောင်းတရားတွေလားဆိုတာ စဉ်းစားစရာကောင်းတယ်လို့ လီဗာမင်းန်က ဆိုပါတယ်။ အပူချိန်ပြင်းထန်လွန်ကဲတာဟာ မြောက်ပိုင်းဥရောပမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပမာဏထက် ပိုအဖြစ်များလာကြောင်း သိရပါတယ်။

အခုဖြစ်တဲ့ ဖြစ်ရပ်တွေနဲ့ အရင်ကကျွမ်းကျင်ပညာရှင်တွေ ပြုလုပ်ခဲ့တဲ့ ရာသီဥတုဆိုင်ရာ သုတေသနနဲ့ လေ့လာမှုတွေကို သုံးသပ်မယ်ဆိုရင် လာမယ့် နှစ်တွေမှာ ကမ္ဘာကြီးအတွင်း အပူလွန်ကဲမှုတွေ ပိုမိုဖြစ်လာဖို့ အလားအလာရှိနေတယ်လို့ ကုလသမဂ္ဂရာသီဥတုကျွမ်းကျင်သူတစ်ဦးက ဆိုပါတယ်။

၂၀၁၅ ခုနှစ် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်မှာ အပူချိန်တိုးမြင့်မှုကို စက်မှုဖွံ့ဖြိုးမှုအကြိုအဆင့် နိုင်ငံတွေ သို့မဟုတ် စက်မှုဖွံ့ဖြိုးဖို့ စပ်ကူးမပ်ကူးကာလကို ရောက်နေတဲ့ နိုင်ငံတွေ ထက် ၂ ဒီဂရီဆဲစီးရပ်စ်အထိ သတ်မှတ်ထိန်းချုပ်ဖို့ သတ်မှတ်ထားသော်လည်း ကျွမ်းကျင်သူများက ဆိုးရွားလှတဲ့ မိုးခေါင်ရေရှားတာ၊ အပူလှိုင်းတွေ၊ ရေကြီးတာတွေနဲ့ ဟာရီကိန်းမုန်တိုင်းတွေဟာ ကမ္ဘာကြီးရဲ့ နေရာအနှံ့မှာဖြစ်ပွားဖို့ အလားအလာရှိတယ်လို့ ခန့်မှန်းခဲ့ပါတယ်။

လက်ရှိ အခြေအနေရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် လာမယ့် ၂၁၀၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်လောက်ဟာ သေစေနိုင်လောက်တဲ့ အပူလှိုင်းဒဏ်ခံစားရမယ်လို့ Nature Climate ဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။

နှစ်စဉ်နှစ်တိုင်းမှာ အပူချိန်နဲ့ ပတ်သက်ပြီး စံချိန်သစ်တင်မြင့်တက်မှုတွေဟာ ရုရှားမှ ပြင်သစ်၊ ထိုမှတစ်ဖန် ဂျပန်နိုင်ငံအထိ ဖြစ်ပေါ်နေပါတယ်လို့ ဂျီဇယ်က ပြောပါတယ်။

၂၀၀၃ ခုနှစ် အပူလှိုင်းကြောင့် ဥရောပမှာ လူပေါင်း ၇၀၀၀၀ လောက် သေဆုံးခဲ့ပါတယ်။ အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေတွေဟာ ၂၀၅၀ ပြည့်နှစ်၊ ၂၀၆၀ ပြည့်နှစ်လောက်မှာ ပိုမိုဆိုးရွားဖို့ ရှိတယ်လို့ ဂျီဇယ်က ဆက်ပြောခဲ့ပါတယ်။

ပူနွေးတဲ့လေနဲ့ ခြောက်သွေ့တဲ့ ကုန်းမြေတွေဟာ အမျိုးမျိုးသော မီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပွားစေနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

**အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုများ**

၂၀၁၇ ခုနှစ်ဟာ ဥရောပမှာ တောမီးလောင်ကျွမ်းမှုဟာ အဆိုးရွားဆုံးဖြစ်ပွားခဲ့တယ်လို့ ဥရောပကော်မရှင်က ပြောပါတယ်။ ပေါ်တူဂီ၊ စပိန်နဲ့ အီတလီနိုင်ငံမှာရှိတဲ့ ကုန်းမြေ ၈၀၀၀၀ ဟက်တာလောက်ဟာ မီးလောင်ကျွမ်းခဲ့ပါတယ်။

ပြင်သစ်နိုင်ငံမှာလည်း အပူချိန်မြင့်မားလာတဲ့အတွက် ပြင်းထန်တဲ့ အပူလှိုင်းဒဏ်ဟာ နိုင်ငံတစ်ဝန်းဖြစ်ပေါ် ခံစားခဲ့ရပါတယ်။

ပြင်သစ်နိုင်ငံမြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနဲ့ အရှေ့တောင်ပိုင်းတို့မှာလည်း အပူချိန်နဲ့ပတ်သက်ပြီး အဝါရောင်သတိမှတ်ချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။

အပူချိန်ပြင်းထန်မှုဟာ ပုံမှန်အားဖြင့် ကမ္ဘာကြီးရဲ့တစ်စိတ်တစ်ပိုင်းလောက်မှာသာ ဖြစ်ပွားလေ့ရှိတာဖြစ်ပြီး အခုအခါမှာတော့ ကမ္ဘာကြီးရဲ့ မြောက်ပိုင်းအခြမ်း တစ်ခြမ်းလုံးမှာ ဖြစ်ပေါ်ခဲ့တာကိုကြည့်ရင် တဖြည်းဖြည်းနဲ့ ကမ္ဘာကြီးရဲ့ ရာသီဥတုဖောက်လွဲ ဖောက်ပြန်ဖြစ်လာတာကို မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

နောင်လာမယ့် အနာဂတ်မှာလည်း ရာသီဥတုဖောက်ပြန်မှုတွေဟာ ပိုမိုဆိုးရွားလာပြီး တစ်နှစ်ထက်တစ်နှစ် လူသားတွေအနေနဲ့ ပိုမိုသတိထားပြီး နေထိုင်ကြရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ကမ္ဘာကြီးကို ထိန်းသိမ်းဖို့ဟာလည်း လူသားထုတစ်ရပ်လုံးရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီးကို ထိန်းသိမ်းနိုင်မှသာ ကမ္ဘာကြီးရဲ့ ဖောက်ပြန်မှုတွေက ကာကွယ်နိုင်မှာဖြစ်တာကြောင့် ကမ္ဘာကြီးကို မှီတင်းနေထိုင်ကြတဲ့ လူထုတစ်ရပ်လုံးအတွက် အရေးကြီးပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

---

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားနိုင်ငံ၌ မြေငလျင် လှုပ်ခတ်ပြီးနောက် လမ်းများ ပျက်စီးသွား၍ ခရီးသွား ၅၀၀ ခန့် ပိတ်မိနေ

**ဂျကာတာ ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ ခရီးသွားများ နှစ်ခြိုက်စွာ သွားလာလေ့ရှိသည့် လွန်ဘွတ်ကျွန်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုမှုများနှင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ခရီးသွားစုစုပေါင်း ၅၂၄ ဦးမှာ အဆိုပါကျွန်းတွင် ပိတ်မိနေကြောင်း အစိုးရအရာရှိများက တနလာ်နေ့တွင် ပြောသည်။

နူဆာတင်ဂါရာပြည်နယ် အနောက်ပိုင်းတွင် ရင်ဂျာနီမီးတောင်သို့ အလည်အပတ်သွားကြသော ပြည်တွင်းနှင့် ပြည်ပခရီးသွားပေါင်း ၁၆၆ ဦး အလည်အပတ်သွားလျက်ရှိကြောင်း အမျိုးသားသဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူးနူဂရိဟိုက ပြောသည်။ နိုင်ငံခြားခရီးသွားများမှာ အမေရိကန်ပြည်ထောင်စု၊ ဖြိတိန်၊ မလေးရှား၊ ကနေဒါ၊ ပြင်သစ်၊ နယ်သာလန်၊ ထိုင်း၊ စင်ကာပူတို့မှဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ တောင်များပြိုကျမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ တနလာ်နေ့တွင် ရဲများ၊ တပ်မတော်သားများ၊ စေတနာ့ဝန်ထမ်းများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသော ငလျင်ကြောင့် မလေးရှားနိုင်ငံသားအပါအဝင် ၁၄ ဦး သေဆုံး ခဲ့ရသည်။ ဒဏ်ရာရရှိသူ ၁၆၂ ဦးအထိရှိပြီး နေအိမ်နှင့် အဆောက်အအုံပေါင်း တစ်ထောင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

### ၂၀၁၅ ခုနှစ်မှ စတင်၍ ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၂ သန်း နေရပ်သို့ပြန်

**မော်စကို ဇူလိုင် ၃၀**

ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်သမားများကို ရုရှားမှ စစ်ဆင်ရေးများဆင်နွှဲပြီးနောက် ၂၀၁၅ ခုနှစ်မှစတင်၍ ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၂ သန်းခန့် နေရပ်သို့ ပြန်ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ ၂၀၁၅ ခုနှစ်မှစ၍ ဆီးရီးယားနိုင်ငံအတွင်း ဒုက္ခသည်စခန်းများတွင် ပြောင်းရွှေ့နေထိုင်သူ ၁ ဒသမ ၁၈၆ သန်းသည် မူရင်းနေထိုင်ရာ နေရပ်သို့ ပြန်ကြကြောင်း ရုရှားတပ်ဖွဲ့နှင့် တွဲဖက်လုပ်ကိုင်သည့် ခရက်စ်နာရာ ဇက်ဗက်ဇ်ဒါသတင်းစာတွင် ဖော်ပြထားသည်။

၂၀၁၁ ခုနှစ် ဆီးရီးယားစစ်ပွဲများ စတင်ချိန်မှစ၍ ဆီးရီးယားလူမျိုး ၆ ဒသမ ၉ သန်းသည် ဆီးရီးယားနိုင်ငံမှ ထွက်ခွာသွားခဲ့ကြကြောင်း ဇူလိုင် ၂၀ တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ဆီးရီးယားနိုင်ငံအတွင်းမှ ထွက်ပြေးကြသော လူပေါင်း ၆ ဒသမ ၉ သန်းခန့်မှာ နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြည်တွင်းနည်းပညာတက္ကသိုလ်လေးခုမှ ဘွဲ့သင်တန်း ၁၈ ခုအား အင်ဂျင်နီယာကောင်စီက အရည်အသွေးစိစစ်အသိအမှတ်ပြုလက်မှတ်များချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၀

**မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် ဥပဒေပြဋ္ဌာန်းချက်ပါ တာဝန်များနှင့်အညီ ပြည်တွင်းနည်းပညာတက္ကသိုလ်များ၏ လျှောက်ထားချက်အရ အရည်အသွေး စိစစ်အသိအမှတ်ပြုခြင်းကို ဒေသတွင်း အာရှပစိဖိတ်ဒေသစံနှုန်းများနှင့် စိစစ်ခဲ့သည်။ ဤသို့ အဆင့်ဆင့် စိစစ်အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ် လေးခုမှ ဘွဲ့သင်တန်း ၁၈ ခုကို ပဏာမအသိအမှတ်ပြု (Provisional Accredited) လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး Function Hall ၌ ယမန်နေ့က ကျင်းပသည်။**

**အရည်အသွေးစိစစ် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်သည့် အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး အမှာစကားပြောကြားစဉ်။**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီဝင်များနှင့် Covener Chair Evaluator Observer များ၊ အရည်အသွေး စိစစ်အသိအမှတ်ပြုလက်မှတ် လက်ခံယူကြမည့် နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ အခြားဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

"ကျောက်ဆည် နည်းပညာတက္ကသိုလ်အနေနဲ့ မေဂျာကြီး ခြောက်ခုရခဲ့တာပါ။ နည်းပညာတက္ကသိုလ် ကျောက်ဆည်အနေနဲ့ဆိုရင် ဆရာဆရာမတွေ အားလုံးရဲ့ ညီညွတ်မှု၊ အခြားသော ဘာသာရပ်တွေကလည်း ပိုင်းဝန်းကူညီခဲ့ပြီး ကျောင်းသားကျောင်းသူတွေရော တက်ညီလက်ညီ ကြိုးစားခဲ့လို့ အခုလိုရခဲ့တာပါ။ အခုလိုလေး အသိအမှတ်ပြုလက်မှတ် လေးရလိုက်တော့ အားလုံး ပင်ပန်းရကျိုးနပ်တယ်လို့ ပြောရမှာပါ။ ဒါက တစ်ဦးချင်းအတွက် အသိအမှတ်ပြုလက်မှတ် မဟုတ်ပါဘူး။ အရည်အသွေး အကဲဖြတ်တဲ့ အဖွဲ့အနေနဲ့ဆို ဒီလက်မှတ်ကို ရရှိထားမှ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘွဲ့ရပြီးသွားတဲ့အခါမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက် အားလုံး ကြိုးစားအားထုတ်ခဲ့ရတာပါ။ အင်ဂျင်နီယာကောင်စီက ချမှတ်ထားတဲ့ EEAC ဂိုက်လိုင်းကိုလည်း အမှီပြုရတယ်။ တကယ်တော့ ဒီလက်မှတ်ရတာနဲ့ ရပ်တန့်နေလို့မရပါဘူး။ ဒီလက်မှတ်ကို ကျောက်ဆည်နည်းပညာ တက္ကသိုလ် အနေနဲ့ နှစ်စဉ်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်တယ်။ ဒီလက်မှတ်ကို ရထားတာ ပိုပြီးတော့ တာဝန်ကြီးသွားပါတယ်။ ဒါပေမယ့်လည်း မျိုးဆက်သစ် အင်ဂျင်နီယာ ကျောင်းသားတွေ အတွက် ကြိုးစားပေးလိုက်ရတာတော့ ဂုဏ်ယူပါတယ်" ဟု ကျောက်ဆည်နည်းပညာတက္ကသိုလ်မှ ဒေါက်တာခင်ခင်ခိုင် (ပါမောက္ခဌာနမှူး၊ စက်မှုအင်ဂျင်နီယာဌာန) က ပြောသည်။

အခမ်းအနားတွင် Provisional Accredited လက်မှတ်များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက နည်းပညာတက္ကသိုလ်လေးခုမှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးအသီးသီးတို့အား သက်ဆိုင်ရာဘာသာရပ်အလိုက် ချီးမြှင့်သည်။ Convener Chair Evaluator ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင်များက ချီးမြှင့်ပေးကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသို့ လျှောက်ထားခဲ့ကြသော အလှူရှင် ၁၁ ဦးအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။ အရည်အသွေး စိစစ်အသိအမှတ်ပြုလက်မှတ်များကို မန္တလေး နည်းပညာတက္ကသိုလ်မှ ဘွဲ့သင်တန်းခုနစ်ခု၊ နည်းပညာတက္ကသိုလ် (သန်လျင်) မှ ဘွဲ့သင်တန်း သုံးခု၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ဘွဲ့သင်တန်း ခြောက်ခုနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဘွဲ့သင်တန်း နှစ်ခု စုစုပေါင်း ဘွဲ့သင်တန်း ၁၈ ခုရယူခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မိုင်းဆတ်-မိုင်းခုတ်လမ်း၌ မြေပိသေဆုံးသူများ၏ မိသားစုအား ထောက်ပံ့ငွေပေးအပ်

**မိုင်းဆတ် ဇူလိုင် ၃၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ မိုင်းဆတ်-မိုင်းခုတ်သွားလမ်းမ သဲတောင် ၃၈ ကီလိုမီတာတွင် မြေသားများပြိုကျ၍ မြေပိသေဆုံးခဲ့သည့် လမ်းလုပ်သားသုံးဦး၏ မိသားစုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်က ထောက်ပံ့ငွေပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ်ကိုးသိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်က လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း လမ်းဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၀ ကို ခရိုင်လမ်းဦးစီးဌာန ခရိုင်အင်ဂျင်နီယာမှူး ဦးမျိုးဇာနည်ဦးက လည်းကောင်း၊ အလုပ်သမားခေါင်းဆောင် ဦးအောင်တင်ဝင်းက ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ သေဆုံးသူများ၏ မိသားစုဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သန်းဇော်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာစစ်တုရင် ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံညှိနှိုင်း

**ချောက် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့ အမှတ်(၆)ရပ်ကွက် ရွှေသူဌေးရပ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ် အပြည်ပြည်ဆိုင်ရာစစ်တုရင် (Chess) ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ဦးမြင့်ဆွေ (စစ်တုရင်မြန်မာ့လက်ရွေးစင်ဟောင်း) က ချောက်မြို့မှ စစ်တုရင် အားကစားသမားကောင်းများ ပေါ်ထွက်လာရေး၊ စစ်တုရင်အားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ချောက်မြို့မှ စစ်တုရင် တိုင်းဒေသကြီး လက်ရွေးစင်၊ ဝါသနာရှင်များကို ဖိတ်ကြား၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ချောက်မြို့၏ စစ်တုရင်အားကစားသမားကောင်းများ ပေါ်ထွက်လာရန်အတွက် Chess Development Club Chauk ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြီး တက်ရောက်လာသည့် စစ်တုရင်ဝါသနာရှင်များကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# လယ်တစ်ဧကလျှင် ပိုက်ဆံလျှော်မျိုးစေ့ လေးပြည်သုံးခြင်းဖြင့် သီးနှံအရည်အသွေးမြင့်တက်ပြီး စပါးအထွက်တိုးမည်

**ဖျာပုံ ဇူလိုင် ၃၀**

တောင်သူများအနေဖြင့် ငွေကုန်ကြေးကျသက်သာစွာဖြင့် လယ်တစ်ဧကလျှင် ပိုက်ဆံလျှော်မျိုးစေ့ လေးပြည်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဓာတ်မြေဩဇာဖိုး အကုန်အကျသက်သာပြီး သီးနှံအရည်အသွေးမြင့်တက်ကာ မြေဆီလွှာကို ရေရှည်အရည်အသွေး ထိန်းသိမ်းနိုင်ကြောင်း သိရသည်။

"ပိုက်ဆံလျှော်က ဘာလုပ်ရလဲဆိုတော့ ဒီနေ့ကာလမှာ စက်မှုလယ်ယာကို ကူးပြောင်းလာတဲ့ အချိန်မှာ ကျွဲ၊ နွားတွေ မရှိတော့ဘူး။ ကျွဲချေး၊ နွားချေးတွေ လယ်ထဲကိုထည့်ဖို့ ခက်လာတယ်။ အဲဒီလို အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် သဘာဝနိုက်ထရိုဂျင်ဓာတ်ပြည့်ဝတဲ့ ပိုက်ဆံလျှော်ကို သစ်စေးမြေသြဇာအဖြစ် ကျွန်တော်တို့လယ်မြေတွေမှာ အသုံးပြုရပါတယ်။ စပါးမစိုက်ပျိုးခင် ၄၅ ရက်ကြိုပြီး ထယ်ထိုးကာ ပိုက်ဆံလျှော်စေ့တွေကို ကြဲပက်ထားမယ်ဆိုရင် လယ်မြေစိုက်ပျိုးတဲ့အချိန် တစ်လခွဲရောက်ပြီဆိုတာနဲ့ မြေကြီးထဲကို ထယ်ထိုးမြှုပ်လိုက်ရင် သဘာဝမြေသြဇာတွေ အများကြီးရပါတယ်။ ဓာတုဗေဒပစ္စည်းတွေကို လျှော့ချပြီးသားဖြစ်ပြီး ရေရှည်မြေဆီလွှာကို ထိန်းသိမ်းပြီးသားဖြစ်ပါတယ်" ဟု ဖျာပုံခရိုင် အမာမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖုန်းက ပြောသည်။

တောင်သူများအနေဖြင့် လယ်မြေတစ်ဧကကို ပိုက်ဆံလျှော်စေ့ လေးပြည် အသုံးပြုလိုက်ခြင်းဖြင့် မိမိတို့ လယ်တစ်ဧကလျှင် အသုံးပြုနေသော ဓာတ်မြေ သြဇာတစ်ဝက်ကျော် အကုန်အကျသက်သာကြောင်း၊ ဓာတုပစ္စည်းကို ရေရှည်သုံးစွဲလာခြင်းကြောင့် မြေဆီလွှာပျက်စီးပြီး သီးနှံအရည်အသွေး ကျဆင်းမှုမှလည်း ကာကွယ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဖျာပုံခရိုင်အတွင်း ပိုက်ဆံလျှော်ကို စတင်စမ်းသပ်အသုံးပြုနေပြီး တောင်သူများအနေဖြင့် မိမိစိုက်မျိုးမည့် ဧကအလိုက် ပိုက်ဆံလျှော်ကို ကိုယ်တိုင် စိုက်ပျိုးထားခြင်းကြောင့်လည်း နောင်တွင် ငွေကြေးကုန်ကျမှုမရှိတော့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ရှမ်းရွာသစ် လှိုင်းဘွဲ့ကားလမ်းပေါ်ရှိ ယာယီဘေလီတံတားထိုးခြင်း လုပ်ငန်းပြီးစီး

**ရှမ်းရွာသစ် ဇူလိုင် ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့၏ တောင်ဘက် ၁၃ မိုင်ခန့် မဲသမူကျေးရွာအုပ်စု မဲသမူကျေးရွာ လှိုင်းဘွဲ့ ရှမ်းရွာသစ်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၂ ကီလိုမီတာ- ၂၃ ကီလိုမီတာကြား (၆၀×၃၀) ပေတံတားချဉ်းကပ်လမ်းသည် မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျရေများ တိုက်စားမှုကြောင့် အကျယ်ပေ ၃၀ ခန့် မြေပြိုမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မြေပြိုမှုကို ဇူလိုင် ၂၇ ရက်မှစတင်၍ လှိုင်းဘွဲ့မြို့နယ် လမ်းဦးစီးဌာန ရှမ်းရွာသစ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ရှမ်းရွာသစ်မြို့ လမ်းဦးစီးဌာနမှ ယာယီဘေလီတံတားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၉ ရက်က ပြီးစီးခဲ့၍ ယာဉ်ကြီး၊ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာရ သိရသည်။ ယာဉ်ငယ်များနှင့် ဒေသနေပြည်သူများ လွယ်ကူ၍ အဆင်ပြေလျက်ရှိကြောင်း **မြို့နယ်(ပြန်/ဆက်)**

# မင်းပြားမြို့၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး စစ်ဆေး

**မင်းပြား ဇူလိုင် ၃၀** - မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကေသလာချောင်းဝကျေးရွာ၊ အသေကျေးရွာ၊ တွေ့မဆုတ်ကျေးရွာ၊ ငစွယ်တောင်ကျေးရွာတို့တွင်အကျယ် ရှစ်ပေ၊ အနက် ပေ ၂၀ ရှိ လက်တူးအုတ်စီရေတွင်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူး ဦးသန်းစိုးဦးနှင့်အဖွဲ့ ယမန်နေ့က သွားရောက်စစ်ဆေးကာ ကျေးရွာလူထုများနှင့်တွေ့ဆုံပြီး အဆိုပါရေတွင်းများ ရေရှည်သုံးစွဲနိုင်ရန်နှင့် အခြားသော လုပ်ငန်းများနှင့်ဆက်စပ်ကာ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

# သဘာဝဘေးအန္တရာယ်များကို ခုခံနိုင်စွမ်းမြင့်မားစေရန် ပူးပေါင်းဆောင်ရွက်သင့်

**မန္တလေး ဇူလိုင် ၃၀**

အနာဂတ်ရာသီဥတုသည် မူမမှန်သည့် အစွန်းရောက်အခြေအနေများ ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ယင်းအခြေအနေများကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကို ခုခံနိုင်စွမ်းမြင့်မားစေရန် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော် တည်ရှိမှုနှင့် မုတ်သုံလေစီးကြောင်းများ၏ ရာသီမှန်တိုက်လေများ ရရှိသည့် နေရာတွင် တည်ရှိနေခြင်းကြောင့် မြစ်၊ ချောင်းများ၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ထုတ်လုပ်မှုတို့အတွက် သဘာဝလက်ဆောင်ကောင်းအဖြစ် ရေအရင်းအမြစ်ကောင်းမွန်စွာ ရရှိနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း မုတ်သုံမိုးရွာသွန်းမှုသည် ပတ်ဝန်းကျင် ဂေဟစနစ်များ ယိုယွင်းမှုတို့ကြောင့် သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ အဖြစ်ရင်ဆိုင် ကြုံတွေ့နေရကြောင်း သိရသည်။

"မုတ်သုံမိုးရွာသွန်းမှုဟာ မြေမျက်နှာပြင်ရဲ့ ဂေဟစနစ်တွေနဲ့လည်း သက်ဆိုင်မှုရှိနေတယ်။ ကမ္ဘာကြီးပူနွေးလာတာနဲ့အမျှ ပတ်ဝန်းကျင်ဆိုင်ရာလျော့ပါးမှုတွေ၊ ဂေဟစနစ်ယိုယွင်းမှုတွေကြောင့် ရာသီဥတုဖောက်ပြန်ပြီး ရေကြီးရေလျှံတာတွေ၊ မုန်တိုင်းတိုက်ခတ်တာတွေ စတဲ့ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့်လက်ရှိပြောင်းလဲလာတဲ့ရာသီဥတုနဲ့လိုက်လျောညီထွေဖြစ်အောင် အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ပြည်သူ့အားလုံးက တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြဖို့ အကြံပြုလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ မုတ်သုံလေတိုက်ခတ်မှု အခြေအနေမှာ အားအသင့်အတင့်မှ အားကောင်းလာကာ မိုးသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် မြန်မာနိုင်ငံ အောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင်မူ မုတ်သုံရာသီအားကောင်းသည့် ဇူလိုင်လနှင့် သြဂုတ်လများအနက် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုနည်းပါးလျက်ရှိသော်လည်း လာမည့်သြဂုတ်လအတွင်း၌ အရေးကြီးပေါ်ရှိသော်လည်း ရေကြီးမှု အခြေအနေများကို ကြိုတင်သိရှိနိုင်စေရန် နေ့စဉ်သုံးကြိမ် တိုင်း၍ နေပြည်တော်ရုံးချုပ်သို့ ပေးပို့ကာ ရရှိသော သချိုးပုံစံ ခန့်မှန်းချက်များ၊ အခြားစာရင်းအင်းဆိုင်ရာခန့်မှန်းချက်များနှင့် ယခင်ဖြစ်ပေါ်ခဲ့ဖူးသော အခြေအနေများကို ပေါင်းစပ်၍ မြစ်ရေကြီးမှုအခြေအနေများ ရှိပါက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

(၃၀-၇-၂၀၁၈)

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ | ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ | ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ | ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ | ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ | ကျပ် | ၉၄၅/၉၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ | ကျပ် | ၉၅၅/၉၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ | ကျပ် | ၉၃၅/၉၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ | ကျပ် | ၉၉၅/၁၀၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၇၅ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၀ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၅ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၀ . ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၂ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀۶۷-၄၀۶၂၂၂၊ ၀۶۷-၄၀۶۹۹۹**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

## ယဉ်ယာသုံး စက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းနည်း သင်တန်းဖွင့်

**တောင်ကြီး ဇူလိုင် ၃၀**

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများသို့ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်က ရွှေညောင်မြို့ စက်မှုလယ်ယာ ထွန်စက်စခန်း၊ အမှတ်(၈၅) အလတ်စားစက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီး၊ ရွာငံ၊ ဟိုပုံး၊ ရပ်စောက်၊ ဆီဆိုင်၊ ပင်လောင်းမြို့တို့မှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူထားသော သမဝါယမအသင်းသား ၂၄ ဦး သင်တန်း တက်ရောက်လျက်ရှိပြီး သင်တန်းဆရာများအဖြစ် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၅) အလတ်စား စက်ပြင်အလုပ်ရုံမှ စက်ရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် သင်တန်းဆရာများက စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၃၀ ရက်မှ သြဂုတ် ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## မြို့နယ်များ၌ မှုခင်းအသိပညာပေး လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများအား သက်ငယ်မုဒိမ်းမှု ပပျောက်လျော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ထီလုံနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်နိုင်က ယနေ့ခေတ်တွင် ဖြစ်ပွားမှု အများဆုံးဖြစ်သော သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်သည့် ဖြစ်ရပ်များကို ချပြရှင်းလင်းခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ကျေးရွာပြည်သူများအနေဖြင့် ယာဉ်မောင်းရာတွင် လိုက်နာရမည့်စည်းကမ်းများ အကြောင်းကို ပရိုဂျက်တာဖြင့် ကျေးရွာနေ ပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## မော်လမြိုင်

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လတတိယပတ်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် အမှတ် ၆ အထက၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေး က သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပြည်သူများမှ ပူးပေါင်းပါဝင်စေလိုကြောင်း၊ ဖြစ်ခဲ့သည့် သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းခြင်းနှင့် မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ဒုတိယရဲမှူး မင်းအောင်က မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

## မကွေးတိုင်းဒေသကြီး၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခု ရာနှုန်းပြည့်နီးပါးပြီးစီး

**မကွေး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခုကို တိုင်းဒေသကြီး ငွေလုံး ငွေရင်း ရန်ပုံငွေကျပ် ၁၅၅၂ ဒသမ ၉၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှစ်ခုမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ပြီး ကျန်နှစ်ခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာ ချင်းတွင်းမြစ်ရေတိုက်စားမှု၊ ပေါက်မြို့နယ် သမားတော်ကျေးရွာ ရေပြာချောင်းတိုက်စားမှု၊ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု ထူးပေါက်-အင်းကုန်း ကျေးရွာကမ်းပြိုမှု၊ ငဖေမြို့နယ် နယ်ဇောကျေးရွာ မန်းချောင်းရေတိုက်စားမှု၊ ပေါက်မြို့နယ် ချောင်းကူးကျေးရွာ ကမ်းပြိုမှု၊ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ ပင်းချောင်းရေတိုက်စားမှု၊ စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာ ကမ်းပြိုမှု၊ အောင်လံမြို့နယ်၊ ရွာထောင်ကျေးရွာ အမကကျောင်း ချောင်းရေတိုက်စားမှု စသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးမှု တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထိမ့ သိရသည်။

"ကျန်နေသေးတဲ့ ဆင်ပေါင်ဝဲမြို့နယ် စည်တိုင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက ၉၀ ရာခိုင်နှုန်းပြီးနေပါပြီ။ ကံမမြို့နယ်ထဲက ရေနံသာကျေးရွာ မန်းချောင်းရေတိုက်စားမှုလုပ်ငန်းကတော့ ရေတက်နေလို့ ဆောင်ရွက်မှု အပိုင်းက ၇၀ ရာနှုန်းလောက်ပဲ ပြီးပါသေးတယ်။ ဆောင်ရွက်နေရတဲ့လုပ်ငန်း ၁၀ခုထဲမှာ ကိုးခုက ချောင်းရေတိုက်စားတာကြောင့်ဖြစ်ပြီး တစ်ခုပဲ မြစ်ရေတိုက်စားမှုကြောင့်ဖြစ်တာကိုတွေ့ရပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ယခု ခြောက်လတာလုပ်ငန်းများ ပြီးစီးလျှင် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခု ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားမှုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုထားပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ၃ ဘီလီယံခန့် သုံးစွဲဆောင်ရွက်ရန် ရှိနေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုနှစ် မိုးရာသီကာလ မိုးများသော်လည်း ဆောင်ရွက်ထားပြီးလုပ်ငန်းများမှာ ပျက်စီးမှုမရှိဘဲ ကျေးရွာများကို အကာအကွယ်ပေးနိုင်ခဲ့ကြောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရေလမ်းကြောင်းထိန်းသိမ်းရေး လုပ်ငန်းများအတွက် ပြည်ထောင်စု ဘတ်ဂျက်မှ နှစ်စဉ်ချထားပေးနေကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ်ဲ့သိမ်ဲ့မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀۶۷-၃۶၁၄၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁၄၅၅၊ **ဖက်စ်** ၀۶۷-၃۶၁၄۶۶၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅۶۷၂၂၁၊ ၀۶۷-၃۶၁၄۶၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈۶၀၄၅۶۶။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ပုဂံနှင့် ကန်တော့ပလွင်

## မောင်သာ(ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ထင်ရှားသည့် မြန်မာ့ယဉ်ကျေးမှုနယ်မြေတစ်ခု ဖြစ်သော ပုဂံကို ကမ္ဘာ့အမွေအနှစ် (World Heritage) စာရင်းဝင်နိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။ စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့်နေရာအဖြစ် ထင်ရှားသည့် ပုဂံဒေသ၏ သမိုင်းသည် နွတ်ပြောဒဏ္ဍာရီများနှင့် ရောထွေးနေခဲ့သော်လည်း ပုဂံခေတ်က တည်ဆောက်ခဲ့သည့် ထင်ရှားသော စေတီပုထိုးများစွာကို ယနေ့တိုင် မြင်နေတွေ့နေကြရပေသည်။**

### ပုဂံစေတီပုထိုးများ

ပုဂံဧရိယာသည် အလျား ၁၃ ကီလိုမီတာနှင့် အနံ ခြောက်ကီလိုမီတာ ကျယ်ဝန်း၍ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိသည်။ ပုဂံနယ်မြေ အဝန်းအဝိုင်းအတွင်းရှိ ရှေးဟောင်း စေတီပုထိုးများ အရေအတွက်ကို လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်းဟူသည့် အဆိုအရ ၄၄၄၆ ဆူ ရှိခဲ့ကြောင်း ယူဆခဲ့ကြသည်။

ပုဂံဒေသရှိ စေတီပုထိုးများသည် အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်(ခရစ်နှစ် ၁၄၂၇-၁၄၈၀)တွင် ကောက်ယူခဲ့သည့် မှတ်တမ်းအရ ၄၄၇၄ ဆူ (ဝင်းဝင်းထိန်လျှံ၊ ပုဂံဘုရားပေါင်း)ရှိပြီး ကုန်းဘောင်ခေတ်ဖြစ်ဟန်ရှိသည့် (မြတ်ဘုရားဆူရော၊ ဖြူရွှေလိုဝင်း၊ ပုဂံပြည်ဘယ်တိုင်း ဌာနီမှ စံမမီလွန်ထင်ရှား၊ စောမုနိမျှား) မှတ်သားချက်အရ ၄၄၄၅ ဆူ ဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူခဲ့သော စာရင်းများအရ ပုဂံဒေသရှိ စေတီပုထိုးများ အရေအတွက်သည် ၂၂၁၇ ဆူရှိပြီး ကျောင်းကြီးအုတ်နီ ကိန်းနှင့်ညီ စေတီဂူဘုရားဟု မှတ်သားခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ယူနက်စ်ကို အဖွဲ့၏ အကူအညီဖြင့် ပြင်သစ်လူမျိုးဗိသုကာ ပညာရှင် Pierre Pichard ကောက်ယူခဲ့သည့် စာရင်းအရ ၂၈၃၄ ဆူရှိသည်။ ၂၀၁၆ ခုနှစ် သြဂုတ် ၂၄ ရက်တွင် ပုဂံဒေသ၌ ငလျင်လှုပ်ပြီးနောက် ပုဂံရှိ စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများစာရင်းကို ပြန်လည်ကောက်ယူခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့သည့်ကုန်းများနှင့် မတူးဖော်ရသေးသည့် ကုန်းများအပါအဝင် ၃၈၂၂ ဆူရှိကြောင်း သိရှိရပေသည်။

ပုဂံရှိ ရှေးဟောင်းစေတီများ၊ တစ်ထပ်လိုဏ်ဂူများ၊ နှစ်ထပ် သုံးထပ် လေးထပ် အဆောက်အအုံများ၊ ဥမင်များ၊ တစ်ထပ်ကုလားကျောင်းများ၊ ပိဋ္ဌကတ်တိုက်များနှင့် သိမ်များအနက် စေတီများကို ယေဘုယျအားဖြင့် လိုဏ်ပါသည့် အဆောက်အအုံ (Temple) နှင့် လိုဏ်မပါသည့် အဆောက်အအုံ(Stupa) ဟု ခွဲခြားနိုင်သည်။ လိုဏ်ပါသည့် ကြီးမားသောဘုရားများကို ဘုရင်များကတည်ခဲ့ကြရာ ကန်တော့ပလွင်သည် တစ်ဆူအပါအဝင် ဖြစ်ပေသည်။

### ကန်တော့ပလွင်

ဆန်းပြားသည့် နောက်ခံရာဇဝင်များရှိနေသည့် ကန်တော့ပလွင်ဂူဘုရားသည် ပုဂံမြို့ဟောင်း၏ အနောက်တောင်ဘက်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ မြောက်ဘက်တွင် တည်ရှိသည်။ ပုဂံရှိ ရှေးဟောင်းအဆောက်အအုံများအနက် ဓမ္မရံသည် ထုထည်အကြီးမားဆုံး၊ သဗ္ဗညုသည် ဉာဏ်တော်အမြင့်ဆုံးနှင့် အာနန္ဒာသည် အနုလက်ရာအကောင်းဆုံးဟု သတ်မှတ်ခဲ့ကြသည်။ ထို့အတူ ဗိသုကာလက်ရာ အကောင်းဆုံး အဆောက်အအုံအဖြစ် ကန်တော့ပလွင်ကို ရည်ညွှန်းပြောဆိုလေ့ရှိခဲ့ကြသည်။

ကန်တော့ပလွင်ဂူဘုရားကို အလောင်းစည်သူမင်းကြီး၏ မြေးဖြစ်သူ နရပတိစည်သူမင်းက ခရစ်နှစ် ၁၁၇၅ ခုနှစ် တွင် တည်ထားခဲ့သည်။ အလောင်းစည်သူမင်းကြီးက မိမိ၏ဘေးတော်၊ ဘိုးတော်တို့သည် မိမိလောက် ဘုန်းတန်ခိုးအာဏာမရှိခဲ့ဟု ပြစ်မှားမိသဖြင့် မျက်စိကွယ်သွားခဲ့သည်ဟု ဆိုကြသည်။ ထို့ကြောင့် မင်းကြီးသည် ဘေးတော် ဘိုးတော်များ၏ ရုပ်တုများကို ထုလုပ်၍ ပလွင်ပေါ်တင်ကာ တောင်းပန်ကန်တော့ခဲ့ပြီးနောက် မျက်စိနှစ်ကွင်း ပြန်လင်းခဲ့သည်။ ဘိုးတော် အလောင်းစည်သူမင်း ကန်တော့ခဲ့သည့် ပလွင်နေရာတွင် မြေးတော်နရပတိစည်သူက စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ရာ ကန်တော့ပလွင်ဟု ဘွဲ့မည်တွင်ခဲ့ကြောင်း အစဉ်အဆက် ယုံကြည်ခဲ့ကြသည်။ ကန်တော့ပလွင် ဘုရား၏ မြောက်ဘက်ရှိ ရှင်ပွင့်လင်း (စေတီအမှတ် ၁၆၃၅)သည် အလောင်းစည်သူမင်း မျက်စိအလင်းရခဲ့သည့်နေရာတွင် တည်ထားခဲ့သည့် စေတီဟု ဆိုခဲ့ကြပေသည်။

ကန်တော့ပလွင် ဂူဘုရားသည် အရှေ့ဘက်မုခ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ရှေ့ဘက်ဝဲယာတွင် ထုလုပ်ထားသည့် ဂေါဓနှင့် ဂေါဓော အမည်ရှိ ဘီလူးနှစ်ကောင်၏ အမည်များကို အခွဲပြု၍ ဂေါဓပလွင်၊ ဂေါဓောပလွင်ဟုလည်း အမည်တွင်ခဲ့သည်။

ထို့အတူ နရပတိစည်သူမင်းသည် ကန်တော့ပလွင်ဘုရားကို တည်ထားရန် လူအများအားခိုင်းစေခဲ့ရာ ပုံသဏ္ဌာ မထေရ်က တားမြစ်ခဲ့သဖြင့် နရပတိစည်သူက ပုံသဏ္ဌမထေရ်ကို ပုဂံမှ နှင်ခဲ့သည်ဟု ဆိုခဲ့ကြသည်။ ပုံသဏ္ဌမထေရ်သည် ပုဂံမှသီဟိုဠ်သို့ထွက်ခွာရန် စီစဉ်နေချိန်တွင် နရပတိစည်သူမင်းသည် မထေရ်မြတ်ကို တောင်းပန်ကန်တော့ခဲ့ပြီး ယင်းနေရာတွင် ကန်တော့ပလွင်ဘုရားကို တည်ခဲ့သည်ဟုလည်း ဆိုခဲ့ကြသည်။

နရပတိစည်သူမင်းသည် ကန်တော့ပလွင်ဘုရားမပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော် နားတောင်းများမင်းက ဆက်လက်တည်ထားခဲ့ရာ မြန်မာသက္ကရာဇ် ၅၈၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်(ခရစ်နှစ် ၁၂၂၇ ခုနှစ်၊ မတ်လ ၂၆ ရက်)သောကြာနေ့တွင် ပြီးစီးခဲ့သည်ဟု ပုဂံစေတီပုထိုးများ သမိုင်းစာအုပ်တွင်ဖော်ပြထားသည်။

ကန်တော့ပလွင်သည် စူဌာမဏိစေတီနှင့် ထီးလိုမင်းလိုစေတီတို့နှင့် ဖွဲ့စည်းပုံဆင်တူသည့် ကြီးမားသော ဂူဘုရားတစ်ဆူဖြစ်သည်။ ယခင်က ကန်တော့ပလွင်ကို လိုဏ်သုံးဆင့်ဘုရားဟု သတ်မှတ်ခဲ့သော်လည်း ၁၉၇၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အပေါ်ဆုံးကွမ်းတောင်၏ အောက်ဘက်တွင် လျှို့ဝှက် လိုဏ်ပတ်လမ်းတစ်ခုကို တွေ့ရှိခဲ့ရသဖြင့် ကန်တော့ပလွင်သည် လိုဏ်လေးဆင့် ဂူဘုရားတစ်ဆူဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။

### ဂူနှစ်ဆင့် တည်ဆောက်ပုံ

ပုဂံခေတ် အေဒီ ၁၂ ရာစုလက်ရာ ကန်တော့ပလွင်ဘုရား၏ ဗိသုကာလက်ရာများကို အောက်ခံတိုက်မ၊ ဂန္ဓကုဋိ၊ လိုဏ်ပတ်လမ်းများ၊ အပေါ်ထပ်လိုဏ်နှင့် မုခ်တံကဲများ၊ ပစ္စယာ အဆင့်ဆင့်နှင့်ကွမ်းတောင်အထွတ်စေတီ၊ ထောင့်စေတီများ၊ ရုပ်ပွားဆင်းတုတော်များ၊ အင်္ဂတေ လက်ရာများနှင့် တံတိုင်းမုခ်ဦးစေတီများတွင် တွေ့ရှိနိုင်ကြသည်။

ကန်တော့ပလွင်၏ အောက်ခံတိုက်မသည် ၂၈ မီတာ ပတ်လည်ရှိကာ အာရုံခံမုခ်ဦးကို အရှေ့ဘက်သို့ ထုတ်ထားပြီး ကျန်မုခ်သုံးပေါက်တွင် အဝင်မုခ်ဦးတစ်ခုစီကို ပြုလုပ်၍ အပေါ်တွင် စိန်တန်းပတ်လည် ပစ္စယာသုံးဆင့်စီခံထားသည်။ တိုက်မကြီး၏ ပစ္စယာသုံးဆင့်တွင် ပတ်လမ်းများပြုလုပ်ထားကာ ပစ္စယာထောင့်နေရာများတွင် စေတီများစိုက်ထူထားသည်။

တိုက်မကြီး၏ အရှေ့ဘက်အာရုံခံမုခ် အထက် ပစ္စယာနှစ်ဆင့် ထောင့်များတွင် စေတီများရှိပြီး ကျန်မုခ်တစ်ခုစီပေါ်တွင်လည်း စေတီတစ်ဆူစီ ရှိသည်။ အာရုံခံအမိုးမှ တတိယပစ္စယာသို့ တက်ရန် လှေကားနှစ်ခုကို အပြိုင်ပြုလုပ်ထားကာ အောက်ခံတိုက်မပေါ်တွင် စေတီ ၂၂ ဆူ တည်ထားခဲ့သည်။

ကန်တော့ပလွင်ဂူဘုရား အောက်ခံတိုက်မသည် အရှေ့ဘက်သို့မျက်နှာမူထားကာ မုခ်ပေါက်ကြီး လေးခုအပါအဝင် မုခ်ပေါက် အကြီးအငယ် ၂၀ ရှိသည်။ ဘုရားကြီး၏ အောက်ထပ် အလယ်ဗဟိုရှိ စတုရန်းပုံ မဏ္ဍိုင်လေးဘက်၌ ပတ်လမ်းပြုလုပ်ထားကာ ရုပ်ပွားတော်ကြီးတစ်ဆူစီကို တံကဲကျောင်းဆောင်များအတွင်း၌ ထည့်သွင်းပူဇော်ထားသည်။ ဆင်းတုတော်များရှေ့တွင် သင်ပုတ်ပလွင်တစ်ခုစီထားရှိပြီး အရှေ့ဘက်မုခ်ပေါက်ရှိ ရုပ်ပွားဆင်းတုတော်ကြီး၏ ရှေ့တွင် ဂေါဓောနှင့် ဂေါဓ အမည်ရှိ ဘီလူးရုပ်နှစ်ရုပ်ကို မြင်တွေ့ကြရပေသည်။

တိုက်မကြီး၏ လိုဏ်အတွင်း အရှေ့ဘက် လက်ဝဲလက်ယာနှစ်ဖက်၌ အပေါ်ထပ်သို့ တက်နိုင်ရန် နံရံကိုဖောက်၍ ကြောင်လိမ်လေ့ကား တစ်စင်းစီ ပြုလုပ်ထားသည်။

ကန်တော့ပလွင်ဂူဘုရားကြီး၏ အထက်တွင် ရှိသည့် လေးမျက်နှာဂူကို အောက်ခံတိုက်မ၏ တတိယပစ္စယာပေါ်တွင် တည်ထားကာ စကြီ လမ်းဖြင့်ပတ်ထားသည်။ အပေါ်ဂူကြီးသည်လည်း အရှေ့ဘက်သို့ မျက်နှာမူထားပြီး အဝင်မုခ်ပေါက်ကြီးလေးခု၊ မုခ်ပေါက်ငယ် နှစ်ခုနှင့် ပြတင်းမုခ်ပေါက် ခြောက်ပေါက် ဖောက်လုပ်ထားသည်။ အပေါ်တိုက်မကြီးတွင် ပစ္စယာသုံးဆင့်ခံလျက် ပစ္စယာထောင့်များတွင် စေတီများတည်ထားသည်။ ပစ္စယာသုံးဆင့်၏ အလယ်တွင် လှေကားမုခ် သုံးခုစီရှိပြီး ဂူကြီး၏ အထက်တွင်ကွမ်းတောင်ပေါက်စေတီတော်ကို တည်ထားခဲ့သဖြင့် အဝေးမှပင် ကြည်ညိုဖွယ်ဖူးတွေ့ကြရပေသည်။

ကန်တော့ပလွင်ဂူဘုရားသည် လိုဏ်နှစ်ထပ် စေတီတော်ကြီးဖြစ်ကာ အပေါ်နှင့်အောက်တွင် စေတီ ၃၇ ဆူနှင့် မုခ်ပေါက် ၃၂ ပေါက်ရှိသည်။

အပေါ်လိုဏ်ဂူတွင်လည်း အလယ်မဏ္ဍိုင်နှင့် ပတ်လမ်းပြုလုပ်ထားပြီး မဏ္ဍိုင်ကို ကျောမှီလျက် မုခ်လေးဇက်တွင် အင်္ဂတေရုပ်ပွားတော် တစ်ဆူ စီရှိရာ အရှေ့ဘက်မုခ်ရှိ ဆင်းတုတော်သည် အကြီးဆုံးဖြစ်သည်။ အထက်တိုက်မအတွင်း၌ အောက်ခံတိုက်မကဲ့သို့ပင် ဝဲယာနှစ်ဖက်၌ ကြောင်လိမ်လေ့ကားတစ်စင်းစီ ပြုလုပ်ထားသဖြင့် မြေညီထပ်မှ ကွမ်းတောင်အထိ တက်ရောက်နိုင်ရန် စီစဉ်ထားခဲ့သည်။ ကန်တော့ပလွင် ဂူဘုရားကြီးတွင် ကြောင်လိမ်လေ့ကား လေးစင်း၊ အပေါ်ထပ်တွင် အာရုံခံအမိုးပေါ်မှ လိုဏ်ဂူစကြီ အထိတက်ရောက်ရန် လှေကားနှစ်စင်း၊ နတ်လမ်းလှေကား သုံးစင်းရှိသဖြင့် စုစုပေါင်းလှေကား ကိုးစင်းရှိသည်။

ကန်တော့ပလွင်ဘုရားသည် ဖိနပ်တော်မှ ချရားသီးအထိ ဥဿဏ်တော် ပေ ၁၈၀ မြင့်ကာ လိုဏ်ပတ်လမ်းများကို မြေညီအောက်ခံတိုက်မ၊ ဒုတိယပစ္စယာ၊ အထက်ဆင့် လိုဏ်ဂူတို့တွင် ပြုလုပ်ခဲ့သည်။ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ကြောင့် ဒုတိယပစ္စယာကို ပြင်ဆင်ခဲ့စဉ် ငါးပေခြောက် လက်မကျယ်၍ ပေါင်းကူးအမြင့် ရှစ်ပေ သုံးလက်မ မြင့်သော စတုတ္ထလိုဏ်ပတ်လမ်းတစ်ခုကို တွေ့ရှိခဲ့ရသဖြင့် ကန်တော့ပလွင် ဂူဘုရားကြီးကို လိုဏ်လေးဆင့်ဟု ဆိုနိုင်ခဲ့ပေသည်။

### ဗိသုကာလက်ရာနှင့် ဆင်းတုတော်များ

ကန်တော့ပလွင်ဘုရားကြီးကို ဘုရင်နှစ်ဆက် တည်ဆောက်ခဲ့ကာ ပုဂံခေတ် ဗိသုကာပညာရှင်များ၏ အနုလက်ရာများကို အများဆုံး မြင်တွေ့နိုင်ကြသည်။အေဒီ ၁၂ ရာစုတွင် တည်ထားခဲ့သည့် ဘုရားကြီး၏ ဗိသုကာ လက်ရာများသည် အလွန်ပြေပြစ်လှပခဲ့သည်။ဘုရားကြီးတစ်ခုလုံးတွင် မုခ်ပေါက် ၃၂ ပေါက်ဖောက်လုပ်ထားသဖြင့် နေရောင်နှင့် လေဝင် လေထွက်ကောင်းမွန်ခဲ့ကာ မုခ်ပေါက်များကို နှစ်ထပ်တံကဲ၊ စေတီပုံတံကဲ၊ မီးလျှံဖြာနေပုံ တံကဲများဖြင့် အနုစိတ် ပုံဖော်ခဲ့သည်။ ဘုရားကြီးကို အလျား ၄၃ စင်တီမီတာ၊ အနံ ၂၂ စင်တီမီတာနှင့် ထု ၆ စင်တီမီတာ အရွယ်ရှိသည့် အုတ်များဖြင့် တည်ဆောက်ခဲ့သည်။

ကန်တော့ပလွင်ဂူဘုရား၏ အလှပဆုံး လက်ရာသည် ကွမ်းတောင်ဖြစ်ကာ ပုဂံရှိကွမ်းတောင်ပေါက်စေတီတော်များတွင် အလှပဆုံး လက်ရာဖြစ်သည်ဟု ဆိုကြသည်။ ၁၉၇၅ ခုနှစ် ငလျင်မလှုပ်မီက စေတီတော်၏ ကွမ်းတောင်သည် မူလလက်ရာ ၈၀ ရာခိုင်နှုန်းရှိခဲ့သည်။

ကန်တော့ပလွင်ဘုရား၏ အုတ်စီအုတ်နင်းနှင့် တည်ဆောက်ပုံ ဗိသုကာလက်ရာသည် အဆင့်အတန်းမြင့်မားကာ စိန်တန်းများတစ်လျှောက်တွင် စဉ့်ကွင်းများ ထည့်သွင်းခဲ့ပြီး ကြွင်းကျန်နေသည့် စဉ့်ချပ်များကို မြင်တွေ့နိုင်ကြသည်။ ဂူဘုရားကြီး၏ အပေါ်ထပ်နှင့်အောက်ထပ် ချင်မိတ်တိုးတန်းများနှင့် ဘီလူးပန်းဆွဲများအကြားတွင် သဲကျောက်ဖောင်းလုံးတန်းများ ထည့်သွင်းထားပြီး အဆောက်အအုံကြီး၏ ထောင့်နေရာများကို သုံးပေရှည်၍ ၁၀ လက်မထူသော ကျင်ဝယ်ပုံ ကျောက်ထောင့်ချပ်များဖြင့် ချပ်ထားခဲ့သည်။ လိုဏ်ပေါင်းကူးများကို ခိုင်ခံ့မှုအားကောင်းစေရန် အုတ်ပေါင်းကူးများအကြားတွင် ကျောက်ပေါင်းကူးများကို ထည့်သွင်းတည်ဆောက်ထားသည်။

ကန်တော့ပလွင် ဘုရားတွင် စံပယ်နေကြသည့် ဆင်းတုတော်များ၏ လက်တော်ဟန်များသည် ဘူမိဇသမုဒ္ဒာ (လက်တော်မြေထိဟန်) ဖြစ်ကာ ဆင်းတုတော်များ၏ နောက်ခံတွင် ဗောဓိညောင်ပင်ပုံ ဆေးရေးပန်းချီများရှိခဲ့သဖြင့် ဗောဓိပင်နှင့် ရှေ့ပလွင်ကို အောင်တော်မှုခန်းကို ရည်ညွှန်းခဲ့ဟန်ရှိပေသည်။ ဘုရားကြီး၏ အောက်ထပ်လိုဏ်အတွင်း အလယ်မဏ္ဍိုင်ကို ကျောမှီထားသော ဆင်းတုတော်များသည် ပလွင်ပေါ်တွင်ထိုင်ကာ အရပ်လေးမျက်နှာသို့ မျက်နှာမူနေကြသည်။ ရုပ်ပွားတော်လေးဆူ၏ အပေါ်တွင် နံရံတံကဲများပြုလုပ်ထားပြီး နံရံဆေးရေးပန်းချီများမှာ ပျက်စီးနေပြီဖြစ်ပေသည်။

ရုပ်ပွားဆင်းတုတော်များရှေ့၌ ဆွမ်း၊ ရေချမ်း၊ ပန်းတို့ကို ကပ်လှူသည့် သင်ပုတ်ပလွင်များရှိကာ အရှေ့ဘက်ရှိ သင်ပုတ်ပလွင်တွင် ဆွမ်း၊ အနောက်ဘက် သင်ပုတ်ပလွင်တွင် ပန်း၊ တောင်ဘက် သင်ပုတ်ပလွင်တွင် ကျမ်းနှင့် မြောက်ဘက် သင်ပုတ်ပလွင်တွင် ပန်းတို့ကို ဆက်ကပ်လှူခဲ့ကြသည်ဟု ဆိုခဲ့ကြသည်။တောင်ဘက်သင်ပုတ်ပလွင်ပေါ်တွင် ကျိန်စာကျမ်းများထားရှိခဲ့ပြီး အမှုအခင်းဖြစ်ပွားကြသူများသည် ယင်းကျမ်းစာများကို ကိုင်တွယ်၍ ကျမ်းကျိန်ခဲ့ကြကြောင်း ဆိုစမှတ်ရှိခဲ့သည်။

ပုဂံရှိ လိုဏ်နှစ်ဆင့် ဘုရားများတွင် သဗ္ဗညုဘုရားမှလွဲ၍ အပေါ်ထပ်နှင့် အောက်ထပ်တွင် ဗုဒ္ဓဆင်းတုတော်လေးဆူစီထားရှိလေ့ရှိခဲ့ရာ ကန်တော့ပလွင်ဂူဘုရားတွင်လည်း အပေါ်ထပ်နှင့် အောက်ထပ်တွင် ရုပ်ပွားတော် လေးဆူစီ ပူဇော်ထားရှိခဲ့သည်။(သဗ္ဗညုဘုရား၏ အပေါ်ထပ်လိုဏ်တွင် ရုပ်ပွားတော်တစ်ဆူသာ ရှိသည်။)

ကန်တော့ပလွင်ဘုရားကို စတုရန်းပုံ အုတ်မဟာရံတံတိုင်းနှစ်ထပ်ကာရံခဲ့ရာ အပြင်တံတိုင်း၏ မျက်နှာတစ်ဖက်စီ၏ အလယ်တွင် အဝင်မုခ်တစ်ခုစီရှိခဲ့သည်။ ယင်းအဝင်မုခ်များပေါ်တွင် စေတီများတည်ထားခဲ့ပြီး ဝင်ပေါက်များ၏ တစ်ဖက်စီတွင် တံခါးလည်နိုင်ရန် ကျောက်ဆုံတစ်ခုစီ မြှုပ်ထားပြီး အပေါ်ပိုင်းတွင် တံခါးတိုင်စွပ်ရန် သံကွင်းများရှိခဲ့သည်။ ယခုအခါတွင် မူလတံခါးများမရှိတော့သဖြင့် သံတံခါးများဖြင့် အစားထိုးတပ်ဆင်ထားသည်။

အတွင်းမီးတားတံတိုင်းအဖြစ် ကန်တော့ပလွင်ဂူဘုရား၏ အောက်ခံနှင့် ဆက်စပ်ပြုလုပ်ထားကာ သုံးပေ ငါးလက်မခြင့်သည့် အုတ်တိုင်များဖြင့် ကာရံထားသည်။ ဘုရားဝင်းတံတိုင်းအတွင်း အရှေ့တောင်ထောင့်တွင် ပုဂံခေတ် နောက်ပိုင်းလက်ရာ ရှစ်မျက်နှာဘုရားနှင့် ခေါင်းလောင်းတိုင်နှစ်တိုင်၊ အရှေ့မြောက်ထောင့်တွင် နောင်းခေတ်လက်ရာ စေတီရိုးတစ်ဆူတို့တည်ရှိနေကြသည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံရှိ စေတီပုထိုးများပြိုကျပျက်စီးခဲ့ရာတွင် ကန်တော့ပလွင်သည် ဖောင်းရစ်မှစ၍ ပြတ်ကျပြီး အပေါ်ပိုင်းတစ်ခုလုံးကြေမွသွားခဲ့သည်။ အထွတ်စေတီအပါအဝင် ကွမ်းတောင်နှင့် အရံစေတီများအားလုံးမြေခဲ့သဖြင့် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရပေသည်။

ဂူကြီးအားပြုပြင်စဉ်တွေ့ရှိခဲ့သည့် ဓာတ်တော်ကြုတ်များ၊ ရွှေဆင်းတုနှစ်ဆူ၊ ရွှေစေတီနှစ်ဆူ၊ အုတ်ခွက်ဘုရားများ၊ ကျောက်မျက်ရတနာများနှင့်ရွှေကြိုးဆိုင်းငွေကြေးတိတ်ကို ဘုရားကြီးတွင် ပြန်လည် ဌာပနာခဲ့သည်။

နရပတိစည်သူမင်းကြီးသည် စေတီရှစ်ဆူ တည်ခဲ့သည့်အနက် ပုဂံရှိ စူဌာမဏိ၊ဓမ္မရာဇကနှင့် ကန်တော့ပလွင်တို့သည် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်ခဲ့သည်။ နရပတိစည်သူ၏ သားတော် နားတောင်းများမင်းကြီး၏ ကောင်းမှုတော် စေတီပုထိုးများတွင်လည်း ထီးလိုမင်းလို၊ မဟာဗောဓိ၊ စေတနာကြီးနှင့် ကန်တော့ပလွင်တို့သည် အထင်ရှားဆုံးဖြစ်ခဲ့ကြသည်။

သက်တမ်းအားဖြင့် နှစ် ၈၀၀ နီးပါးရှိနေပြီဖြစ်သည့် ကန်တော့ပလွင်ဂူဘုရားကြီးသည် ပုဂံခေတ်၏ ဗိသုကာလက်ရာ အကောင်းဆုံး အဆောက်အအုံအဖြစ် ရပ်တည်လျက်ရှိနေပြီး ပုဂံသို့ ရောက်ရှိလာကြသူတိုင်း မရောက်မဖြစ်သွားရောက်ဖူးမြော်လေ့ရှိကြသည့် ရှေးဟောင်းစေတီကြီးတစ်ဆူလည်းဖြစ်ပေသည်။ ကန်တော့ပလွင်ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။

သမိုင်းဝင်ရှေးဟောင်းဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို မြှင့်တင်နိုင်ကြမည်ဖြစ်ရာ ကန်တော့ပလွင်ဘုရားအပါအဝင် ပုဂံဒေသရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများကို ပြည်သူတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကာကွယ်လျက် မြန်မာတို့၏ ပုဂံဂုဏ်ရည်ကို မြှင့်တင်ကြရမည်သာ ဖြစ်ပေသည်။ ။

# ရွှေရောင်အိပ်မက်ကို အကောင်အထည်ဖော်ရန် ကြိုးစားနေသည့် မြန်မာလေ့လော်အဖွဲ့

**အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်းရှစ်မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ်ရယူနိုင်သည့် အားကစားအဖွဲ့များလည်း ပါဝင်နေသည်။ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်မည့် အားကစားအဖွဲ့များတွင် လေ့လော်အားကစားနည်းလည်း အပါအဝင်ဖြစ်ပြီး ရိုးရာလေ့ပြိုင်ပွဲ ပါဝင်နေသောကြောင့် ရွှေရောင်အိပ်မက်မှာ အလားအလာကောင်းလျက်ရှိသည်။**

မြန်မာလေ့လော်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ရိုးရာလေ့၊ အပြည်ပြည်ဆိုင်ရာ လေ့နှင့် ကနား/ကယက်ပြိုင်ပွဲသုံးမျိုးစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမား ၅၂ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာလေ့လော်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားသာသည့် ရိုးရာလေ့ပြိုင်ပွဲ ပါဝင်လာသောကြောင့် ရွှေတံဆိပ်ရယူနိုင်မည့် အခြေအနေမှာ နီးစပ်နေခြင်းဖြစ်သည်။ မြန်မာလေ့လော်အဖွဲ့သည် အာရှအားကစား ပြိုင်ပွဲတွင် အမြင့်ဆုံး ငွေဆုသာရခဲ့ပြီး ပထမဆုံးရွှေတံဆိပ်ဆုအတွက် လေ့ကျင့်ပြင်ဆင် မှုများ ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက " အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ပစ်မှတ်ထားပြီး ဆောင်ရွက်နေပါတယ်။ ရွှေတံဆိပ်ရယူနိုင်ဖို့ အဓိကဖြစ်ပြီး လေ့ကျင့်မှုအပိုင်း၊ နိုင်ငံတကာ ပြိုင်ပွဲယှဉ်ပြိုင်ပြီး အတွေ့အကြုံရှာဖွေမှု အပိုင်းတွေကိုလည်း သေချာပြုလုပ်ထားပါတယ်။ ၂၀၁၇ ဆီးဂိမ်းမှာ လေ့လော်အားကစားနည်းမပါတာကြောင့် ဒီပြိုင်ပွဲအတွက်ပဲ ကာလရှည်ပြင်ဆင်ထားတဲ့ သဘောဖြစ်ပါတယ်။ အာရှအားကစား ပြိုင်ပွဲမတိုင်ခင် ပြီးခဲ့တဲ့နှစ်ကစပြီး နိုင်ငံတကာပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုတွေလည်း ရခဲ့ပါတယ်။ အာရှနဂါးလေ့ပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲမှာ တွေ့ဆုံနိုင်တဲ့အသင်းတွေနဲ့ ကစားခွင့်ရတာကြောင့် အောင်မြင်မှုရတဲ့အပြင် အတွေ့အကြုံတွေလည်း ရခဲ့ပါတယ်။ စင်ကာပူရိုးရာ လေ့အသင်း က ဇူလိုင်လထဲမှာ ပူးတွဲလေ့ကျင့်မှုတွေ လာရောက်ပြုလုပ်ခဲ့ပြီး ကျွန်တော်တို့ရဲ့ ဧည့်ဝတ်ကျေပွန်မှုကို ချီးကျူးခဲ့ပါတယ်" ဟု ပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲ အနေအထားနှင့် ပတ်သက်၍ ဦးသောင်းထိုက်မင်းက " အာရှအားကစားပြိုင်ပွဲမှာ အရင်က အပြည်ပြည်ဆိုင်ရာလေ့နဲ့ ကနား/ကယက်ပြိုင်ပွဲပဲ ထည့်သွင်းကျင်းပဖို့ စီစဉ်ခဲ့ပေမယ့် ကျွန်တော်တို့အပါအဝင် နိုင်ငံတချို့ရဲ့ တောင်းဆိုမှုကြောင့် ရိုးရာလေ့ပြိုင်ပွဲကို ကနားကယက်ပြိုင်ပွဲအောက်မှာ ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်။ လေ့လော် ပြိုင်ပွဲကနေ ရွှေတံဆိပ် ၃၂ ခု ချီးမြှင့်မှာဖြစ်ပြီး မြန်မာလေ့လော်အဖွဲ့အနေနဲ့ ပြိုင်ပွဲ အမျိုးအစားကိုးခုမှာ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရိုးရာလေ့ပြိုင်ပွဲမှာ ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်မျှော်မှန်းထားပြီး အပြည်ပြည်ဆိုင်ရာလေ့ပြိုင်ပွဲမှာလည်း ဆုတံဆိပ်မျှော်မှန်းထားပါတယ်။ ကနား/ကယက်ပြိုင်ပွဲမှာတော့ ဆုတံဆိပ်ရဖို့ ခက်ခဲနိုင်ပြီး ကျွန်တော်တို့မှာ အားနည်းချက်တွေ ရှိပါတယ်။ ရိုးရာလေ့ပြိုင်ပွဲမှာ မီတာ ၂၀၀၊ ၅၀၀ နဲ့ ၁၀၀၀ ပြိုင်ပွဲတွေ ကျင်းပမှာဖြစ်ပြီး ကျွန်တော်တို့က မီတာ ၅၀၀ နဲ့ ၁၀၀၀ ပြိုင်ပွဲမှာ ရွှေတံဆိပ်မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲကြုံတွေ့ရနိုင်တဲ့ အခက်အခဲတွေကိုလည်း ကြိုတင်ပြင်ဆင် ထားပါတယ်။ ဥပမာ လေ့အမျိုးအစားမတူတာ၊ အလေးချိန်ကွာနိုင်တာစတဲ့ အခက်အခဲတွေကို ဒီမှာကြိုပြီး လေ့ကျင့်ပြင်ဆင်ထားပါတယ်။ တခြားပြိုင်ဘက်တွေကလည်း အကောင်းဆုံးပြင်ဆင်ထားမှာဖြစ်တာကြောင့် ကျွန်တော်တို့ကလည်း အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ဖို့ အကောင်းဆုံးလုပ်ဆောင်နေပါတယ်။ လေ့လော်အားကစားနည်းဆိုတာ အရင်ကတည်းက နိုင်ငံအတွက် အောင်မြင်မှုတွေ အများကြီးယူပေးခဲ့တဲ့ အားကစားနည်းဖြစ်ပြီး ကျွန်တော့် လက်ထက်မှာလည်း အောင်မြင်မှုအစဉ်အလာကောင်းတွေကို ဆက်ထိန်း နိုင်အောင်လုပ်ဆောင်နေပါတယ်" ဟု ပြောကြားခဲ့သည်။ မြန်မာလေ့လော်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ရိုးရာလေ့ပြိုင်ပွဲ၌ ငါးမျိုး၊ အပြည်ပြည်ဆိုင်ရာလေ့ပြိုင်ပွဲတွင် သုံးမျိုး၊ ကနား/ကယက်ပြိုင်ပွဲတွင် တစ်မျိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ရှင်းလင်းပြောကြားစဉ်။

**"လေ့လော် ပြိုင်ပွဲကနေ ရွှေတံဆိပ် ၃၂ ခု ချီးမြှင့်မှာ ဖြစ်ပြီး မြန်မာလေ့လော်အဖွဲ့နေနဲ့ ပြိုင်ပွဲအမျိုးအစားကိုးခုမှာ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်၊ ရိုးရာလေ့ပြိုင်ပွဲမှာ ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်မျှော်မှန်းထားပြီး အပြည်ပြည်ဆိုင်ရာ လေ့ပြိုင်ပွဲမှာလည်း ဆုတံဆိပ်မျှော်မှန်း"**

မြန်မာလေ့လော်အဖွဲ့ လေ့ကျင့်မှုပြုလုပ်နေစဉ်။

မြန်မာလေ့လော်အဖွဲ့ လေ့ကျင့်မှုပြုလုပ်နေစဉ်။

ပြိုင်ပွဲဝင် မြန်မာလေ့လော်အဖွဲ့တွင် ရိုးရာလေ့ကစားသမားများအဖြစ် (အမျိုးသား) - ကျော်ဇောအေး၊ နိုင်နိုင်ဇော်၊ မင်းနိုင်၊ စောမိုးအောင်၊ စိုင်းစံဟိန်း၊ ဝင်းထိုက်၊ ဇော်မင်း၊ အောင်မျိုးသူ၊ မင်းမင်းဇော်၊ စည်သူအိမ်၊ စိုင်းဖြိုးကျော်၊ ထက်ဝေလွင်၊ စိုင်းမင်းအောင်၊ ဝင်းထိန်၊ သန့်ဇင်ဦး၊ မျိုးကိုကို၊ (အမျိုးသမီး) - မြင့်မြင့်စိုး၊ သက်ဖြိုးနိုင်၊ အေးအေးသိန်း၊ လှလှထွေး၊ လင်းလင်းကျော်၊ လင်းလင်းကြွယ်၊ နော်အေးသင်း၊ ဝင်းဝင်းထွေး၊ ဆုဝေဖြိုး၊ နော်အာကာမိုး၊ စောမြတ်သူ၊ ကြည်လဲ့လဲ့ဝေ၊ ဟေမာစိုး၊ ဖြူဖြူစိုး၊ မိုးမမ၊ ခင်စုစုအောင်၊ အပြည်ပြည်ဆိုင်ရာလေ့ကစားသမားများအဖြစ် (အမျိုးသား) - ရဝေထွန်း၊ ဝေယံမိုး၊ ရဲလင်းထွန်း၊ ဂေါ်မှူးသ၊ အေးဇော်ဦး၊ ဟိန်းထက်နိုင်၊ စောထက်အိမ်လှိုင်း၊ ဇော်မိုးသူ၊ ပြည့်ဖြိုးကျော်၊ နေမျိုးလှိုင်၊ အပြည်ပြည်ဆိုင်ရာလေ့ (အမျိုးသမီး) - ရွှေဇင်လတ်၊ နီလာဝင်း၊ အေးသူဇာ၊ အိဖြူ။ စန္ဒာရွှေ၊ ကနား/ကယက်(အမျိုးသား) - မြင့်ကိုကို၊ သားညီခန့်၊ အောင်ဇင်ကို၊ ရဲလင်းထွန်း၊ လွင်မိုးတို့ ပါဝင်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ ယူ-၁၆ နှင့် အင်ဒိုနီးရှား ယူ-၁۶ အသင်း ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁۶ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ- ၁۶ အသင်းသည် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (က) ဒုတိယနေ့အဖြစ် ယနေ့သုံးပွဲကစားမည်ဖြစ်ပြီး မြန်မာစစ်တော်ချိန် ညနေ ၃ နာရီတွင် ဗီယက်နမ်နှင့် တီမော၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းသည် အဖွင့်ပွဲတွင် အနိုင်ရထားပြီး နှစ်ပွဲဆက်နိုင်ပွဲရရန် ကြိုးစားရမည်ဖြစ်သည်။

အဖွင့်ပွဲတွင် မြန်မာက တီမောကို သုံးဂိုး-နှစ်ဂိုး၊ အင်ဒိုနီးရှားက ဖိလစ်ပိုင်ကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အင်ဒိုနီးရှား၊ ဗီယက်နမ်တို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုပွဲတွင် အနိမ့်ဆုံး သရေကစားနိုင်ရန် လိုအပ်နေသည်။ မြန်မာ ယူ- ၁۶ အသင်းသည် အကယ်ဒမီများမှ ကစားသမားအများစု ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ ဘရူနိုင်း၊ လာအိုနှင့် စင်ကာပူ အသင်းတို့ ပါဝင်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၂၃ အသင်း၏ အာရှအားကစားပြိုင်ပွဲအကြို့ လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ သြဂုတ် ၁ ရက် စတင်မည်

**ရန်ကုန် ဇူလိုင် ၃၀**

အာရှအားကစားပြိုင်ပွဲအကြို့ မြန်မာ ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို သြဂုတ် ၁ ရက်မှစ၍ မန္တလေးမြို့ရှိ မန္တလာသီရိကွင်းဌ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် မြန်မာ ယူ-၂၃ အသင်းနှင့်အတူ ဘာရိန်း ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ထိုင်းယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲမတိုင်မီ အကြို့လေ့ကျင့်မှုရစေရန် အတွက် Alpine ၏ ပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်ကာ ဒုတိယဆုရအသင်းကိုပါ ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည်အာရှအားကစားပြိုင်ပွဲတွင် အာရှထိပ်သီး အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုပြိုင်ပွဲမှာ များစွာအထောက်အကူ ပြုမည်ဖြစ်သည်။

အုပ်စုပွဲများကို တစ်နေ့လျှင်နှစ်ပွဲ နှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမပွဲကို ညနေ ၃ နာရီ၊ ဒုတိယပွဲကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ကာ မြန်မာ အသင်းသည် ပွဲတိုင်းဒုတိယပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲများအဖြစ် သြဂုတ် ၁ ရက်တွင် ဘာရိန်း ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ မြန်မာယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ သြဂုတ် ၃ ရက်တွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ- ၂၃ အသင်း၊ သြဂုတ် ၅ ရက်တွင် တောင်ကိုရီးယား ယူ- ၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ မြန်မာယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ- ၂၃ အသင်း သည် ယင်းပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်ပြီး ထိုင်းလိဂ်- ၁ ကလပ် Police Tero အသင်းတွင် အဌားသွားရောက်ကစားနေသည့် တိုက်စစ်မျိုး အောင်သူမှာလည်း ဇူလိုင် ၃၀ ရက်က မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ညနေပိုင်းတွင် အသင်းနှင့်အတူ အပေါ့စားလေ့ကျင့်မှု စတင်ပြုလုပ်ခဲ့ကာဇူလိုင် ၃၁ ရက်တွင် ပုံမှန်လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ဆဋ္ဌမအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က ရန်ကုန်မြို့ ပြည်လမ်း (၆)မိုင်ခွဲရှိ Lotte Hotel ၌ စည်ကားစွာ ကျင်းပသည်။

အခမ်းအနားကို ရွှေပါရမီပညာရေးဖောင်ဒေးရှင်း တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူတို့၏ သီဆိုကပြမှုဖြင့် စတင်ဖွင့်လှစ်ပြီး ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဖောင်ဒေးရှင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကို ရှင်းလင်းပြောကြားကာ ၂၀၁၈ ခုနှစ်အတွက် ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၆၉ ဦးအား ဆုများချီးမြှင့်ခဲ့ကြသည်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်းကို ဆရာတော်အရှင်ဆန္ဒာဓိက၏ (၄၅)နှစ်ပြည့်မွေးနေ့အမှတ်တရအဖြစ် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်က စတင်တည်ထောင်ခဲ့ပြီး ပညာထူးချွန်ပါလျက် တက္ကသိုလ်ဆက်တက်ရန် အခက်အခဲဖြစ်နေသော ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးခွင့်ရရှိကာ မိမိတတ်ကျွမ်းသောပညာဖြင့် ဘဝရပ်တည်မှုခိုင်မာကြစေရေး၊ မေတ္တာတရားအားကောင်းသော ပညာတတ်၊ပညာရှင်များအဖြစ် မိမိပတ်ဝန်းကျင်နှင့် လူအဖွဲ့အစည်း၏ ကောင်းကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်သော ပရဟိတပုဂ္ဂိုလ်များ၊ နိုင်ငံခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရေး၊ မိမိဘဝနှင့်ကိုယ်ချင်းစာကာ ဘဝတူ ညီငယ် ညီမငယ် မျိုးဆက်သစ်များ၏ ပညာရေးလိုအပ်ချက်များကို လက်ဆင့်ကမ်း ကူညီဖြည့်ဆည်းပေးခြင်းဖြင့် ပညာတတ်အဝန်းအဝိုင်း ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာစေရေးဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုယ်စွမ်းသမျှ လုပ်ဆောင်သွားကြမည်ဆိုလျှင်**

ရွှေပါရမီတောရဆရာတော်၏ ဩဝါဒမှာ လူတစ်ဦးချင်း၏ ဘဝတိုးတက်မှုအတွက်ရော၊ တိုင်းပြည်တစ်ခုလုံး၏ အဆင့်အတန်းမြင့်မားဖို့အတွက်ပါ ပညာရေးသည် အခြေခံအကျဆုံး အရင်းအမြစ်ဖြစ်၍ ပညာရေးပရဟိတကို လူတိုင်းကိုယ်စွမ်းနိုင်သမျှ လုပ်ဆောင်သွားကြမည်ဆိုလျှင် လူ့လောကကြီးသည် လှပဂုဏ်ထည် အသရေကြွယ်နေမည်ဟူ၍ ဖြစ်သည်။

**ပညာသင်ဆု ရွေးချယ်ပုံ**

ရွှေပါရမီတက္ကသိုလ်ပညာသင်ဆုကို စာတွေ့၊ လူတွေ့၊ လေ့လာတွေ့ဟူသော တွေ့သုံးတွေ့စနစ်ဖြင့် ရွေးချယ်ကြောင်း၊ စာတွေ့အဖြစ် လျှောက်လွှာပါအချက်အလက်များကို ဖတ်ရှုမှတ်သားစိစစ်ခြင်း၊ လူတွေ့အဖြစ် ကျောင်းသားနှင့် လူကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်းနှင့် လေ့လာတွေ့ဖြစ်သော ဒေသခံပုဂ္ဂိုလ်များနှင့် ဆက်သွယ်စုံစမ်းခြင်းတို့ဖြင့် ရွှေပါရမီပညာသင်ဆုကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရရှိသော ကျောင်းသား ကျောင်းသူတို့အား ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီး နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် စသည့် တက္ကသိုလ်ကိုးခုသို့ တက်ရောက်နိုင်ရန်ပံ့ပိုးပေးပြီး ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ သူနာပြုနှင့် အနုပညာရှင်ဟူသော ပညာတတ်ပုဂ္ဂိုလ်ငါးမျိုး ပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ပညာသင်ဆုချီးမြှင့်မှုများ**

ပညာသင်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ကျောင်းသား ၁၈၃ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၃၇၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၅၅ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၄၀ နှင့် ၂၀၁၇ ခုနှစ်တွင် ၆၈၀ တို့ဖြစ်ပြီး ပညာသင်ဆုချီးမြှင့်ငွေပေါင်းမှာ ကျပ်သိန်းပေါင်း ၉၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ရွှေပါရမီတက္ကသိုလ်ပညာသင်ဆုအတွက် ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူတို့အား လစဉ် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်လျက်ရှိသလို နှစ်စဉ်တက္ကသိုလ်တက်ရောက်မည့် ကျောင်းသားသစ်များကိုလည်း ရွေးချယ်၍ ဆုချီးမြှင့်လျက်ရှိကာ တစ်နှစ်လျှင် ကျောင်းသားသစ် ၁၀၀မှ ၂၀၀ အတွင်းရွေးချယ်၍ ဆုချီးမြှင့်လျက်ရှိကြောင်း သိရသည်။

**ဘဝအတွက်လိုအပ်တဲ့ဝဟုသုတတွေ**

ရွှေပါရမီပညာသင်ဆုဖြင့် ရန်ကုန်ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ်တွင် တက်ရောက်နေသော မောင်ရဲကျော်သူက "ပညာသင်ဆုကို ၂၀၁၃ ခုနှစ်ကတည်းက စပြီးရခဲ့တာပါ။ ပညာရေးဖောင်ဒေးရှင်း စတင်တည်ထောင်တဲ့ ဝထမဆုံးအဖွဲ့မှာ ပါဝင်ခဲ့တာပါ။ ဖောင်ဒေးရှင်းကို စရောက်တဲ့အချိန်မှာ ဖေဖေဆုံးတယ်။ တက္ကသိုလ်ဝင်တန်းကို ကျိုက်လတ်မြို့အထက်တန်းကျောင်းမှာ ဂုဏ်ထူးငါးဘာသာနဲ့အောင်မြင်လို့ ဆေးတက္ကသိုလ်ကို ရွေးချယ်ခဲ့တယ်။ မိဘက တောသူတောင်သားဆိုတော့ ပညာရေးရှုဆက်ဖို့ အခက်အခဲရှိနေတယ်။ ဒါကြောင့်ရွှေပါရမီပညာရေးဖောင်ဒေးရှင်းကို လျှောက်ခဲ့တာပါ။ ပညာထူးချွန်လို့ မိဘကမတတ်နိုင်လည်း အားမငယ်ပါနဲ့။ အနာဂတ်မှာထွန်းတောက်လာမယ့် ညီလေး၊ ညီမလေးတို့အတွက် ရွှေပါရမီပညာရေးဖောင်ဒေးရှင်းလည်း ရှိပါတယ်။ လျှောက်ကြပါ။ ကျွန်တော်တို့ တကယ်ကံကောင်းပါတယ်။ ဆရာတော်က ပညာသင်ထောက်ပံ့မှုတစ်ခုတည်းပေးတာမဟုတ်ပါဘူး။ ဘဝအတွက် လိုအပ်တဲ့ဗဟုသုတတွေလည်းပေးပါတယ်။ ဆရာတော်နဲ့တကွ ရွှေပါရမီဖောင်ဒေးရှင်းကို ကူညီထောက်ပံ့ပေးတဲ့ အလှူရှင်အားလုံးကို မေတ္တာပို့သပါတယ်။ နှစ်ကုန်ရင် ဆရာဝန်ဖြစ်ပါပြီ။ မိမိတတ်ကျွမ်းတဲ့ပညာနဲ့ ဝေဒနာရှင်တွေကို စေတနာ၊ မေတ္တာနဲ့ အတတ်နိုင်ဆုံး ကုသပေးသွားမှာပါ"ဟု ပြောသည်။

အရှင်ဆန္ဒာဓိကဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်းသည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပညာသင်ဆုချီးမြှင့်သည့်အပြင် သုတ၊ရသစာပေမျိုးစုံ ဖတ်ရှုမှုအားကောင်းသူများဖြစ်လာစေရန်နှင့် ဖတ်ရှုမှုစွမ်းရည်၊ရေးသားမှုစွမ်းရည်၊ ပြောဆိုမှုစွမ်းရည်၊ နားထောင်မှုစွမ်းရည်၊ မျှဝေမှုစွမ်းရည်နှင့် ဆင်ခြင်သုံးသပ်မှုစွမ်းရည်ဟူသော စွမ်းရည်(၆)ရပ် တိုးတက်မြင့်မားစေရန် လစဉ်တွေ့ဆုံပွဲတို့ဖြင့်လည်း လက်တွေ့လေ့ကျင့်ပေးလျက်ရှိသည်။

ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်ကျောင်းသားမောင်ဗညားရှိုင်းကလည်း "အခုလိုပညာသင်ဆုချီးမြှင့်တာကို ကျေးဇူးအထူးတင်ပါတယ်။ မိဘတွေမပြည့်စုံတဲ့ကြားက ကျောင်းထားရတာဖြစ်တဲ့အတွက် ရွှေပါရမီပညာရေးဖောင်ဒေးရှင်းက ပညာသင်ဆုရွေးချယ်ချီးမြှင့်ပေးတာကို အထူးပဲကျေးဇူးတင်ပါတယ်။ ကိုယ်လည်း တစ်ချိန်မှာ ဒီလိုလှျှဒါန်းချင်ပါတယ်။ ကျွန်တော် ကျောင်းဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားနေပါတယ်။ တစ်ဖက်တစ်လမ်းကနေ အမျိုး၊ ဘာသာသာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ရင်း ကိုယ်နဲ့ဘဝတူကလေးတွေကိုလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီချင်ပါတယ်"ဟု ပြောသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပထမနှစ်ကျောင်းသူ မခိုင်လင်းပြည့်ကလည်း "ပညာရေးကိုဆက်တက်ချင်တယ်။ မိဘတွေအဆင်မပြေလို့ ရည်မှန်းချက်တွေ ပျောက်ဆုံးတော့မလားလို့ အားငယ်နေချိန်မှာ အခုလို ရွှေပါရမီပညာရေးဖောင်ဒေးရှင်းက ပညာသင်ဆုကို ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်။ ပိုပြီးကြိုးစားလိုတဲ့ခွန်အားတွေ ရရှိစေပါတယ်။ ကျောင်းဆရာမဖြစ်ရင် သမီးလိုပဲ မပြည့်စုံတဲ့ကလေးတွေကို သူတို့အနာဂတ်မပျောက်အောင် လမ်းညွှန်ပေးနိုင်တဲ့ ဆရာသမားကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်းတွင် ဆုရွေးချယ်ခံရသော တက္ကသိုလ်ကျောင်းသား ကျောင်သူများ လစဉ်ပညာသင်ကြားနိုင်ရန် ဆရာတော်၏လမ်းညွှန်မှုကိုခံယူကာ လုပ်ငန်းရှင်နှင့် ကုမ္ပဏီ ၁၄ ခုတို့ စုပေါင်း၍ ကုသိုလ်ပြုလှျှဒါန်းလျက်ရှိကာ ၂၀၁၃ ခုနှစ်မှ ယခု ၂၀၁၈ ခုနှစ်အထိ ၇၄၅ ဦးကို ပညာသင်ကြားပေးထားပြီး လက်ရှိအချိန်တွင် ၉၄ ဦးမှာ နိုင်ငံတစ်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ပခုက္ကူမြို့တွင် သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

**ပခုက္ကူ၊ ဇူလိုင် ၃၀**

ပခုက္ကူခရိုင် ပခုက္ကူမြို့တွင် သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် သတင်းအတတ်ပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မာကျော်က သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှုအသိပညာများကို ဟောပြောခဲ့သည်။

"ကျွန်မတို့မြန်မာနိုင်ငံမှာ သတင်းအချက်အလက်နဲ့ မီဒီယာဆိုင်ရာ သိနားလည်မှုလိုအပ်ချက်လေးတွေ မြင့်နေတယ်လို့ ယူဆမိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ Facebook လူမှုကွန်ရက်မှာ တက်နေတဲ့ သတင်းတွေကို မှန်တယ်မှားတယ်ဆိုတာ ခွဲခြားနိုင်စွမ်း မရှိဘဲနဲ့ မျှဝေမှုတွေဘာတွေ လုပ်နေကြတာပေါ့၊ အဲဒါကြောင့် ဒါကို တစ်ဦးချင်းတစ်ယောက်ချင်းအပေါ် ပုဂ္ဂလိကထိခိုက်မှု အဖွဲ့အစည်းတွေထိခိုက်မှု မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်နေတယ်ပေါ့၊ အဲဒါကြောင့်မို့လို့ အဲလိုပြဿနာတွေမဖြစ်အောင် တစ်ဖက်တစ်လမ်းကနေ ကူညီပေးချင်တယ်၊ ဒါကြောင့် လူငယ်တွေအနေနဲ့ သတင်းအချက်အလက်နဲ့ မီဒီယာဆိုင်ရာ သိနားလည်မှုတွေမြင့်တက်လာအောင် ဆောင်ရွက်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု ဒေါက်တာဇင်မာကျော်က ပြောသည်။ အဆိုပါ ဟောပြောပွဲသို့ ပခုက္ကူခရိုင်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများမှလူငယ်များ၊ ဒေသခံလူငယ်များ၊ မီဒီယာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှုအသိပညာပေးဟောပြောပွဲများကို ကလေးမြို့ပေါ်တွင်လည်းကောင်း၊ ကလေးတက္ကသိုလ်တွင်လည်းကောင်း၊ ဟားခါးကောလိပ်တွင်လည်းကောင်း၊ တီးတိန်မြို့တွင်လည်းကောင်း၊ ဖလမ်းမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် ပင်လုံတက္ကသိုလ်တွင်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ကာ ယခု ပခုက္ကူမြို့တွင် ကျင်းပခြင်းဖြစ်ပြီး ဆက်လက်၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပြည်သူများအတွင်း၌လည်းကောင်း ဟောပြောပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ်မန်ဆွေ(ရေစကြို)**

# သနပ်ပင်မြို့နယ်မှ သဘာဝဘေးဒဏ်ခံ ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**သနပ်ပင် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဇူလိုင် ၂၆ ရက်က လေပြင်းတိုက်ခတ်ခြင်းကြောင့် ကျေးရွာများရှိ ပြိုကျနေအိမ်များ၊ အမိုးလန်နေအိမ်များနှင့် ရေဘေးကျရောက်နေသော တာဝကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး အစိုးရ တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့် တာဝန်ရှိသူများက သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရေဘေးသင့် တာဝကျေးရွာရှိ အိမ်ထောင်စု ၈၅ စု အတွက် ဆန် ၁၈ အိတ်၊ ဆီဘူး ခုနှစ်ဖာ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းကျေးရွာအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲများပေးအပ်ကာ ဖရဲကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စုများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲထုပ်များနှင့် ကြက်ခြေနီအသင်းမှလှျှဒါန်းသော ကျန်းမာရေးသုံးပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းကိရိယာများကို ပေးအပ်ခဲ့သည်။ အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဘဝမြင့်မားရေးအသင်းမှ ဦးနေမျိုးဇင်နှင့် အဖွဲ့ဝင်များကလည်း သနပ်ပင်မြို့နယ်အတွင်းရှိ လေဘေးသင့် ကျေးရွာများမှ အိမ်ထောင်စုများအတွက် ဆန်အိတ်များ ပေးအပ်လှျှဒါန်းခဲ့ ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ဝေါမြို့နယ်အတွင်း ရေကြီးမှုများဖြစ်နေသော်လည်း ပဂိုင်တာနှင့် မိုးယွန်းကြီးတာများ ကြံ့ခိုင်မှုရှိ

**ဝေါ ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်း ရေကြီးရေလျှံမှုများဖြစ်နေသော်လည်း ဝေါမြို့နယ်အတွင်းရှိ ပဂိုင်တာနှင့် မိုးယွန်းကြီးတာတို့မှာ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီအထိ စိုးရိမ်ဖွယ်အခြေအနေမရှိဘဲ ကြံ့ခိုင်မှုရှိနေကြောင်း ဝေါမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း၏ ပြောကြားချက်အရ သိရသည်။

ဝေါမြို့နယ်အတွင်းရှိ ပဂိုင်တာနှင့် မိုးယွန်းကြီးတာများ ကြံ့ခိုင်မှု ရှိ မရှိကို ဦးစီးအရာရှိက သွားရောက်စစ်ဆေးမှုအရ ဝေါမြို့နယ်အတွင်းရှိ ပဲခူးစစ်တောင်းတူးမြောင်းရေပြည့်မှတ်မှာ ၂၂ ဒသမ ၈ ပေရှိပြီး မိုးယွန်းကြီးရေလှောင်ကန်၌ ရေတံခါးအပေါက်ကြီး သုံးပေါက်နှင့် ပြွန်ငယ်ခုနစ်ခုကို မိုးရာသီ ဆည်မြောင်းလုပ်ထုံးလုပ်နည်း အတိုင်းဖွင့်ထားကာ ရေမှာကန်ပြည့်ရန် ၆ ဒသမ ၅ ပေခန့် လိုသေးပြီး စိုးရိမ်စရာမရှိကြောင်း၊ အလားတူ ပဂိုင်တာတွင်လည်း ရေပြည့်ရန် ငါးပေခန့်ကျန်ရှိပြီး စိုးရိမ်စရာမရှိဘဲကြံ့ခိုင်မှုရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဝေါမြို့နယ်အတွင်း အနိမ့်ပိုင်းနေရာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်နေသော်လည်း ဒေသခံပြည်သူများမှာ ပုံမှန်အတိုင်း နေထိုင်သွားလာရောင်း ဝယ်ဖောက်ကားလျှောက်ရှိပြီး ကယ်ဆယ်ရေးစခန်းဖွင့်စရာမလိုသေးကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်၊ ရွှေမန်းမယ် ပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်၊ ရွှေမန်းမယ်ပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲများကို ဇူလိုင် ၂၉ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဝေဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်နှင့် တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်အားပေးခဲ့ကြပြီး ရွှေမန်းမောင် အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၆ ဦး၊ ရွှေမန်းမောင် အကြီးတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခြောက်ဦး၊ ရွှေမန်းကာယကြံ့ခိုင်မှုမယ် ၁၆၀ စင်တီမီတာအောက်ပြိုင်ပွဲတွင် ရှစ်ဦး၊ ရွှေမန်းကာယကြံ့ခိုင်မှုမယ် ၁၆၀ စင်တီမီတာအထက်ပြိုင်ပွဲတွင် ခုနစ်ဦး၊ ရွှေမန်းကာယကြံ့ခိုင်မှုမောင် ၁၇၀ စင်တီမီတာအထက်ပြိုင်ပွဲတွင် ကိုးဦး၊ ရွှေမန်းကာယကြံ့ခိုင်မှုမောင် ၁၇၀ စင်တီမီတာအောက်ပြိုင်ပွဲတွင် ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် အမျိုးအစားအလိုက် ဆုရရှိသူများအတွက် ဆုများနှင့် ပူးပေါင်းပါဝင်ကူညီသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာ

များကို တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## လားရှိုးမြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**လားရှိုး ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဇူလိုင် ၂၈ ရက် ညမှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်အများစုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရေဘေးအပါအဝင် အခြားသဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများက လုည့်လည်အသိပေးနှိုးဆော်မှုများ ဇူလိုင် ၂၉ ရက် ည ၁၀ နာရီခန့်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ခုအတွင်းရှိ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးမှုဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ လိုက်နာရန်အချက်များကို မြို့နယ်သဘာဝဘေးကာကွယ်ဧရိယာ၌ ရှောက်ရေး စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက် ၁၂ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ရပ်ကွက်များအတွင်းမှ ပြည်သူများအား လိုက်လံသတိပေးနှိုးဆော်ခဲ့ကြခြင်းဖြစ်သည်။

**ခရိုင် (ပြန်/ဆက်)**

## ကော့သောင်းတွင် လေဆင်နှာမောင်းတိုက်၍ အိမ်သုံးလုံးပျက်စီး

**ကော့သောင်း ဇူလိုင် ၃၀**

ကော့သောင်းမြို့တွင် ဇူလိုင် ၃၀ရက် နံနက် ၇ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်၍ ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာလမ်းရှိ အိမ်သုံးအိမ်၏ ထုပ်တန်းနှင့် အမိုးများ လန်ထွက်ကာ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အက်အမန်ပင်လယ်အတွင်းမှ လေဆင်နှာမောင်းသဏ္ဌာန် လေပွေအစုအဖွဲ့ကြီး တစ်ခု မွေ့ယမ်းလျက် ကုန်းမြေအတွင်းပိုင်းသို့ဝင်ရောက်လာခဲ့ရာမှ ပင်လယ်ကမ်းခြေ ရပ်ကွက်တစ်ခုဖြစ်သည့် ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာလမ်းအတွင်းမှ ပင်လယ်ပြင်ဘက်သို့ မျက်နှာမူဆောက်လုပ်ထားသည့် အိမ်သုံးအိမ်ကို ဖြတ်သန်းမွေ့ယမ်းတိုက်ခတ်ခဲ့ခြင်းကြောင့် အဆိုပါ အိမ်သုံးလုံး၏ အမိုးသွပ်ပြားနှင့် သစ်သားထုပ်တန်းများ လေနှင့်အတူ လွင့်စဉ်ပျက်စီးခဲ့ရခြင်းဖြစ်သည်။ အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူသေဆုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးမှာမူ ကျပ် ၈၁သိန်းကျော်ခန့်ရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့်အိမ်ရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကျောက်ကြီးမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ကျောက်ကြီး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသမှ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို စိန်ပန်းစာသင်တိုက် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တိုင်းဒေသကြီးလှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးတို့က ကျောက်ကြီးမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား နေရာလပ်မကျန် ထောက်ပံ့ပေးနိုင်အောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလည်း နတ်သံကွင်းဒေသရှိ ရေဘေးသင့်ကျေးရွာများအတွက် ဆန်အိတ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ ကော်ဖီမစ်အထုပ်များ၊ ငါးသေတ္တာဘူးများ ပေးအပ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**ကိုသားကြီး(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများဖိုရမ်အကြို အလုပ်ရုံဆွေးနွေး

**ညောင်ဦး ဇူလိုင် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးက ကြီးမှူးကျင်းပသည့် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း စည်းရုံးရေးမှူးများဖိုရမ်အကြို အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ငွေက အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးထွန်းထွန်းဝင်း၊ နည်းပညာအကြံပေးခေါင်းဆောင် ဦးကျော်မိုးယံအောင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအေးတို့က ညောင်ဦးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် လူထုဗဟိုပြုစီမံကိန်းများနှင့် စပ်လျဉ်းပြီး တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ရမှုအခြေအနေများကို စည်းရုံးရေးမှူးများက ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် အကြိုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများက အဖွဲ့(၅)ဖွဲ့ခွဲ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်းလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြကာ အဖွဲ့ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးမှုရလဒ်များကို တာဝန်ရှိသူများထံ ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ စည်းရုံးရေးမှူးများဖိုရမ်အကြို အလုပ်ရုံဆွေးနွေးပွဲသို့ ညောင်ဦးခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ လက်ထောက်နည်းပညာမှူးများ၊ စီမံကိန်းဆောင်ရွက်နေသည့်ကျေးရွာများမှ လူထုစည်းရုံးရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပဲခူးမြို့၌ မြစ်ရေအနည်းငယ်ကျပြီး ခရီးသည်တင်ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲ

**ပဲခူး ဇူလိုင် ၃၀**

ပဲခူးမြစ်ရေကြီးမှုကြောင့် ပဲခူးမြို့တွင်းနှင့် ပဲခူးမြို့ ပတ်ဝန်းကျင်နေရာများတွင် ရေကြီးရေလျှံမှုဖြစ်ပြီး ရန်ကုန်-မန္တလေး ကားလမ်းမှာ ဇူလိုင် ၂၇ရက်မှ ၂၉ ရက်အထိ ကားများသွားလာမရဘဲ ရပ်ဆိုင်းထားခဲ့ရာမှ ဇူလိုင် ၃၀ ရက် နံနက်တွင် ရေများ ပြန်လည်ကျဆင်းလာ၍ ကားလမ်းမပေါ်၌ ရေနစ်ပေခန့် ကျန်ရှိသော်လည်း ပဲခူး-ရန်ကုန် ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မီနီဘတ်စ်များနှင့် ယာဉ်ကြီးများ၊ ဟိုင်းလပ်ယာဉ်များ အများစုမှာ ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ပဲခူးပြေးဆွဲသော ယာဉ်အများစုမှာ ရန်ကုန်ဘက်မှလာပါက ပဲခူးမြို့အတွင်း ကားလမ်းရေကျော်နေသော အဝေးပြေးယာဉ်ဝင်းသစ်နေရာ မတိုင်မီ မဟာမြိုင်လမ်းထိပ်အထိ ပြေးဆွဲကြပြီး ယာဉ်လိုင်းအချို့မှာမူ လမ်းရေကျော်သည့်နေရာကို ကျော်ဖြတ်မောင်းနှင်ကာ ပုံမှန်လမ်းကြောင်းဖြစ်သော ပဲခူးမြို့တွင်းအထိ ပြေးဆွဲလျက်ရှိသည်။ ပဲခူးမှထွက်သည့်ယာဉ်များတွင်လည်း ယာဉ်အချို့မှာ မဟာမြိုင်မှစထွက်ကာ ယာဉ်အချို့မှာမူ မြို့တွင်းမှစထွက်၍ ရေကျော်သည့်နေရာကို ဖြတ်မောင်းပြီး ပြေးဆွဲလျက်ရှိသည်။ ယာဉ်လိုင်းများ အနေဖြင့် ပဲခူးမြို့တွင်း ရေကျော်သည့် နေရာအပြင် ပဲခူးမြို့မှ ရန်ကုန်ဘက်သို့ အထွက် တိုးဂိတ်အနီးရှိ ရေကျော်သည့် နေရာကိုလည်း ဖြတ်မောင်းကြရကာ အဆိုပါ တိုးဂိတ်အနီးတွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းအထိ လမ်းပေါ်တွင် တစ်ပေခန့် ရေကျော်လျက်ရှိသေးသည်ကို တွေ့ရသည်။

ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ၍ ခရီးသည်များ သွားလာရေး အဆင်ပြေလာသော်လည်း ယာဉ်စီးခများကို ပုံမှန်နှုန်းဖြစ်သော ကျပ်တစ်ထောင် ထက်ပိုရှိ ကောက်ခံမှုများရှိနေကာ မဟာမြိုင် အထိပြေးဆွဲသော ယာဉ်များက ကျပ် ၁၅၀၀ နှင့် ပဲခူးမြို့တွင်းအထိပြေးဆွဲသော ယာဉ်များက ကျပ် ၂၀၀၀ အထိ ကောက်ခံလျက်ရှိသည်ကို တွေ့ရသည်။ ပဲခူး-ရန်ကုန် ပြေးဆွဲသည့် ယာဉ်လိုင်းများ အနေဖြင့် ရေကြီးခဲ့သော ဇူလိုင် ၂၇ မှ ၂၉ အထိ သုံးရက်အတွင်း၌ ပဲခူးမြို့တွင်းမှ ရေကြီးသည့်နေရာများကို ဖြတ်မောင်းသော်လည်း ရေလွတ်သည့် မြို့ရောင်လမ်းဘက်မှပတ်မောင်း၍ ပြေးဆွဲခြင်းများရှိခဲ့ပြီး ယာဉ်စီးခ တစ်ယောက်လျှင် ကျပ် ၄၀၀၀၊ ၅၀၀၀ ခန့်အထိ ကောက်ခံမှုများလည်းရှိခဲ့သည်ဟု သိရသည်။

ခရီးသွားပြည်သူများ သွားလာရေးခက်ခဲမှုမရှိစေရန်နှင့် အန္တရာယ်မရှိစေရန်အတွက် ပဲခူးမြို့တွင်း ကားလမ်းရေကျော်နေသည့်နေရာတွင် ရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း ထိန်းသိမ်းပေးခြင်း၊ ပျက်သွားသော ကားနှင့် ဆိုင်ကယ်များကို ကူညီတွန်းပို့ခြင်း၊ ကလေးမိခင်နှင့် သက်ကြီးရွယ်အိုများအား လိုအပ်သည်များ ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ရထားခရီးစဉ်အနေဖြင့်မူ ပဲခူးမြို့ ဘုရားသုံးဆူဘူတာနှင့် တာဝဘူတာကြား ရထားလမ်းပိုင်းတွင် ဇူလိုင် ၂၉ ရက် ညနေပိုင်းအထိ ရေများ လေးလက်မကျော်ခန့် ရှိနေသဖြင့် ရထားသံလမ်း ပိုလ်များ သွားရောက်စစ်ဆေးလျက်ရှိပြီး ပဲခူး-ရန်ကုန် ရထားများမှာ ဇူလိုင် ၃၀ ရက် နံနက်အထိ သွားလာမှုမရှိသေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မယ်စဲ့မြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်

**မယ်စဲ့ ဇူလိုင် ၃၀**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား အာဟာရဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၃၀ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးမှုများကို ပရိုဂျက်တာ ဖြင့် ရှင်းလင်းဟောပြောပြီး သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာမြတ်စိုးဦးက စနစ်မှန်သွားတိုက်နည်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေးတို့ကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းကျန်းမာရေးစစ်ဆေးမှုအဖြစ် ကျောင်းသား ကျောင်းသူ ၂၇၉ ဦးအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသပေးခြင်း၊ အာဟာရအတွက် ကိုယ်အလေးချိန် ချိန်ခြင်းနှင့် အရပ်တိုင်းပေးခြင်း၊ လက်ဆေးနည်းများကို အတန်းအလိုက် သင်ကြားပေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်နည်း လက်တွေ့သရုပ်ပြသခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြပြီး မူလတန်း ကျောင်းသား ကျောင်းသူများအား သွားတိုက်ဆေး၊ သွားတိုက်တံနှင့် ပဲနို့များဝေငှခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများသည် ကျောင်းမုန့်စျေးတန်းမှဆိုင်များကိုလည်း လိုက်လံစစ်ဆေးပြီး ဆိုင်ရှင်များအား ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ရေလွတ်ရာဆီ ယာယီပြောင်းရွှေ့ရန် ကူညီ

**ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဧမိမြစ်ရေထပ်တိုးလာခြင်းကြောင့် ဧမိမြစ်ကမ်းရိုးနေအိမ်များကို ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့ပေးရလျက်ရှိကာ ပြောင်းရွှေ့ရသည့်ပြည်သူများအား ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ရေဘေးလွတ်ရာ မဏီရတနာ ကမ်းနားဘုန်းတော်ကြီးကျောင်းသို့ ဇူလိုင် ၃၀ ရက်က ကူညီပြောင်းရွှေ့ပေးနေစဉ်။** (မြစ်ရေထပ်တိုးလာခြင်းကြောင့် ဇူလိုင် ၃၀ ရက်တွင် အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၇၃ ဦးကို ထပ်မံရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်)

**မျိုးမင်းဦး(ပြန်/ဆက်)**

# ပဲတို့၏ မာယာ သို့မဟုတ် ပဲ (မူရာ) များသော ပဲလောက (အပိုင်း-၂)

မောင်တိုးအောင်

မတ်ပဲအကြောင်းပြီးရင်တော့ ပဲစင်းငုံကို ဆက်လက်တင်ပြလိုပါတယ်။ ပဲစင်းငုံ (TOOR WHOLE, PIGEON PEA) အိန္ဒိယအခေါ် TUR (ARHAR) သည် ပြင်ပအခွံ၏အရောင်မှာ အဖြူရောင်၊ အဝါရောင်၊ အနီရောင် (ရွှေဒင်္ဂါးမျိုး)၊ အရောင်ကျား(စာဥ၊ ခိုင့်ပုံစံ) (ပဲစင်းငုံရဲ့အရောင်အဆင်းနဲ့ ပုံစံက ခိုဥနဲ့တူလို့ Pigeon Pea လို့ခေါ်ကြောင်း ငယ်စဉ်က ကြားဖူးခဲ့ပါတယ်) အမျိုးမျိုးပေမယ့် ခွဲခြမ်းလိုက်ပါက အတွင်းခွံမှာ ဝါကျင်ကျင်အရောင်ရှိပြီး ပဲဆန်ရဲ့ အရောင်မှာမူ အဖြူရောင် တစ်မျိုးတည်းသာရှိကြောင်း သိရပါတယ်။ အခုအချိန်မှာတော့ စေးကွက်လိုအပ်ချက်အရ အနီရောင်ပဲစင်းငုံက စေးအကောင်းဆုံးဖြစ်ပြီး အများဆုံးစိုက်ပျိုးပါတယ်။ အဝါရောင်၊ ပန်းရောင် (လင်းခေးစ)နဲ့ အဖြူရောင် (ရွှေဘိုစ) တို့ကို အနည်းငယ်စီ စိုက်ပျိုးကြောင်း သိရပါတယ်။ အရောင်ကျား ပဲစင်းငုံကတော့ မစိုက်ပျိုးသလောက်ဖြစ်သွားပါပြီ။ အနီရောင် ပဲစင်းငုံကို အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့ကသာ စိုက်ပျိုးထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။

ပဲစင်းငုံရဲ့ မူရင်းမှာ အာရှတိုက်တောင်ပိုင်းကဖြစ်ပြီး အိန္ဒိယနိုင်ငံက ကမ္ဘာမှာ ပဲစင်းငုံ အများဆုံးစိုက်ပျိုးထုတ်လုပ်စားသုံးတဲ့နိုင်ငံဖြစ်ပါတယ်။ အထောက်အထားတွေအရ ၁၆ ရာစုမှာ အမေရိကတိုက်သို့ လည်းကောင်း၊ ၁၈ ရာစုတွင် ပစိဖိတ်ဒေသသို့လည်းကောင်း ရောက်ရှိခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံကို ၁၇၇၂ ခုနှစ်တွင် စတင်ရောက်ရှိစိုက်ပျိုးကြကြောင်း သိရပါတယ်။ မြန်မာနိုင်ငံကို ပဲစင်းငုံရောက်ရှိတဲ့အချိန် အတိအကျ မသိရပေမယ့် ဆရာမကြီး ဒေါ်ကြန်ရဲ့မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) စာတမ်းမှာ အထက်မြန်မာပြည်က အောက်မြန်မာပြည်ကိုပို့တဲ့ သီးနှံကုန်ပစ္စည်းစာရင်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကုလားပဲတွေ ပါနေတာကိုတွေ့ရလို့ မြန်မာဘုရင်တွေ လက်ထက်ကတည်းက စိုက်ပျိုးခဲ့တာတော့ သေချာပါတယ်။

### ပဲစင်းငုံတင်သွင်းမှု

ပဲစင်းငုံကတော့ တခြားပဲတွေလို အပင်နိမ့်မျိုးမဟုတ်ဘဲ အပင်မြင့်မျိုး ငါးပေမှ ခုနှစ်ပေခန့်အထိ အမြင့်ရှိပါတယ်။ သက်တမ်းအနေနဲ့လည်း စိုက်ပျိုးပြီးချိန်မှ ခုနှစ်လ ရှစ်လခန့်ကြာမှသာ ရိတ်သိမ်းကြလို့ အခြားပဲတွေထက် သက်တမ်းပိုကြာပါတယ်။ အထက် မြန်မာပြည် အပူပိုင်းမိုးနည်းတဲ့ ဒေသတွေနဲ့ တောင်ကုန်း တောင်တန်းဒေသတွေမှာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံချည်း သီးသန့်စိုက်ပျိုးတာရှိသလို အများအားဖြင့် နှမ်း၊ မြေပဲတို့လို သီးနှံမျိုးနဲ့ သီးညှပ်စိုက်ပျိုးကြတာလည်း ရှိပါတယ်။ ဒါ့အပြင် ပဲစင်းငုံ အပင်ကို မီးထိုးဖို့လောင်စာအဖြစ် လည်းကောင်း၊ ခြံစည်းရိုးကာဖို့အတွက် လည်းကောင်း၊ အရွက်နဲ့အသီးကို စေ့ားမကောင်းရင် နွားစာကျွေးဖို့ပဲ သုံးကြပါတယ်။ ဒါကြောင့် စီးပွားဖြစ်မဟုတ်ပေမယ့်လည်း အခြားအသုံးများအတွက် စိုက်ကြတာရှိပါတယ်။

မြန်မာ့ပဲစင်းငုံ တင်ပို့မှုရဲ့ ၉၀ ရာခိုင်နှုန်းကို အိန္ဒိယသို့ တင်ပို့ပြီး အိန္ဒိယနိုင်ငံရဲ့ စာရင်းအရ ၎င်းတို့ ပဲစင်းငုံတင်သွင်းမှုရဲ့ ၄၆ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံကလို့ ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲစင်းငုံတင်သွင်းတဲ့ အခြားနိုင်ငံတွေ (ကျွန်တော်တို့ရဲ့ ယှဉ်ပြိုင်ဘက်) ကတော့ မိုဇမ်ဘစ်၊ ဆူဒန်၊ တန်ဇန်းနီးယား၊ မာလာဝီနိုင်ငံတွေ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေထဲက မိုဇမ်ဘစ်နိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ ပဲတင်ပို့မှုဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက် G to G စာချုပ်ချုပ်ဆိုထားတဲ့ နိုင်ငံဖြစ်လို့ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တန်ချိန်တစ်သိန်းမှ နှစ်သိန်းအထိ တိုးချဲ့ တင်ပို့သွားမှာ ဖြစ်လို့ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှုမှာ ပုံသေခွဲတမ်းရတဲ့ နိုင်ငံအနေနဲ့ သတိပြုရမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဧပြီလထုတ် Pulses Market Report အရ အိန္ဒိယနိုင်ငံရဲ့ စိုက်ပျိုးရာသီအလိုက် ပဲစင်းငုံထုတ်လုပ်မှုဟာ ၂၀၁၅ - ၂၀၁၆ခုနှစ်မှာ တန်ချိန် ၂ ဒသမ ၆ သန်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ တန်ချိန် ၄ ဒသမ ၉ သန်းဖြစ်၍ အရင်နှစ်ထက် တန်ချိန် ၂ ဒသမ ၃ သန်းခန့် ပိုထွက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ တန်ချိန် လေးသန်း ထွက်တာဖြစ်လို့ အရင်နှစ်ထက် တန်ချိန် ကိုးသိန်းခန့် လျော့နည်းသွားသော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်ထက် တန်ချိန် ၁ ဒသမ ၇ သန်းခန့် ပိုမိုထွက်ရှိထားလို့ စေ့ားကွက်လိုအပ်ချက် မကောင်းနိုင်သေးဘူးလို့ သုံးသပ်ထားပါတယ်။

### ပဲစင်းငုံစေ့ားနှုန်းပြောင်းလဲမှုများ

မြန်မာနိုင်ငံရဲ့ပဲစင်းငုံ တစ်တန် စေ့ားနှုန်းပြောင်းလဲမှုတွေကို ပြန်လည်လေ့လာရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလမှာ စေ့ားနှုန်းအနိမ့်ဆုံးငွေကျပ် ၅၂၀၀၀ ဖြစ်ပြီး ဒီဇင်ဘာလမှာ စေ့ားနှုန်းအမြင့်ဆုံး ငွေကျပ် ၆၇၀၀၀ ဖြစ်ခဲ့တဲ့အတွက် စေ့ားနှုန်းပြောင်းလဲမှုမှာ ၂၂ ရာခိုင်နှုန်းကျော် ရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဇွန်လမှာ စေ့ားနှုန်းအနိမ့်ဆုံး ငွေကျပ် ၆၀၈၀၀ ဖြစ်ပြီး မတ်လမှာ စေ့ားနှုန်းအမြင့်ဆုံး ငွေကျပ် ၉၁၄၀၀ ဖြစ်ခဲ့တဲ့အတွက် စေ့ားနှုန်းပြောင်းလဲမှုမှာ ၅၀ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှာ စေ့ားနှုန်းအနိမ့်ဆုံး ငွေကျပ် ၉၈၀၀၀ ဖြစ်ပြီး ဒီဇင်ဘာလမှာ စေ့ားနှုန်းအမြင့်ဆုံး ငွေကျပ် ၁၆၁၅၀၀ ဖြစ်ခဲ့တဲ့အတွက် စေ့ားနှုန်းပြောင်းလဲမှုမှာ

**အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံထုတ်လုပ်မှုအခြေအနေ**

တန်ချိန်သန်း

| စဉ် | ပဲအမျိုးအစား | ၂၀၁၅-၂၀၁۶ | ၂၀၁۶-၂၀၁۷ | ၂၀၁۷-၂၀၁۸ (ယာယီ) |
|---|---|---|---|---|
| ၁ | ကုလားပဲ | ۷.၁ | ၉.၄ | ၁၁.၁ |
| ၂ | ပဲစင်းငုံ | ၂.۶ | ၄.၉ | ၄.၀ |
| ၃ | မတ်ပဲ | ၁.၉ | ၂.၀ | ၃.၂ |
| ၄ | ပဲတီစိမ်း | ၁.۶ | ၂.၂ | ၁.۷ |
| ၅ | အခြားပဲများ | ၃.၁ | ၃.၀ | ၃.၉ |
| | ပဲမျိုးစုံစုစုပေါင်း | ၁۶.၃ | ၂၃.၁ | ၂၃.၉ |

Source: April,2018 Pulses Market Report

၆၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁۷ ဘဏ္ဍာနှစ် မတ်လမှာ စေ့ားနှုန်းအနိမ့်ဆုံးစေ့ားငွေကျပ် ၇၅၁၀၀၀ ဖြစ်ပြီး မေလမှာ စေ့ားနှုန်းအမြင့်ဆုံးစေ့ား ငွေကျပ် ၁၅၃၀၀၀၀ ဖြစ်ခဲ့တဲ့အတွက် စေ့ားနှုန်းပြောင်းလဲမှု ၁၀၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁۷-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလမှာ စေ့ားနှုန်းအနိမ့်ဆုံး ငွေကျပ် ၃၂၈၀၀၀ ဖြစ်ပြီး ဧပြီလမှာ စေ့ားနှုန်းအမြင့်ဆုံး ငွေကျပ် ၇၄၀၀၀၀ ဖြစ်ခဲ့တဲ့အတွက် စေ့ားနှုန်းပြောင်းလဲမှု ၁၂၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

အထက်ပါ ပြောင်းလဲမှုရာခိုင်နှုန်းတွေကို ကြည့်မယ်ဆိုရင် ပဲစင်းငုံမှာ စေ့ားနှုန်းပြောင်းလဲမှုပြင်းထန်တဲ့ ပဲအမျိုးအစားအဖြစ် ပဲလောကသားတို့က သတ်မှတ်ထားကြပါတယ်။ ဒီလိုဖြစ်တာဟာ အိန္ဒိယစျေးကွက်တစ်ခုတည်းကို ၉၀ ရာခိုင်နှုန်းကျော် မှီခိုရတဲ့ ပဲအမျိုးအစားဖြစ်တာကြောင့်လို့ သုံးသပ်ရရှိပါတယ်။ အလားတူ မတ်ပဲဟာလည်း အိန္ဒိယစျေးကွက်ကို ၆၀ ရာခိုင်နှုန်းကျော် မှီခိုနေရတဲ့အတွက် ဒီပဲနှစ်မျိုး




ဟာ အိန္ဒိယနိုင်ငံ ပဲထွက်ရှိမှုနဲ့ ပြည်တွင်းစျေးနှုန်းအပေါ်တွင်သာ မူတည်နေတာတွေ့ရပါတယ်။ အိန္ဒိယနိုင်ငံကလည်း ပြည်တွင်းပဲစျေးနှုန်း တည်ငြိမ်ရေးနဲ့ ပြည်တွင်းဖူလုံရေးကို အဓိကထား စီမံချက်ချဆောင်ရွက်နေတဲ့အတွက် ရေရှည်မှာ ယခုကဲ့သို့ မတ်ပဲနဲ့ ပဲတီစိမ်းနှစ်မျိုးစလုံးကို တန်ချိန်အမြောက်အမြား စိုက်ပျိုးထုတ်လုပ်တင်ပို့ဖို့ အခြေအနေမပေးတော့တဲ့အတွက် စဉ်းစားဆုံးဖြတ်ရမယ့်အချိန်ရောက်ပြီလို့ တင်ပြလိုပါတယ်။

### ပြည်ပပဲမျိုးစုံတင်ပို့မှု

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကိန်းဂဏန်းများအရ မတ်ပဲဟာ စိုက်ဧက ၂ ဒသမ ၇၆ သန်းနဲ့ ပဲစင်းငုံဟာ ၁ ဒသမ ၅၉ သန်းရှိပြီး နှစ်မျိုးပေါင်းစိုက်ဧက ၄ ဒသမ ၂၆ သန်းရှိတဲ့အတွက် တစ်နိုင်ငံလုံး ပဲမျိုးစုံစိုက်ဧက ၁၁ ဒသမ ၄၅ သန်းရဲ့ ၃၇ ရာခိုင်နှုန်း ရှိနေပါတယ်။ ပြည်ပတင်ပို့မှုအခြေအနေဟာလည်း မတ်ပဲတန်ချိန် ၅၂၇၉၆၅ တန်၊ ပဲစင်းငုံတန်ချိန် ၂၂၅၄၉၂ နှစ်မျိုးပေါင်း တန်ချိန် ၇၅၃၄၇ ဖြစ်ပြီး တစ်နှစ်လုံး ပဲမျိုးစုံတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၃၁၇၉၆၇ ရဲ့ ၅၇ ဒသမ ၁၇ ရာခိုင်နှုန်းရှိပါတယ်။ ဒီပဲနှစ်မျိုးနေရာတွေမှာ အစားထိုးသီးနှံစိုက်ဖို့ စီစဉ်ရာမှာတော့ အင်တိုက်အားတိုက် ဘက်ပေါင်းစုံက ဝိုင်းဝန်းတွက်ချက် စဉ်းစားဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ စေ့ားကွက်ရရှိပြီး တိုးချဲ့နိုင်မယ့် သီးနှံတွေထဲက စိုက်ပျိုးမယ့်ဒေသနဲ့ သင့်လျော်ပြီး တောင်သူတွေအတွက် အကျိုးအမြတ်အရနိုင်ဆုံး၊ တွက်ခြေအကိုက်ဆုံးသီးနှံကို ရွေးချယ်နိုင်ရပါမယ်။ ဒီကိစ္စက ပြောရတာလွယ်သလောက် လက်တွေ့လုပ်ဖို့အကောင်အထည်ဖော်ရာမှာ အလွန်ခက်ခဲလှပါတယ်။

အိန္ဒိယနိုင်ငံအစိုးရက ပြည်တွင်းပဲဖူလုံရေးအတွက် ပြည်တွင်းပဲထုတ်လုပ်မှု သိသိသာသာ တိုးတက်စေဖို့ ရည်ရွယ်ချက်နဲ့ လွန်ခဲ့တဲ့ငါးနှစ်လောက်ကစပြီး တောင်သူတွေထံက ဝယ်ယူမယ့် နှစ်စဉ်အနိမ့်ဆုံးစျေးနှုန်း (Minimum Support Price-MSP) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစလို့ တဖြည်းဖြည်းမြှင့်တင်ပေးခဲ့တာ တွေ့ရပါတယ်။ ပဲစင်းငုံတစ်တန် ဘဏ္ဍာနှစ်အလိုက် MSP စျေးနှုန်းတွေမှာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ရူပီး ၃၈၅၀ ၊ ၂၀၁၃-၂၀၁၄ ခုနှစ်က ရူပီး ၄၃၀၀ ၁၁ ဒသမ ၆၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရူပီး ၄၃၅၀ (၁ ဒသမ ၁၆ ရာခိုင်နှုန်း)၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရူပီး ၄၆၂၅ (၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ ၂၀၁၆-၂၀၁۷ ခုနှစ်မှာ ရူပီး ၅၂၅၀ (၁ ဒသမ ၁၉ ရာခိုင်နှုန်း)၊ ၂၀၁۷-၂၀၁၈ ခုနှစ်မှာ ရူပီး ၅၄၅၀ (၇ ဒသမ ၉၂ ရာခိုင်နှုန်း) အသီးသီးတိုးမြှင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် မတ်ပဲတစ်တန် ဘဏ္ဍာနှစ်အလိုက် MSP စျေးနှုန်းတွေမှာ ၂၀၁၂-၂၀၁၃ ခုနှစ်နဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်တို့မှာ ရူပီး ၄၃၀၀၊ ၂၀၁၄-၂၀၁၅ခုနှစ်မှာ ရူပီး ၄၃၅၀ (၁ ဒသမ ၁၆ ရာခိုင်နှုန်း)၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရူပီး ၄၆၂၅ (၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ ၂၀၁၆-၂၀၁۷ တွင် ရူပီး ၅၀၀၀ (၈ ဒသမ ၁၁ ရာခိုင်နှုန်း)၊ ၂၀၁۷-




၂၀၁၈ ခုနှစ်မှာ ရူပီး ၅၄၀၀ (၈ ရာခိုင်နှုန်း) အသီးသီးတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး တောင်သူလယ်သမားတွေရဲ့ ပိုမိုစိုက်ပျိုးထုတ်လုပ်လိုစိတ်တွေ ထွက်ပေါ်လာအောင် ဆောင်ရွက်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

MSP စျေးနှုန်းတွေတိုးမြှင့်သတ်မှတ်ရာ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပဲစင်းငုံစျေးသည် မတ်ပဲ စျေးထက် နိမ့်နေပေမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တစ်ပြေးညီ သတ်မှတ်ခဲ့ကြောင်း တွေ့ရပါတယ်။ ၂၀၁၅-၂၀၁۶ ဘဏ္ဍာနှစ်တွင် တစ်ပြေးညီ သတ်မှတ်ခဲ့ပြီး ၂၀၁۶-၂၀၁۷ ဘဏ္ဍာနှစ်ကစပြီး ပဲစင်းငုံ တစ်ကွမ်တယ် (တစ်တန်၏ ၁၀ပုံ တစ်ပုံ) လျှင် ရူပီး ၅၀ တိုးမြှင့်သတ်မှတ်ခဲ့တာကို ကြည့်မယ်ဆိုရင် အိန္ဒိယနိုင်ငံမှာ မတ်ပဲထက် ပဲစင်းငုံစိုက်ပျိုးမှုကို ပိုမိုအားပေးတယ်လို့ ယူဆနိုင်သလို တစ်ဖက်ကလည်း ပဲစင်းငုံစိုက်တောင်သူဦးရေက ပိုများလို့ လာမယ့်နှစ် သူတို့နိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်နေတယ်လို့လည်း တချို့က ဝေဖန်နေကြတယ်လို့ ကြားသိရပါတယ်။ ဒါကိုက ပဲတို့ရဲ့ မာယာလို့လည်း ဆိုနိုင်ပါတယ်။

ပဲစင်းငုံကို ပဲကျွဲမ်းကျင်သူတွေရဲ့ အဆိုအရ အခါးအရသာ အနည်းငယ်ပါတာမို့ တခြားပဲတွေ စားလို့ လေပွတာ၊ ဗိုက်ပွတာမျိုးမဖြစ်အောင် ကျန်းမာရေးအရ စားသင့်တဲ့ ပဲဖြစ်ပြီး တချို့က ပဲစင်းငုံကို ပဲတို့၏ အချုပ်လို့လည်း တင်စားခေါ်လေ့ရှိပါတယ်။ ။

## အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံ အနိမ့်ဆုံး နှစ်စဉ်စျေးနှုန်း တိုးမြှင့်သတ်မှတ်ပေးမှုကို ဖော်ပြသောဇယား

ရေတွက်ပုံ - ရူပီး/ကွမ်တယ်

| စဉ် | အမျိုးအစား | ဘဏ္ဍာနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁۶ | ၂၀၁۶-၂၀၁۷ | ၂၀၁۷-၂၀၁၈ |
| ၁ | ပဲစင်းငုံ | ၃၈၅၀ | ၄၃၀၀(၁.၁۶%) | ၄၃၅၀(၁.၁۶%) | ၄۶၂၅(۶.၃၂%) | ၅၀၅၀(၈.၁၉%) | ၅၄၅၀(၇.၉၂%) |
| ၂ | ကုလားပဲ | ၃၀၀၀ | ၃၁၀၀(၃.၃၃%) | ၃၁۷၅(၂.۶၂%) | ၃၅۷၅(၁.۶၂%) | ၄၀၀၀(၁۶.၂۶%) | ၄۶၀၀(၁၀.၀၀%) |
| ၃ | ပဲတီစိမ်း | ၄۶၀၀ | ۶၅၀၀(၂.၂۷%) | ۶۶၀၀(၂.၂၂%) | ۶၈၅၀(۷.۶၃%) | ၅၂၂۷(۷.۷၃%) | ၅၅۷۷(۶.۷၀%) |
| ၄ | မတ်ပဲ | ۶۶၀၀ | ۶۷၀၀(၀.၀၀%) | ۶۶۷၀(၁.၁۶%) | ۶۶۷۷(۶.၃၂%) | ၅၀၀၀(၈.၁၁%) | ၅۶၀၀(၈.၀၀%) |
| ၅ | ပဲရာဇာ | ၂۶၀၀ | ၂۶۷၀(၁.۷၂%) | ၃၀۷۷(۶.၂۶%) | ၃۶၀၀(၁၀.۷۷%) | ၃۶۷၀(၁۶.၁၈%) | ၄၂۷၀(۷.۷۶%) |

Sources: Commission for Agricultural Costs and Prices (CACP)

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံ တစ်တန် ပျမ်းမျှပြည်တွင်းဈေးနှုန်းများ**

ကျပ်/တန်

| စဉ် | လအမည် | ပဲစင်းငုံ | | | | |
|---|---|---|---|---|---|---|
| | | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁۶ | ၁۶-၁۷ | ၁۷-၁၈ |
| ၁ | ဧပြီလ | ۶۶۷၀၀၀ | ۶၃၄၀၀၀ | ၉၈၀၀၀၀ | ၁၄၅၅၀၀၀ | ၇၄၀၀၀၀ |
| ၂ | မေလ | ۶۷၀၀၀၀ | ۶၃၀၀၀၀ | ၁၁၄၀၀၀၀ | ၁၅၃၀၀၀၀ | ۶၅၅၀၀၀ |
| ၃ | ဇွန်လ | ۶၁၄၀၀၀ | ۶၀၈၀၀၀ | ၁၃၀၀၀၀၀ | ၁၄၇၈၀၀၀ | ۶၂၉၀၀၀ |
| ၄ | ဇူလိုင်လ | ၅၅၂၀၀၀ | ۶၂۷၅၀၅ | ၁၂۷၀၀၀၀ | ၁၅၂၃၀၀၀ | ۶၁၉၅၀၀ |
| ၅ | သြဂုတ်လ | ၅۶۶၀၀၀ | ۷၀၀၀၀၀ | ၁၄၀၀၀၀၀ | ၁၃၁၀၀၀၀ | ၅၉၉၀၀၀ |
| ۶ | စက်တင်ဘာလ | ၅၄၂၀၀၀ | ۷၃၃၀၀၀ | ၁۶၀၀၀၀၀ | ၁၀၈၁၀၀၀ | ၄۶၅၅၀၀ |
| ۷ | အောက်တိုဘာ | ၅၉၅၀၀၀ | ۷၁၀၀၀၀ | ၁۶၀၀၀၀၀ | ၁၁၂၄၀၀၀ | ၄၀၂၀၀၀ |
| ၈ | နိုဝင်ဘာလ | ၅၄၀၀၀၀ | ၈၀၅၀၀၀ | ၁۶၀၀၀၀၀ | ၉၃၀၀၀၀ | ၃၂၈၀၀၀ |
| ၉ | ဒီဇင်ဘာလ | ၅၂၀၀၀၀ | ۷၁၈၀၀၀ | ၁۶၁၅၀၀၀ | ၈۶၀၀၀၀ | ၃၃၀၅၀၀ |
| ၁၀ | ဇန်နဝါရီလ | ၅၈၃၀၀၀ | ۷၈۷၀၀၀ | ၁၄၃၅၀၀၀ | ۷၉၈၀၀၀ | ၃၉၀၀၀၀ |
| ၁၁ | ဖေဖော်ဝါရီလ | ၅၈၄၀၀၀ | ၈၂၂၀၀၀ | ၁၃၃۶၀၀၀ | ۷۷၈၀၀၀ | ၄၃၀၀၀၀ |
| ၁၂ | မတ် | ۶၀၃၀၀၀ | ၉၁၄၀၀၀ | ၁၂၁၅၀၀၀ | ۷၅၁၀၀၀ | ၃၈၅၀၀၀ |

# ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်ဖွဲ့စည်း

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (Myanmar Journalists Association) ရန်ကုန်တိုင်းဒေသကြီး၏ တတိယအကြိမ် သက်တမ်းကာလအတွက် ညီလာခံနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်လပထမပတ်က တာမွေမြို့နယ်ရှိ ကျောက်တန်းမြို့နယ်အသင်းခန်းမ၌ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၏ အလုပ်အမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး၏ အလုပ်အမှုဆောင်အဖွဲ့အသစ်တွင် နာယက ဦးကျော်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်)(အင်းစိန်)၊ ဥက္ကဋ္ဌ ဦးခင်မောင်မြင့် (မင်္ဂလာတောင်ညွန့်)၊ ဒုတိယဥက္ကဋ္ဌ ဦးသက်တင်(အင်းစိန်)၊ အတွင်းရေးမှူး ဦးဌေးကြိုင် (မင်္ဂလာဒုံ)၊ အတွင်းရေးမှူး (၁) ဦးမျိုးမြင့်ဆွေ(ဒဂုံ-အရှေ့)၊ အတွင်းရေးမှူး (၂) ဦးဘုန်းမြင့် (သန်လျင်)၊ စည်းရုံးရေးမှူး ဦးတင်ဝင်းလေး(ကြည့်မြင်တိုင်)၊ တွဲဖက်စည်းရုံးရေးမှူး ဒေါက်တာ ရဲလင်းအောင် (ဒဂုံ-ဆိပ်ကမ်း)၊ ပြန်ကြားရေးမှူး ဦးခင်မောင်သော်(ကမာရွတ်)၊ တွဲဖက်ပြန်ကြားရေးမှူး ဦးရွှေမန်း (အင်းစိန်)၊ ဘဏ္ဍာရေးမှူး ဦးကြူ (ဗဟန်း)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးထွန်းရင် (ကျောက်တန်း)၊ စာရင်းစစ် ဦးမောင်မောင် (အလုံ)၊ တွဲဖက်စာရင်းစစ် ဦးသိန်းလွင် (လှည်းကူး)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် (ရုံးအဖွဲ့မှူး) ဦးအောင်မော် (ဒဂုံမြောက်) တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အမှုဆောင်အဖွဲ့သစ်သည် ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး သတင်းစာဆရာအသင်းများ ဖွဲ့စည်းဖြစ်ပေါ်ရေး၊ အသင်းဝင်များကို သတင်းမီဒီယာရက်တိုသင်တန်းများ ဖွင့်လှစ်ရေး၊ သတင်းမီဒီယာ လုပ်ငန်းလုပ်ကိုင်နေကြသော သတင်းသမားအားလုံး အသင်းဝင်ဖြစ်ပေါ်စေရေး၊ အသင်းဝင်တစ်ဦးချင်း၏ကျင့်ဝတ်နှင့် စည်းကမ်းများ လိုက်နာစေရေးအတွက် တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်ရေးနှင့် ပြည်သူများကြား သတင်းသမား ခရီးသွားအစီအစဉ်ကို အသင်းဝင်များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော်ရေးတို့ကို ချမှတ်ထားကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ဖားဆောင်းမြို့နယ်တွင် စီးပွားဖြစ်ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ဖားဆောင်း ဇူလိုင် ၃၀**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်တွင် သစ်တောဦးစီးဌာနမှ စီးပွားဖြစ် ကျွန်းပင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ကယားပြည်နယ် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဥက္ကဋ္ဌ ဖြစ်သည့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတီရယ်နှင့် MRRP အဖွဲ့ဝင်များက ဇူလိုင် ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာတွင် ၂၀၁၈ ခုနှစ် စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းတွင် စိုက်ပျိုးသည့် ဧက ၃၀၊ စီးပွားရေးကျွန်းစိုက်ခင်း ၂၅ ဧကတို့တွင် စိုက်ပျိုးပြီးစီးမှု၊ ပထမအကြိမ် စုပေါင်းရှင်းလင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ တို့ ရှင်သန်ကြီးထွားမှုအခြေအနေများကို မြို့နယ်သစ်တောဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးမြင့်ဆွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးဇော်ထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုး၊ ခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုင်းကြီး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်၊ မြိတ်မြို့နယ် သစ်တောဦးစီးမှူး ဦးကျော်ကျော်ဆင့်နှင့် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ပြီး ဝန်ကြီးက လိုအပ်သည်များ အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်တွင် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးသင့်သည့်သီးနှံများ ဆန်းစစ်လေ့လာ

**နေပြည်တော် ဇူလိုင် ၃၀**

ချင်းပြည်နယ်အတွင်း ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးသင့်သည့် သီးနှံများ ဆန်းစစ်လေ့လာ ဖော်ထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုး ပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ဦးဆောင်သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့မှ သီးနှံအလိုက်ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့သည် ဇူလိုင်လတတိယပတ်မှစ၍ မင်းတပ်၊ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်မြို့စသည့် ချင်းပြည်နယ်ရှိ မြို့နယ်၊ ကျေးရွာများသို့ သွားရောက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စီးပွားဖြစ်စိုက်ပျိုးသင့်သည့် သီးနှံများ လေ့လာဆန်းစစ်ဖော်ထုတ်ရေး ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ချင်းပြည်နယ်တွင် အသားတင် စိုက်ပျိုးမြေ ၁၇၂၉၃၇ ဧက ရှိနေပြီး ဖော်ထုတ်စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ၂၃၇၈၆၄၉ ဧက ရှိနေရာ ဝဥ၊ ကော်ဖီ၊ ထောပတ်၊ စပျစ်၊ မျောက်ငုံ၊ လက်ဖက်၊ လိမ္မော်နှင့် ပိုးစာသီးနှံများသည် ရေမြေဒေသနှင့် ကိုက်ညီပြီး တိုးချဲ့စိုက်ပျိုးရန် အထူးသင့်တော်သော သီးနှံများ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ချင်းပြည်နယ်သည် မြေဆီမြေဩဇာ ကောင်းမွန်သဖြင့် ကော်ဖီသီးနှံအပါအဝင် စျေးကွက်ဝင်သီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်သည့် အလားအလာကောင်းသော ဒေသတစ်ခုဖြစ်ရာ တောင်သူများ စိတ်ဝင်စားမှုရှိသော သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးနှင့် နည်းပညာလိုအပ်ချက်များ ကူညီဆောင်ရွက်ပေးခြင်းဖြင့် စျေးကွက်သို့ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာ တင်ပို့ရောင်းချနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# အရင်းမပျောက် လည်ပတ်ရန်ပုံငွေလွှဲအပ်

**သာယာဝတီ ဇူလိုင် ၃၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သာယာဝတီမြို့နယ်၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာယူနစ်သုံးယူနစ်အား ရန်ပုံငွေလွှဲအပ်ခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်းများ သင်တန်းပို့ချခြင်းအခမ်းအနားကို ဇူလိုင်လတတိယပတ်က သာယာဝတီခရိုင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုအုပ်ချုပ်ရေးမှူး ဦးအားလွန်၊ မြို့နယ် မြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြစိမ်းရောင်ကျေးရွာကော်မတီများ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက ကျေးရွာကော်မတီများထံ ရန်ပုံငွေများလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ဟိုပန်ဌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းသင်တန်း ကျေးရွာ ၁၀ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်

**သီပေါ ဇူလိုင် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ယခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းသင်တန်းကို ဟိုပန်မြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အကောင်အထည်ဖော်သည့် ကျေးရွာ ၁၀ ရွာမှ စေတနာ့ဝန်ထမ်း ၂၀၊ အုပ်ချုပ်ရေးမှူး ခုနစ်ဦး၊ ရပ်ကွက် ကျေးရွာ စာရေးဝန်ထမ်း ခုနစ်ဦးနှင့် ရာအိမ်မှူး ၁၀ ဦးတို့အား ကျေးလက်ဒေသဌာနရုံးတွင် ဇူလိုင် ၂၈ ရက်က ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ စီမံကိန်းသင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေဘေးပညာပေး

## ရေကြီးခြင်းမဖြစ်ပေါ်မီ ဆောင်ရွက်ရန်

- မိုးလေဝသ သတင်းကို ဂရုပြုနားထောင်ပါ။
- လုံခြုံစိတ်ချရမည့်နေရာ ကုန်းမြေမြင့်များကို ကြိုတင်ရှာဖွေထားပါ။
- လုံခြုံစိတ်ချရမည့်နေရာသို့ ပြေးလမ်းကြောင်း ရွေးချယ်ထားပါ။
- သွားလာရေးအတွက် လေ့၊ ပဲ့ထောင် မော်တော် ကြိုတင်စီစဉ်ပါ။
- ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ။

- အဖိုးတန် ပစ္စည်းများနှင့် အရေးကြီးစာရွက် စာတမ်းများကို ပလတ်စတစ်ဖြင့် ထုပ်ပိုး၍ မြေကြီး အောက်နက်သော နေရာတွင် မြှုပ်နှံထားပါ။

## ရေကြီးခြင်းသတိပေးချက်ရရှိပါက ဆောင်ရွက်ရန်

- တာရှည်ခံအစားအစာ၊ ဆေးဝါး၊ သောက်ရေ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်၊ မိုးကာစများနှင့်အတူ လုံခြုံစိတ်ချရသော နေရာသို့ ရွှေ့ပြောင်းပါ။
- ကလေးငယ်များ ရေစီးတွင် မျောပါမည်စိုးရိမ်၍ ကြိုးဖြင့် ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုး ရှောင်ရှားပါ။
- သစ်တုံး၊ ဝါးဖောင်ငယ်၊ ငှက်ပျောတုံး၊ ကားတာယာကျွတ်၊ ရေသန့် ဘူးကြီးများ မိမိတို့နှင့် အတူ ဆောင်ထားပါ။

## ရေကြီးနေချိန်တွင် ဆောင်ရွက်ရန်

- ရေလွှမ်းမိုးသော နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ကြဉ်ရန်။
- လျှပ်စစ်မီးကြိုး/တိုင်များနှင့် ဝေးရာတွင် နေထိုင်ရန်။
- ကလေးငယ်များအား ရေထဲတွင် ကစားခြင်း၊ ရေကူးခြင်း မပြုလုပ်ပါစေနှင့်။
- မြွေအန္တရာယ် သတိပြုပါ။

## ရေကြီးပြီးနောက် ဆောင်ရွက်ရန်

- တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်း ကြေညာမှ အိမ်သို့ပြန်ပါ။
- ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေချာစွာ စစ်ဆေးပြီးမှ သုံးစွဲပါ။

- ရေကြီးထားသော ကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့် အတွက် သတိပြုရန်။
- ရေကို ကျိုချက်သောက်ပါ။

# ဘုရားသုံးဆူ၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်

**ဘုရားသုံးဆူ ဇူလိုင် ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ် ၂ ရပ်ကွက်ရှိ ရွှေဥဒေါင်းကန်အတွင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းမှ ကာကွယ်နိုင်ရန်အတွက် ရွှေဥဒေါင်းကန်ရှေ့ ရတနာသိမ်ံလမ်းဘက်ခြမ်းရှိ တာပေါင်အရှည်ပေ ၂၀၀ ခန့်ကို သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်း၊ ရေကန်ပတ်ဝန်းကျင်နှင့် ကန်အတွင်းရှိ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းတို့ကို ဇူလိုင် ၂၈ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တာပေါင်မြှင့်တင်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းမှ ဒုတိယတပ်ရင်းမှူးနှင့် အရာရှိ စစ်သည်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေဥဒေါင်းကန် ပတ်ဝန်းကျင်ရှိ ပြည်သူများ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘုရားသုံးဆူ (ပြန်/ဆက်)**

# လျှပ်စစ်မီးလေးလင်းချင်တယ် အပိုင်း (၁)

**မျိုးချစ်ခင်**

ယနေ့ ၂၁ ရာစုတွင် သိပ္ပံနည်းပညာများ တစ်ဟုန်ထိုး တိုးတက်လာခဲ့ရာ ထိုနည်းပညာရပ်များဖြင့် ထုတ်လုပ်ထားသောပစ္စည်းများကို ဝယ်ယူသုံးစွဲနေကြသည့် လူသားများသည် နိုင်ငံပေါင်းစုံ၊ ကုမ္ဗဏီပေါင်းစုံက ထုတ်လုပ်သော ပစ္စည်းမျိုးစုံကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူသုံးစွဲကြရာတွင် လည်းကောင်း၊ သိပ္ပံပညာရှင်များအနေဖြင့် အဆိုပါပစ္စည်းများ ထုတ်လုပ်ရန် စမ်းသပ်တီထွင်ရာတွင်လည်းကောင်း၊ စက်ရုံအလုပ်ရုံများမှ အဆိုပါပစ္စည်းများထုတ်လုပ်ရာတွင် လည်းကောင်း၊ စစ်ရေး စစ်ရာကိစ္စလက်နက်ဆန်းများ အဆင့်ဆင့်တီထွင်ထုတ်လုပ်ခြင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ အနေဖြင့် စစ်ရေးအတွက်နှင့် ကမ္ဘာ့မိုးလေဝသအခြေအနေများကို သိရှိလေ့လာနိုင်ရန်အတွက် အာကာသပေါ်သို့ ဒုံးပျံကြိုတ်တု၊ အာကာသစခန်းယာဉ် စသည်များ လွှတ်တင်နိုင်ရေးအတွက် အဆိုပါယာဉ်အမျိုးမျိုးကို တီထွင်ထုတ်လုပ်ရာတွင်လည်းကောင်း၊ လူတို့တွင်ဖြစ်ပွားသော ရောဂါများကို ကာကွယ်ကုသသောဆေးဝါးများ စမ်းသပ်ဖော်ထုတ်ရာတွင် လည်းကောင်း၊ ရောဂါလက္ခဏာများ စမ်းသပ်စစ်ဆေးသည့် စက်ပစ္စည်းကိရိယာများ တီထွင်ထုတ်လုပ်ရာတွင်လည်းကောင်း မရှိမဖြစ်လိုအပ်သည့် အရာမှာ လျှပ်စစ်ဓာတ်အားပင် ဖြစ်ပေသည်။

ယနေ့ကမ္ဘာတွင် လူသားတို့၏ စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဒီဇယ်ဓာတ်အားပေးစက်များ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ၊ နျူကလီးယားဓာတ်ပေါင်းဖိုများ စသည့်အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများဖြင့် လည်းကောင်း၊ ရေအားသုံးဓာတ်အားပေးစက်ရုံများ၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြု၍လည်းကောင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို ဒီဇယ်ဓာတ်အားပေးစက်ရုံများ၊ ရေအားသုံးဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့အားသုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများဖြင့် ထုတ်လုပ်လျက်ရှိပြီး ယခုအခါတွင် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် Solor Power Plant များ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်ထိ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးသော ရေအားလျှပ်စစ်စက်ရုံ ၂၇ ရုံရှိ၍ စက်တပ်ဆင်အင်အား 3221 MW ရှိပြီး ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စက်ရုံ ရှစ်ရုံရှိ၍ စက်တပ်ဆင်အင်အား 1737.60 MW ထပ်တိုးရရှိနိုင်မည် ဖြစ်ပါသည်။ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများအနက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၉ ရုံရှိ၍ စက်တပ်ဆင်အင်အား 2142 MW ရှိပြီး ဆောင်ရွက်ဆဲ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ သုံးရုံရှိ၍ စက်တပ်ဆင်အင်အား 449.9 MW ရှိပြီး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ စက်တပ်ဆင်အင်အား 120 MW ရှိပါသည်။ ဆောင်ရွက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ သုံးရုံရှိပြီး စက်တပ်ဆင်အင်အား 470 MW ရရှိနိုင်မည် ဖြစ်ပါသည်။ စုစုပေါင်းအနေဖြင့် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါင်း ၄၇ ရုံရှိ၍ စက်တပ်ဆင်အင်အားမှာ 5483.7 MW ရှိပြီး လက်ရှိဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါင်းမှာ ၁၄ ရုံရှိ၍ စက်တပ်ဆင်အင်အားမှာ 2657.50 MW ရှိပါသည်။

မြန်မာနိုင်ငံတွင် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ပို့လွှတ်ရန်အတွက် ယခုလက်ရှိအချိန်တွင် 230 kV၊ 132 kV၊ 66 kV ဗို့အားရှိ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်အသုံးပြုနေသလို 500 kV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယခုလက်ရှိတည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနေသော ဓာတ်အားလိုင်းများနှင့် လိုင်းမိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဓာတ်အားလိုင်း | အရေအတွက် | လိုင်းအရှည် (မိုင်) |
|---|---|---|---|
| ၁။ | ၂၃၀ ကေဗွီ ဓာတ်အားလိုင်း | ၆၃ လိုင်း | ၂၈၄၆.၉၆ |
| ၂။ | ၁၃၂ ကေဗွီ ဓာတ်အားလိုင်း | ၄၂ လိုင်း | ၁၃၆၇.၇၇ |
| ၃။ | ၆၆ ကေဗွီ ဓာတ်အားလိုင်း | ၂၁၆ လိုင်း | ၄၀၆၄.၇၇ |
| | **စုစုပေါင်း** | **၃၂၁ လိုင်း** | **၈၂၇၉.၅** |

ယခုလက်ရှိတည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနေသော ဓာတ်အားခွဲရုံများနှင့် တပ်ဆင်အင်အားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ဓာတ်အားခွဲရုံ | အရေအတွက် | တပ်ဆင်အင်အား(အမ်ဗီအေ) |
|---|---|---|---|
| ၁။ | ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ | ၂၈ ရုံ | ၅၃၉၅.၀၀ |
| ၂။ | ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ | ၂၄ ရုံ | ၁၇၂၅.၀၀ |
| ၃။ | ၆၆ ကေဗွီ ဓာတ်အားခွဲရုံ | ၂၄၆ ရုံ | ၄၂၉၄.၂၅ |
| | **စုစုပေါင်း** | **၂၉၈ ရုံ** | **၁၁၄၁၄.၂၅** |

ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သောလျှပ်စစ်ဓာတ်အားများကို 230 kV၊ 132 kV၊ 66 kV၊ 33kV ဓာတ်အားလိုင်းများဖြင့် မြို့ကြီးများအနီးတွင် တည်ဆောက်ထားသော 230 kV၊ 132 kV ပင်မဓာတ်အားခွဲရုံများသို့ ပို့လွှတ်ပြီးနောက် အဆိုပါဓာတ်အားခွဲရုံများမှတစ်ဆင့် ပြည်သူများသုံးစွဲရန် ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများ ဆက်လက်တည်ဆောက်၍ မြို့ငယ်များတွင် တည်ဆောက်ထားသော 66 kV၊ 33 kV ဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်ကာ အဆိုပါဓာတ်အားခွဲရုံများမှတစ်ဆင့် မြို့တွင်းနှင့် ရပ်ကွက်၊ ကျေးရွာများသို့ ဆက်လက် ဓာတ်အားဖြန့်ဖြူးပေးပါသည်။

မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားလိုင်းအမျိုးအစားများမှာ 33 kV၊ 11 kV၊ 6.6 kV နှင့် 0.4 kV တို့ဖြစ်ကြပြီး လိုင်းမိုင်အရှည်နှင့် တပ်ဆင်အင်အားများမှာ အောက်ပါအတိုင်းဖြစ်ပြီး မြန်မာပြည်သူများ၏ အိမ်အရောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါသည်-

| စဉ် | အကြောင်းအရာ | လိုင်းအရှည်(မိုင်) | တပ်ဆင်အင်အား(အမ်ဗီအေ) |
|---|---|---|---|
| ၁။ | ၃၃ ကေဗွီ | ၆၅၉၈.၀၀ | ၆၈၃၄.၀၀ |
| ၂။ | ၁၁ ကေဗွီ | ၁၆၆၀၄.၂၃ | ၉၁၈၅.၃၆ |
| ၃။ | ၆.၆ ကေဗွီ | ၈၂၈.၅၂ | ၁၇၇၁.၉၅ |
| ၄။ | ၀.၄ ကေဗွီ | ၁၉၇၅၆.၄၀ | - |
| | **စုစုပေါင်း** | **၄၃၇၈၇.၁၅** | **၁၇၇၉၁.၃၁** |

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် မြို့ပေါင်း ၄၈၂ မြို့ရှိရာ လျှပ်စစ်မီးရရှိပြီးသည့် မြို့အရေအတွက်မှာ ၄၈၂ မြို့ဖြစ်ပြီး ဓာတ်အားစနစ်မှ ၃၅၀၊ အခြားနည်းဖြင့် မီးလင်းပြီးမြို့ ၁၃၂ မြို့ရှိ၍ ကျေးရွာပေါင်း ၆၃၇,၂၉ ရွာရှိရာတွင် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးကျေးရွာ ၁၀၄၈၆ ရွာ၊ အခြားနည်းဖြင့် မီးလင်းပြီး ရွာ ၂၀၇၀၈ ရွာ၊ စုစုပေါင်း ၃၁၁၉၄ ရွာ မီးလင်းပြီး မီးလင်းရန် ၃,၅၅၃ ရွာ ကျန်ရှိနေပါသည်။ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေမှာ ၄၀ ဒသမ ၉ ရာခိုင်နှုန်းခန့်သာ ရှိပါသေးသည်။

သို့ဖြစ်ပါ၍ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုတည်ဆောက်ဆဲ 500 kV ဓာတ်အားလိုင်း တစ်လိုင်း ၁၄၆ မိုင်၊ 230kV ဓာတ်အားလိုင်း ခြောက်လိုင်း၊ မိုင်ပေါင်း ၆၁၅ ဒသမ ၄၇ မိုင်နှင့် 230 kV ဓာတ်အားခွဲရုံ ခုနစ်ရုံ၊ တပ်ဆင်အင်အား 1875 MVA နှင့် 66 kV ဓာတ်အားလိုင်း ၁၆ လိုင်း၊ မိုင်ပေါင်း ၄၈၄ ဒသမ ၈၅ မိုင်နှင့် 66 kV ဓာတ်အားခွဲရုံ ၁၉ ရုံ၊ တပ်ဆင်အင်အား 130 MVA ရှိပြီး တချို့သော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများမှာ မကြာမီ တည်ဆောက်ပြီးစီးတော့မည် ဖြစ်ပြီး ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်တော့မည် ဖြစ်ပါသည်။

ထို့အပြင် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် မကြာသေးမီက ပြည်တွင်း ပြည်ပ ပုဂ္ဂလိကကုမ္ဗဏီ လေးခုဖြင့် NTP လက်မှတ်ထိုးသဘောတူညီပြီးဖြစ်သည့် စီမံကိန်း လေးခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ 500 kV ဓာတ်အားလိုင်း သုံးလိုင်း ၄၃၅ ဒသမ ၆ မိုင်နှင့် 230 kV Double Circuit ဓာတ်အားလိုင်း နှစ်လိုင်း ၉၄ မိုင်အား တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီး၊ LNG နှင့် သဘာဝဓာတ်အားပေးစက်ရုံ လေးရုံ၊ စုစုပေါင်း 3111 MW တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

ထို့မျှသာမက နိုင်ငံတကာချေးငွေများဖြစ်သော JICA ODA Loan၊ EXIM Bank of Korea Loan၊ အာရှဖွံ့ဖြိုးရေးဘဏ် ADB Loan ချေးငွေများဖြင့် 500 kV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၊ 230 kV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိရာ မကြာမီ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံတော် ဓာတ်အားစနစ် ပိုမိုတောင့်တင်းခိုင်မာလာပြီး ပြည်သူများအား လျှပ်စစ်မီးပိုမိုဖြန့်ဖြူးပေးလာနိုင်တော့မည်ဖြစ်သည်။

ပြည်သူများအား လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းများဖြစ်သော 500 kV၊ 230 kV၊ 66 kV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၊ တိုးချဲ့တည်ဆောက်လျက်ရှိရာ အချို့သောမဟာဓာတ်အားလိုင်းကြီးများသည် ကျေးရွာများအနီးမှ ဖြတ်သန်းသွားရာ အဆိုပါဓာတ်အားလိုင်းများ ဖြတ်သန်းသွားရာတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်အား မရရှိသေးသော ကျေးရွာများမှာ ထိုဓာတ်အားလိုင်းများမှတစ်ဆင့် လျှပ်စစ်မီး အလွယ်တကူရရှိနိုင်မည်ဟု ထင်မြင်ယူဆကြလေသည်။

လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်သည့် စက်ရုံများမှ 500 kV၊ 230 kV၊ 132 kV စသည့် မဟာဓာတ်အားလိုင်းများ တည်ဆောက်ကြရပြီး မြို့ကြီးများအနီးတွင် တည်ဆောက်ထားသည့် 500 kV၊ 230 kV၊ 132 kV ပင်မဓာတ်အားခွဲရုံများသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပြီး အဆိုပါဓာတ်အားခွဲရုံကြီးများတွင် တပ်ဆင်ထားသည့် ထရန်စဖော်မာကြီးများမှတစ်ဆင့် နီးစပ်ရာမြို့များသို့ 66 kV လိုင်း (သို့မဟုတ်) 33 kV လိုင်းများဖြင့် ဆက်လက်ဓာတ်အားဖြန့်ဖြူးကြပါသည်။ ထို့နောက် အဆိုပါမြို့များတွင် 66/11 kV (သို့မဟုတ်) 33/11kV ဓာတ်အားခွဲရုံများ ထပ်မံတည်ဆောက်ပြီး မြို့တွင်းနှင့် နီးစပ်ရာကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးနိုင်ရန် 11 kV ဓာတ်အားလိုင်းများ ဆက်လက်တည်ဆောက်ပြီးနောက် မြို့တွင်းရှိ ရပ်ကွက်များ (သို့မဟုတ်) ကျေးရွာများတွင် 11/0.4 kV ထရန်စဖော်မာများနှင့် 400 V ဓာတ်အားလိုင်းများ ဆက်လက်တည်ဆောက်ပြီးမှ ပြည်သူများနေထိုင်ရာ အိမ်များအနီးသို့ လျှပ်စစ်မီးရောက်ရှိလေတော့သည်။




သို့ရာတွင် ထိုသို့ပြည်သူများ ခလုတ်ကလေးနှိပ်ပြီး လျှပ်စစ်မီးသုံးစွဲရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ လုပ်ရသည်မှာ ငွေအရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံရသောလုပ်ငန်းဖြစ်၍ လွယ်ကူလုသည် မဟုတ်သော်လည်း လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာရေး၊ ပြင်ပချေးငွေ အကူအညီများဖြင့် ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံကြီးများ တိုးချဲ့တည်ဆောက်လျက်ရှိပြီး၊ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးပိုမိုသုံးစွဲခွင့် ရရှိလာရန်အတွက် နိုင်ငံတော်ဘဏ္ဍာရေး၊ ကမ္ဘာ့ဘဏ် (World Bank) ချေးငွေ အကူအညီဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများ (NEP) ကို ရေတိုရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**"မြန်မာနိုင်ငံတွင် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ပို့လွှတ်ရန်အတွက် ယခုလက်ရှိအချိန်တွင် 230 kV၊ 132 kV၊ 66 kV ဗို့အားရှိ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်အသုံးပြုနေသလို 500 kV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ"**

# မိုးသည်းထန်မှုကြောင့် ရေကြီး၊ မြေပြိုမှု သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၃၀**

တနိုင်း၊မြိန်ယ် တနိုင်း-ရှင်ဘွေယန်-နန်းယွန်း တောင်ကမ်းပါးယံ လမ်းပိုင်း မိုင်တိုင်(၁၆၆/၃)၌ ဇူလိုင် ၂၉ ရက်က မိုးရွာသွန်းပြီး တောင်ကျချောင်းရေ တိုက်စားမှုကြောင့် အရှည် ပေ ၈၀၊ အကျယ် ပေ ၅၀ ၊ အနက် ပေ ၃၀ ခန့် ပြိုကျ ပျက်စီးခဲ့ကြောင်း၊ မိုးညှင်းမြိုနယ် နမ့်မွန်း-အုန်းစံဆိုင်-ဘီလူး မြေသားလမ်း တစ်ပေခန့် နိမ့်ကျပျက်စီးခဲ့ရာ မော်တော်ယာဉ်များသွားလာ၍မရဘဲ ဆိုင်ကယ်များသာ သွားလာနိုင်ခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကြာအင်းဆိပ်ကြီးမြိုနယ် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူကားလမ်း ကီလိုမီတာ ၅၀ နှင့် ၅၁ ကြား၌ တောင်နံရံမြေပြိုကျခဲ့၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း၊ ဂျိုင်းမြစ်ရေ မြင့်တက်မှုကြောင့် ကော့ကရိတ်မြိုနယ် ဘုရားကြီးကျေးရွာအတွင်း ရေ ရှစ်ပေခန့် ဝင်ရောက်ခဲ့ရာ အိမ်ထောင်စု ၃၁ စုသည် ယင်းကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

**လှိုင်းဘွဲ့မြိုနယ်**

ဟောင်သရော မြစ်ရေမြင့်တက်မှုကြောင့် ကျုံဒိုးမြို့အမှတ်(၂/၃/၄) ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၃၄ စုသည် ဓမ္မာရုံနှင့် စာသင်ကျောင်းများသို့ ယာယီရွှေ့ပြောင်းခဲ့ကြောင်း၊ သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် လှိုင်းဘွဲ့မြိုနယ် ရွှေဝွန်းကျေးရွာပါ ကျေးရွာ/ရပ်ကွက် ရှစ်ခုအတွင်းသို့ ရေ သုံးပေမှ ခြောက်ပေထိ ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၁၄၉ စုသည် ဘုန်းကြီးကျောင်းနှင့် ၎င်းတို့၏ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဘားအံမြိုနယ် ခရဲကမ်းနားကျေးရွာပါ ငါးရွာရှိ အိမ်ထောင်စု ၂၄၆ စုသည် ပဲခွယ်ကုန်းကွက်သစ်၌ ယာယီကယ်ဆယ်ရေးစခန်း(တန် ၄၀၀၀ မိုင်းရှင်းကွင်း)ရှိ စားဖိုဆောင်နှင့် ၎င်းတို့ကျေးရွာများရှိ ဓမ္မာရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၉ ရက်က မိုးရွာသွန်းမှုကြောင့် ကျောက်ကြီးမြိုနယ် ဝက်လာတောကျေးရွာပါ ကျေးရွာ/ ရပ်ကွက် လေးခုအတွင်း စစ်တောင်းမြစ်ရေ တစ်ပေမှ ရှစ်ပေအထိ ဝင်ရောက်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၁၁၀ သည် ရွှေမင်းဝံ ဓမ္မရိပ်သာနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီရွှေ့ပြောင်း နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၉ ရက် က ပဲခူးမြိုနယ် တာဝဘူတာနှင့် ဘုရားသုံးဆူကြားမိုင်တိုင်(၄၀/၅-၄၁/၂၀)ကြားတို့၌ ရထားသံလမ်းပေါ် ရှစ်လက်မခန့် ရေကျော်နေသဖြင့် မန္တလေး-ရန်ကုန် ရထားခရီးစဉ် သုံးခုကို ယာယီဖျက်သိမ်းထားကြောင်း။

**ဝေါ်မြိုနယ်**

ထို့အတူ နံနက် ၈ နာရီတွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ဝေါ်မြိုနယ် ဆင်ရွာကျေးရွာပါ သုံးရွာအတွင်း ရေ ၁၀ ပေခန့် ဝင်ရောက်ခဲ့ရာ အိမ်ထောင်စု ၁၂၈ စုသည် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ အေးချမ်းသာယာရပ်ကွက်ပါ ကျေးရွာ/ရပ်ကွက် လေးခုအတွင်း ရေ နှစ်ပေမှ ခြောက်ပေခန့်အထိ ဝင်ရောက်ခဲ့၍ အိမ်ထောင်စု ၅၉ စုသည် ဘုန်းကြီးကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ထန်းတပင်မြိုနယ် ကြက်လျှာစွန်းကျေးရွာအတွင်း ရေ လေးပေခန့် ဝင်ရောက်ခဲ့ရာ အိမ်ထောင်စု ၁၇ စုသည် ယင်းကျေးရွာရှိ စာသင်ကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း၊ မိုးရွာသွန်းမှုကြောင့် တောင်ငူမြိုနယ် အလယ်ကျွန်းကျေးရွာပါ ကျေးရွာ/ရပ်ကွက် ငါးခုအတွင်း စစ်တောင်းမြစ်ရေ သုံးပေမှ ငါးပေအထိ မြင့်တက်လာ၍ အိမ်ထောင်စု ၂၆၇ စုသည် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ မိုးရွာသွန်းမှုကြောင့် ညောင်လေးပင်မြိုနယ် ပုဇွန်မြောင်းကျေးရွာပါ ကျေးရွာ/ ရပ်ကွက် ၂၀ အတွင်းသို့ ရေနှစ်ပေမှ လေးပေအထိ ဝင်ရောက်ခဲ့၍ အိမ်ထောင်စု ၁၂၄၉ စုသည် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း၊ ပဲခူးမြစ်ရေ မြင့်တက်လာ၍ ကဝမြိုနယ် ကျားတက်ကျေးရွာအတွင်းသို့ ရေ နှစ်ပေမှ ငါးပေခန့် ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ခုနှစ်စုသည် ဘုန်းကြီးကျောင်းသို့ ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခွဲက မိုးရွာသွန်းမှုကြောင့် မင်းတုန်းချောင်းကမ်းပါးပြိုကျမည်ကို စိုးရိမ်သဖြင့် ကံမမြိုနယ် သမ္ဘာရာကျေးရွာရှိ မင်းတုန်းချောင်းကမ်းပါးအနီးနေထိုင်သော နေအိမ် ကိုးလုံးမှ မိသားစုဝင်များသည် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ အောင်လံမြိုနယ် ဧရယျဝတီရပ်ကွက် တောင်ပေါ်ကျောင်းတိုက်အတွင်း ဥဏှတော် ပေ ၆၀ ခန့်ရှိ စေတီတော်တောင်ဘက် ခြမ်းပြိုကျခဲ့ရာ ဖန်စိန်ဖူးတော် တစ်ခု၊ ထီးတော်၊ နှစ်လက်၊ ကလပ် တစ်ခု၊ ဌက်မြတ်နားငါးခု၊ သံကြွပ်ခေါင်းလောင်း အသေး ၁၃ လုံး၊ သံကြွပ် ခေါင်းလောင်းအကြီး တစ်လုံး၊ အရံစေတီတော် တစ်ဆူနှင့် ထီးတော်မှာ မြေခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေသားပြိုကျမှုကြောင့် ဘီးလင်းမြိုနယ် ကျောက်လုံးကြီးကျေးရွာ ကြောင်တရာဘုန်းကြီးကျောင်း၀င်းအတွင်းရှိ ဆောက်လုပ်ဆဲ ပေ (၁၀၀×၅၀) တိုက်ကျောင်းပြိုကျခဲ့ကြောင်း၊ နံနက် ၇ နာရီခွဲခန့်တွင် ဒုံးဝန်းဘူတာနှင့် နှင်းပုလဲဘူတာကြား အရှည် ပေ ၂၄၀ ခန့်ရှိ တံတားအမှတ်(၄၇)၏ တိုင်လေးတိုင်အနက် ဒုံးဝန်းဘက်ခြမ်းရှိ ဒုတိယမြောက်တိုင်မှာ ရေစီးဖြင့်မျောပါသွားကြောင်း၊ မိုးရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ကျိုက်ထိုမြို့ ကော့စ်နိုင်ရပ်ကွက်ပါ သုံးခုအတွင်းသို့ ရေမျှားဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၁၀၀ သည် ရပ်ကွက်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

ထို့အတူ ဇူလိုင် ၂၉ ရက် ညနေ ၅ နာရီတွင် မိုးရွာသွန်းမှုကြောင့် မောင်တောမြိုနယ် မောင်တော-(၃)မိုင်-အင္ဂမော်လမ်းတွင် ကွန်ကရစ်လမ်း အကျယ် ခြောက်ပေ၊ အရှည် ငါးပေခန့်၊ အနက် ခုနစ်ပေခန့်ထိ ပြိုကျခဲ့ရာ ယာဉ်ငယ်များနှင့် ဆိုင်ကယ်များသာသွားလာနိုင်ပြီး ယာဉ်ကြီးများ သွားလာနိုင်မှုမရှိကြောင်း။

**ပန်းတနော်မြိုနယ်**

ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မိုးရွာသွန်းပြီး ဧရာဝတီမြစ်ရေ မြင့်တက်၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် ပန်းတနော်မြိုနယ် မြစိမ်းကျွန်းကျေးရွာပါ သုံးရွာရှိ နေအိမ် ၆၁ လုံးကို ဖျက်သိမ်းပြီး ရွှေ့ပြောင်းခဲ့ကြောင်းနှင့် ရွှေလောင်းမြစ်ရေတိုက်စားမှု၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဝါးခယ်မမြိုနယ် ရွာမကျေးရွာ မြစ်ကမ်းပါးအနီးရှိ စာသင်ကျောင်း တစ်ကျောင်းကို ဖျက်သိမ်းပြီးရွှေ့ပြောင်းခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အကြံပြုချက်နှင့် ဒေသအလိုက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ထားမှုများ

**နေပြည်တော် ဇူလိုင် ၃၀**

ဘားအံမြိုနယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် သာပေါင်းမြိုနယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

**ဆေးဝါးများထောက်ပံ့**

ဘားအံခရိုင် ပိုင်ကျုံမြို့ ဒေါ်လန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်များက ဆန် ၂၅ အိတ်၊ ကြက်ဥ အလုံး ၅၀၀ ၊ ဆီပိသာချိန် ၈၀ ၊ အသင့်စားခေါက်ဆွဲထုပ် ဖာ ၃၀ ၊ အဝတ်အထည်စုံ ပါဝင်သည့် အထည်ထုပ် ၁၅၀ ၊ ရေသန့်ဆေးနှင့် အရေးပေါ်အသုံးပြုနိုင်သည့် ဆေးဝါးများကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

ဘားအံမြိုနယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာများဖြစ်သော နတ်ကျွန်းနှင့် ကံခရဲကျေးရွာများအတွက် နတ်ကျွန်းကျေးရွာ ဓမ္မဝိဟာရ ကျောင်းတိုက်၌ အိမ်ထောင်စု ၂၆၇ စု၊ လူဦးရေ ၁၃၆၄ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ စားဆီ၊ ရေသန့်ဆေးပြား နှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အလားတူ ကံခရဲကျေးရွာရှိ အိမ်ထောင်စု ၅၀၀၊ လူဦးရေ ၃၃၈၆ ဦးတို့အတွက် စားသောက်ကုန်နှင့် အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးထားသည်။

**လွှဲပြောင်းပေးအပ်**

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဘီးလင်းမြိုနယ်အတွင်းရှိ ရေဘေးသင့် အိမ်ထောင်စု ၂၉၀၀၊ လူဦးရေ ၁၂၃၀၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၀၇၆၆၉၀၀ ကို ဘီးလင်းမြိုနယ် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ပဲခူးမြို့ ဗုဒ္ဓအသံ သာသနာ့ဝိမာန်တော်ကြီး၌ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု လေးအုပ်စု၊ ကယ်ဆယ်ရေးစခန်း ၃၃ ခုတို့မှ လူဦးရေ ၂၇၂၄၄ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ငွေကျပ် ၁၃၆၀၄၆၄၀၀၊ ငါးသေတ္တာ ဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ဆီဘူး တန်ဖိုးငွေကျပ် ၁၂၀၃၇၁၈၀၊ တန်ဖိုးငွေကျပ် ၂၃ သိန်း တန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ရေဘေးသေဆုံးသူ နှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုး အိမ်ထောင်စု ၁၀၀၀ စုစာ တန်ဖိုးငွေကျပ် ၁၂၄၈၀၀၀ ထောက်ပံ့ပေးအပ်ထားသည်။

**သတင်းစဉ်**

# ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၁၂၂၀၀၀ ကျော် ရေဘေးသင့်

နေပြည်တော် ဇူလိုင် ၃၀

**မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၉ ရက်မှ ၃၀ ရက်အထိ ရေဘေးသင့် အိမ်ထောင်စု ၂၆၄၃၅ ကျော်၊ လူဦးရေ ၁၂၂၇၉၅ ဦးတို့သည် ခေတ္တရေဘေးတိမ်းရှောင်ခဲ့ရကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။**

ဇူလိုင် ၃၀ ရက်အထိ စာရင်းများအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများမှာ ရေမျှားပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**သထုံမြိုနယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းစဉ်။** ဓာတ်ပုံ-အောင်သက်ဦး

**ရေမျှားပြန်လည်ကျဆင်း**

ရေမျှား ပြန်လည်ကျဆင်းသွားသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အိမ်ထောင်စုလေးစု၊ လူဦးရေ ၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ အိမ်ထောင်စု ၆၉ စု၊ လူဦးရေ ၂၆၉ ဦး၊ နေပြည်တော်မှ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၇ ဦး စုစုပေါင်း အိမ်ထောင်စု ၈၇ စုနှင့် လူဦးရေ ၃၄၆ ဦးတို့သည် ရေကျသွားသည့်အတွက် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်ပြီ ဖြစ်သော်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဆက်လက်ဖွင့်လှစ်ထားဆဲဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပွားကာ ရပ်ကွက်/ကျေးရွာများအတွင်း ရေဝင်နစ်မြုပ်မှုကြောင့် ပြောင်းရွှေ့ရမှုမှာ ဇူလိုင် ၃၀ ရက်အထိ ပဲခူးတိုင်းဒေသကြီးတွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၅၇ ခု၌ ရေဝင်ပြောင်းရွှေ့ အိမ်ထောင်စု ၁၅၃၁၆ စု၊ လူဦးရေ ၇၁၈၉၈ ဦးအထိ ရေဘေးဒုက္ခများ ခံစားနေကြရကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူများအတွက် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားဆဲဖြစ်ပြီး ထောက်ပံ့ကူညီမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့ကူညီ**

ကရင်ပြည်နယ်အတွင်း ယခုလက်ရှိ အချိန်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများ ရေကြီးကာ ဇူလိုင် ၃၀ ရက်အထိ ရေဘေးကယ်ဆယ်ရေးစခန်း ၆၇ ခုတွင် အိမ်ထောင်စု ၅၃၂၁ စု၊ လူဦးရေ ၂၅၀၈၃ ဦး၊ မွန်ပြည်နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၅၁ ခုမှ အိမ်ထောင်စု ၄၂၈၉ စု၊ လူဦးရေ ၁၈၄၂ ဦး ရှိကြောင်း သိရသည်။ မွန်ပြည်နယ်တွင် နေအိမ်အချို့မှာ ရေဝင်သော်လည်း မပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၃၂၅ စု၊ လူဦးရေ ၁၅၅ ဦးရှိသည့်အတွက် ၎င်းတို့အတွက်လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် အိမ်ထောင်စု ၁၃၀၀၊ လူဦးရေ ၆၅၈၃ ဦး ရှိပြီး တစ်ဦးသေဆုံးခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုတွင် အိမ်ထောင်စု ၁၂၂ စု လူဦးရေ ၄၆၄ ဦးတို့ကယ်ဆယ်ရေးစခန်းများတွင် ဇူလိုင် ၃၀ ရက်အထိ ခိုလှုံနေရဆဲဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စုစုပေါင်း ရေဝင်မပြောင်းရွှေ့သည့် အိမ်ထောင်စု ၃၄၈၁ စုမှ လူဦးရေ ၁၆၄၁၈ ဦး၊ ရေဝင်နစ်မြုပ်မှုကြောင့် ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၂၉၁ ခုသို့ ပြောင်းရွှေ့ရသည့် အိမ်ထောင်စု စုစုပေါင်း ၂၆၄၃၅ စုမှ လူဦး ၁၂၂၇၉၅ ဦးရှိကာ ရေနောက်မျောပါသွားသည့် နေအိမ်အလုံး ၃၀ ရှိကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကရင်ပြည်နယ်တွင် မြဝတီ၊ ဘားအံ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြိုနယ်များတွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် တနင်္သာရီမြို့တွင် လည်းကောင်း၊ မွန်ပြည်နယ်အတွင်း သထုံနှင့် ဘီးလင်းမြို့များတွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေတောင်၊ ကျောက်ကြီး၊ ရွှေကျင်၊ ပဲခူးနှင့် မဒေါက်မြို့များတွင် လည်းကောင်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပြီး မိုးညှိမြို့တွင် တာပေါင်များပေါ်သို့ ပြောင်းရွှေ့ထားရဆဲဖြစ်ကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီး ပုလောမြိုနယ်အတွင်းမှ ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုနှင့် မွန်ပြည်နယ် ကျိုက်ထိုမြိုနယ်မှ ရေဘေးကယ်ဆယ်ရေးစခန်းတစ်ခုတို့ကို ဇူလိုင် ၃၀ ရက်တွင် ရေမျှား ပြန်လည်ကျဆင်းသွားသည့်အတွက် ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကူညီကယ်ဆယ်**

အဆိုပါ ရေဘေးသင့် ပြည်သူများမှာ လက်ရှိအခြေအနေအရ အချို့နေရာများတွင် ရေမျှားပြန်လည်ကျဆင်းလျက်ရှိပြီး မူလနေရာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိကြောင်းနှင့် အချို့ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားထောက်ပံ့မှုများအပါအဝင် စုစုပေါင်းငွေကျပ် ၁၉၄၉၈၉၉၂၂ ကို ထောက်ပံ့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာအမျိုးသားလေကြောင်းမှ ရုံးသုံးပရိဘောဂပစ္စည်းအဟောင်း (၁၄)မျိုးနှင့် စက်ကိရိယာပစ္စည်းအဟောင်း (၁၁)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများအနေဖြင့် အမှတ်(၁၀၄)၊ ကမဓနာလမ်း၊ ရန်ကုန်မြို့ရှိ မြန်မာအမျိုးသားလေကြောင်းသို့ ၁၀-၈-၂၀၁၈ရက် နောက်ဆုံးထားပြီး အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**ဖုန်း-၀၁-၃၇၅၅၅၅၊ ၀၉-၅၀၇၀၉၃၅**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၉)၊ စည်သူတပ်ခွဲ
## ကျောင်းဆင်းအရာရှိများ တွေ့ဆုံပွဲ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၉)၊ စည်သူတပ်ခွဲ ကျောင်းဆင်းအရာရှိများ၏ (၂၄)နှစ်မြောက် တွေ့ဆုံပွဲအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ရေး လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

- **ဂေါက်ရိုက်ခြင်း** — ၄-၈-၂၀၁၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီ တပ်မတော်ဂေါက်ကွင်း(ရေပြာ) နေပြည်တော်
- **ဝါဆိုသင်္ဘန်းကပ်လှူခြင်း ဆွမ်းကပ်ခြင်း၊ ဘိုးဘွားများအား နေ့လယ်စာဖြင့်ကျွေးမွေးဧည့်ခံခြင်း ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် အလှူငွေများလှူဒါန်းခြင်း** — ၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ နေပြည်တော်
- **ညစာစားပွဲကျင်းပခြင်း** — ၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီမှ ၁၀ နာရီအထိ Mandalay Paradise Restaurant ဧရာ၀တီလမ်းမကြီး၊ ရွှေကြာပင် နေပြည်တော်

**အခမ်းအနားကျင်းပရေးအဖွဲ့၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊မြေကွက်အမှတ်-၄၈၆၊ဧရိယာ ၂၄၀၀စ/ပေမြေကွက်တည်နေရာအမှတ်-၃၁၁(က)(၅)လမ်းမြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်(ခေါ်အကျို့)အမည်ပေါက်နစ်(၆၀)မြေဌားဂရန်မြေအားအမည်ပေါက် ခေါ်အကျို့(၁၂/အစန(နိုင်)၀၃၉၉၇၃)(မိခင်)(၁၇-၂-၂၀၁၄)ရက်နေ့တွင်(ကွယ်လွန်) (ဖခင်)ဦးတောင်ကြီး(၂၈-၄-၂၀၀၀)ရက်နေ့တွင်(ကွယ်လွန်)သမြင့်သား/သမီးများ တော်စပ်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(မိခင်)(ဖခင်) သေးဆုံးမှုလက်မှတ်၊မြေဌားဂရန်မူရင်းတင်ပြပြီး ဦးအောင်မြင့်(၁၂/အစန(နိုင်)၀၃၈၃၃၈) ခေါ်ဝင်းဝင်းမာ(၁၂/အစန(နိုင်)၀၃၉၉၇၇)၊ခေါ်သီသီဝင်း(၁၂/အစန(နိုင်)၀၃၉၉၇၆)၊ ဦးဝင်းမြင့်(၁၂/အစန(နိုင်)၀၀၂၉၂၅)၊ခေါ်ဝင်းဝင်းမော်(၁၂/အစန(နိုင်)၀၀၂၉၂၆)၊ခေါ် အေးအေးဝင်း(၁၂/အစန(နိုင်)၀၀၂၉၂၇)ဦးမောင်မောင်မြင့်(၁၂/အစန(နိုင်)၁၆၉၃၂၈) ဝတ္ထု(၇)ဦးအနက်ဦးအောင်မြင့်၊ခေါ်ဝင်းဝင်းမာ၊ခေါ်သီသီဝင်း၊ဦးဝင်းမြင့်၊ခေါ်ဝင်းဝင်း မော်ဝတ္ထိထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၃၃၀/၁၈(၂၂-၅-၁၈)နှင့်ဦး မောင်မောင်မြင့် ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၉၆/၂၀၁၈(၂၃-၂-၂၀၁၈)ဖြင့်(GP)ရရှိသူခေါ်အေးအေးဝင်း(၁၂/အစန(နိုင်)၀၀၂၉၂၇)မှလင်္ကာကိုယ်တိုင်နှင့် ကိုယ်စားလှယ်ပိုင်ဆိုင်မြေပုံကူးနှင့်နှစ်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍(၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

